# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၇ ခုနှစ် ၊ နတ်တော်လပြည့်ကျော် (၅)ရက် ၊ အင်္ဂါနေ့ ၊ (9-12-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၂၂၃)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး၊
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊

**❖ ဒီမိုကရေစီပန်းတိုင်ဆီ လှမ်းကိုင်ရည်ဖို့ မဲပေးစို့။**

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ ဘိုကလေးမြို့နယ်နှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့က ဘိုကလေးမြို့နယ်နှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးစဉ်။

**နေပြည်တော်  ဒီဇင်ဘာ ၈**

တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ် (ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူ ဘိုကလေးမြို့နယ်သို့ ရောက်ရှိနေသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော တပ်မတော် နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဘိုကလေးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ အခြေပြု၍ ဒေသခံပြည်သူ ၇၃၃ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာ ဆေးကုသမှုဆိုင်ရာရောဂါ ၂၀၃ ဦး၊ ခွဲစိတ်ရောဂါ ၂၂ ဦး၊ သားဖွားမီးယပ်ရောဂါ ၂၉ ဦး၊ ကလေးရောဂါ ၁၆ ဦး၊ အရိုးရောဂါ ၂၁၅ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၅၅ ဦး၊ မျက်စိရောဂါ ၁၅၁ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၄၂ ဦး စုစုပေါင်း ဒေသခံပြည်သူ ၇၃၃ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ခုနစ်ဦး၊ မျက်စိခွဲစိတ်လူနာ လေးဦး၊ သွားနုတ်၊ သွားဖာ ၂၂ ဦး၊ ဓာတ်မှန်ရိုက်လူနာ ၂၁ ဦး၊ Ultrasound စက်ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၃၈ ဦး၊

**စာမျက်နှာ ၁၉ ကော်လံ ၁**

## နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ကာတာနိုင်ငံ၏ အမျိုးသားနေ့အထိမ်းအမှတ် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်

စာမျက်နှာ - ၁၆

## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၄၂၀၀ ခန့်ကို ဖန်တီးပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၁၄ ခုကို ခွင့်ပြု

စာမျက်နှာ - ၁၆

## ပြည်ပရောက် မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေး

စာမျက်နှာ - ၂၁






ရတနာပုံ
၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၉ ရက်
အယ်ဒီတာ့အာဘော်

# အဂတိလိုက်စားမှုတိုက်ဖျက်ရေး လူငယ်များ ပူးပေါင်းပါဝင်ပေး

မြန်မာနိုင်ငံသည် ၂၀၀၅ ခုနှစ်တွင် ကုလသမဂ္ဂအဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်းကို လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် ၁၆၅ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့သည်။ အဂတိလိုက်စားမှုတားဆီးကာကွယ်ခြင်းနှင့်တိုက်ဖျက်ခြင်းတွင် ကုလသမဂ္ဂအဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်း၏အခန်းကဏ္ဍနှင့်စပ်လျဉ်းပြီး အသိပညာမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဒီဇင်ဘာ ၉ ရက်ကို အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အဖြစ် ၂၀၀၃ ခုနှစ်တွင် စတင်သတ်မှတ်ခဲ့ပြီး ကမ္ဘာ့နိုင်ငံများတွင် အထိမ်းအမှတ်အခမ်းအနားများကို နှစ်စဉ်ကျင်းပကြသည်။

အဂတိလိုက်စားမှုသည် လူ့ဘောင်လောကကို အရုပ်ဆိုးအကျည်းတန်စေပြီး ကောင်းမွန်သည့် လူမှုစီးပွားဘဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေသည့် မကောင်းမှုဒုစရိုက်တစ်ခုပင်ဖြစ်သည်။ အဂတိလိုက်စားမှုများကြောင့် လူ့ဘောင်လောကတွင် တရားမျှတမှုပျောက်ကွယ်ပြီး နိုင်ငံတော်နှင့် အများပြည်သူကို ထိခိုက်စေသည်။ ထို့ပြင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင်ကို ပျက်စီးစေရုံသာမက တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကိုလည်း ထိခိုက်စေနိုင်သည်။

အဂတိလိုက်စားမှု၊ အဂတိတရားဟူသော အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ ရှောင်ကြဉ်ရန်တားမြစ်ချက်များသည် မြန်မာနိုင်ငံတွင် ဗုဒ္ဓတရားတော်များ၏ အဆုံးအမ၌ နှစ်ပေါင်းများစွာကတည်းက တည်ရှိနေပေသည်။ အဂတိလိုက်စားမှုဆိုသည်မှာ သာမန်အားဖြင့် လာဘ်ပေးလာဘ်ယူမှုလောက်သာ ထင်မှတ်ကြသော်လည်း လူ့ဘောင်လောကတွင် ကျယ်ပြန့်နက်ရှိုင်းသည့် မကောင်းမှုကြီးဖြစ်သည်။ ခြိမ်းခြောက်ငွေညှစ်ခြင်း၊ နိုင်ငံတော်ဘဏ္ဍာနှင့် ပစ္စည်းများကို အလွဲသုံးစားလုပ်ခြင်း၊ ပြည်သူပိုင်ပစ္စည်းငွေကြေးများကို ကိုယ်ကျိုးအတွက် မသင့်မလျော်သုံးစွဲ ခြင်း၊ မလျော်ဩဇာသုံးပြီး ကိုယ်ကျိုးအတ္တကိုရယူခြင်း စသည်များသည် အဂတိလိုက်စားခြင်းများပင်ဖြစ်သည်။

အဂတိလိုက်စားမှုကြောင့် ရာဇဝတ်မှုများကျူးလွန်ခြင်း၊ အကြမ်းဖက်တိုက်ခိုက်မှုများကို အားပေးခြင်းများဖြစ်ပေါ်လာစေသည်။ ထို့ပြင် တရားဥပဒေစိုးမိုးရေးနှင့် ဒီမိုကရေစီစနစ်ကို ထိခိုက်စေခြင်းတို့ကြောင့် ကမ္ဘာလုံးဆိုင်ရာပြဿနာကြီးတစ်ခု၊ ရောဂါဆိုးကြီးတစ်ခုဟု ဆိုနိုင်ပေသည်။ နိုင်ငံတော်အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးကြီးသည့် အဂတိလိုက်စားမှုလျော့နည်းကျဆင်းလာစေရေး၊ အဂတိကင်းစင်သည့် လူ့အဖွဲ့အစည်းတစ်ရပ်ဖြစ်စေရေးနှင့် အများပြည်သူတို့၏ အကျိုးစီးပွားကို ကာကွယ်ပေးရေးတို့အတွက် ရည်မှန်းချက်၊ ဦးတည်ချက်များချမှတ်ထားသည်။ နိုင်ငံတော်အတွက် စိတ်ရင်းစေတနာကောင်းကိုအရင်းခံပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးသည် နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် မဖြစ်မနေလုပ်ဆောင်ရမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့်လည်း "ဖြောင့်မတ်တည်ကြည်သော အနာဂတ်ကိုဖော်ဆောင်ဖို့ အဂတိတိုက်ဖျက်လူငယ်များနှင့် လက်ချင်းဆက်ကြပါစို့"ဟူသော ယခုနှစ် ဆောင်ပုဒ်နှင့်အညီ မျိုးဆက်သစ်လူငယ်များ၏တန်ဖိုးရှိသောလက်များဖြင့် အနာဂတ်ကိုလှပစွာပုံဖော်နိုင်ရေးအတွက် လူငယ်ထု၏စုပေါင်းစွမ်းအားဖြင့် အဂတိလိုက်စားမှုပပျောက်ရေး ပူးပေါင်းပါဝင်တိုက်ဖျက်ပေးကြရမည်ဖြစ်ပါကြောင်း အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ကို ဂုဏ်ပြုရေးသားလိုက်ရပေသည်။

၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန်
၁၉
ရက်
သာ လိုတော့သည်။

လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
လူကုန်ကူးခံရသူများအတွက် ညွှန်းပို့ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)

ရန်ကုန် ☎ ၀၁-၈၆၆၆၆၁၉
မန္တလေး ☎ ၀၂-၂၈၃၀၄၂၃

ရန်ကုန်လိပ်စာ
အမှတ်(၆၄)၊
ကမ္ဘာအေးဘုရားလမ်း၊
မရမ်းကုန်းမြို့နယ်။

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီလိုအပ်ပါက ဆက်သွယ်အကူအညီ တောင်းခံနိုင်ပါသည်။

မန္တလေးလိပ်စာ
ရွှေကျင်သံလမ်းအနီး၊
ဘုန်းတော်တိုးရပ်၊
အောင်မြေသာစံမြို့နယ်။

# တန့်ဆည်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၉၀၁၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ရေဦး ဒီဇင်ဘာ ၈

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် တန့်ဆည်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၉၀၁၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တန့်ဆည်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ဧက ၁၉၀၄၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၉၀၁၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ တန့်ဆည်မြို့နယ်မှာ မတ်ပဲ ဧက ၁၉၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၉၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲလျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ မတ်ပဲ စိုက်ပျိုးချိန်မှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်ရေး နည်းလမ်းတွေကို မြေပြင်ကွင်းဆင်း ဆောင်ရွက်နေပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

တန့်ဆည်မြို့နယ်တွင် မတ်ပဲ စိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့် ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေး တို့ကို အသိပညာပေးလျက်ရှိကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် မတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ပန်းတနော်မြို့နယ်တွင် ဒေသထွက် ပီလောပီနံ့ဥများ အရောင်းအဝယ်ကောင်းမွန်နေ

ပန်းတနော် ဒီဇင်ဘာ ၈

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်တွင် ဒေသထွက် ပီလောပီနံ့ဥများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ပန်းတနော်မြို့နယ် လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းအေးက ပြောပြ၍ သိရသည်။

ပန်းတနော်မြို့နယ်တွင် နိုဝင်ဘာလ စတုတ္ထပတ်မှ စတင်ပြီး ယနေ့ထိ ဒေသထွက် ပီလောပီနံ့ဥများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသတွင် ပီလောပီနံ့ဥများ ပေါ်နေချိန်ဖြစ်ပြီး ပီလောပီနံ့ဥ တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ပီလောပီနံ့ဥတွေ အရောင်းအဝယ်ကောင်းနေပါတယ်။ လက်ရှိ တောင်သူတွေ စိုက်ထားတဲ့ ပီလောပီနံ့ဥတွေ စတင်ပေါ်နေတဲ့ အချိန်ဖြစ်ပါတယ်။ အခုလို ပီလောပီနံ့ဥတွေ ပေါ်နေတဲ့အချိန် အရောင်းအဝယ် ကောင်းမွန်နေတော့ စိုက်တဲ့တောင်သူတွေ၊ လယ်ယာလုပ်သားတွေ အဆင်ပြေလာတာတွေ့ရတယ်။ အခုလို ပီလောပီနံ့ဥတွေ အရောင်းအဝယ် ကောင်းနေတာက မနှစ်ကထက် ပီလောပီနံ့ဥစိုက်သူတွေ နည်းသွားတာနဲ့ ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါ အဝယ်လိုက်နေလို့ ဖြစ်ပါတယ်"ဟု ပန်းတနော်မြို့နယ် လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းအေးက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ တောင်သူများစိုက်ပျိုးထုတ်လုပ်သည့် ပီလောပီနံ့ဥများသည် အရည်အသွေး ကောင်းမွန်ပြီး ပိုးမွှားရောဂါကင်းရှင်းကြောင်း၊ အဆိုပါ ဒေသထွက် ပီလောပီနံ့ဥများ အရောင်းအဝယ်ကောင်းလာသည့်အတွက် စိုက်ပျိုးသူများ၊ လုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ရေကြည်မြို့နယ် သရက်ပင်လှကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**ရေကြည် ဒီဇင်ဘာ ၈**

ရောဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် သရက်ပင်လှကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ဆောင်ရွက်နေမှု အခြေအနေများကို ဒီဇင်ဘာ ၇ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရှိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရောဝတီတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဌေးလှိုင်၊ ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဦးလှိုင်အေး၊ ရေကြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းဆွေနှင့် ခရိုင်၊ မြို့နယ် တာဝန်ခံအင်ဂျင်နီယာများက သရက်ပင်လှကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း မြေသားခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးပြီး လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အရည်အသွေး ပြည့်မီစေရေး အလေးထား ဆောင်ရွက်ကြရန် မှာကြားခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရေကြည်မြို့နယ် သရက်ပင်လှကျေးရွာ၌ လမ်းအရှည် ၁ မိုင်၊ အကျယ် ၁၆ ပေ၊ အမြင့် ၉ လက်မရှိ ကျေးလက်ကုန်ထုတ်လမ်း မြေသားခင်းခြင်းလုပ်ငန်းကို တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် သန်း ၂၅၀ ဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများက ယခုနှစ် ဇွန် ၁၂ ရက်မှ စတင်၍တာဝန်ယူ ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းဆောင်ရွက်မှုမှာ ၃၂ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း ရေကြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းဆွေထံမှ သိရသည်။

**ဇင်မာ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ၂၈ လမ်း၊ ၈၂-၈၃ လမ်းကြားနေ ကိုကျော်ဇင်ထွန်း-မသူဇာညွှန့် မိသားစုက ဆေးပဒေသာပင် အလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးခင်မောင်၊ ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်နှင့်လူမှုရေးဆပ်ကော်မတီအဖွဲ့ဝင် ဦးယုတင်တို့က လက်ခံရယူစဉ်။

# ချောင်းဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၅၃၂၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ချောင်းဦး ဒီဇင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၅၃၂၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ချောင်းဦးမြို့နယ်တွင် မြေပဲ ဧက ၅၉၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၅၃၂၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ မြေပဲဧက ၅၉၀၀ လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့ထိ ၅၃၂၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံမြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရန်၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက စိုက်ပျိုးရေး အသိပညာပေးလုပ်ငန်းများကို စိုက်ခင်းများအတွင်း ကွင်းဆင်း၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေကပြောပြ၍ သိရသည်။

(၂၀၆)

# တံတားဦးမြို့နယ် ကျေးရွာနှစ်ရွာ၌ ရေရရှိရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**တံတားဦး ဒီဇင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဈေးချိုကျေးရွာနှင့် ပန်းယျ(မ)ကျေးရွာတို့၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဒီဇင်ဘာ ၇ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တံတားဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်း၊ တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ချောယဉ်စု၊ ခရိုင်၊ မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများ၊ ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ရေရှိရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့ပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီး ရေရရှိရေး လုပ်ငန်းများကို ရေရှည်တည်တံ့အောင် ပိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ဈေးချိုကျေးရွာနှင့် ပန်းယျ(မ)ကျေးရွာတို့၌ ရေရရှိရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နိုင်ငံတော် ပံ့ပိုးရန်ပုံငွေကျပ် ၅ ဒသမ ၁၅ သန်းဖြင့် မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူစစ်ဆေးခဲ့ပြီး အဆိုပါ ရေရရှိရေး လုပ်ငန်းများ ပုံမှန်လည်ပတ်လျက်ရှိကြောင်း တံတားဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ချောယဉ်စုက ပြောပြ၍ သိရသည်။

**အောင်ရဲကျော်**

# ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ငါးကြင်းငါးပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ညောင်တုန်း ဒီဇင်ဘာ ၈**

ရောဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ရန်ကုန် ဈေးကွက်သို့ ပြီးခဲ့သည့် နိုဝင်ဘာလအတွင်း ငါးကြင်းငါးပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ်မှရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သန်းသန်းဦးက ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် အောက်တိုဘာလအတွင်း ငါးကြင်းငါးပိဿာချိန် ၇၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာလအတွင်း ငါးကြင်းငါးပိဿာချိန် ၇၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးကြင်းငါးများကို ရန်ကုန်ဈေးကွက်မှ ဝယ်ယူမှု များပြားလာခြင်းကြောင့် အရောင်းအဝယ် ကောင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ရန်ကုန်ဈေးကွက်က ဒေသထွက် ငါးကြင်းငါးတွေ အဝယ်လိုက်နေတာကြောင့် ငါးကြင်းငါး တင်ပို့ရောင်းချအားတက်ခဲ့တာပါ။ ရန်ကုန်ဈေးကွက်က ငါးကြင်းငါးတွေကို ပြီးခဲ့တဲ့ နိုဝင်ဘာလ ပထမပတ်လောက်ကတည်းက ပိုမိုတင်ပို့ခဲ့ရပါတယ်။ အခြားငါးတွေလဲ ဝယ်လိုအားတက်လာပါတယ်။ ရန်ကုန်ဈေးကွက်ကနေ ငါးတွေဝယ်ယူအား တက်လာပေမဲ့ ဈေးကတော့သိပ်ထိုးမတက်သေးပါဘူး"ဟု ညောင်တုန်းမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သန်းသန်းဦးက ပြောပြသည်။

ညောင်တုန်းမြို့နယ်မှထွက်ရှိသည့် ငါးကြင်းငါး တစ်ပိဿာလျှင် ငွေကျပ် ၁၅၅၀၀ မှ ၁၈၅၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ ညောင်တုန်းမြို့နယ်မှထွက်ရှိသည့် ငါးကြင်းငါးများ အရောင်းအဝယ်ကောင်းမွန်လာခြင်းကြောင့် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သည့်လုပ်ငန်းရှင်များ အလုပ်အကိုင် အဆင်ပြေလျက်ရှိကြောင်း ညောင်တုန်းမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သန်းသန်းဦးက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



ပြေအေးသက်

# တောလားစာနှင့် တောလားကဗျာ

တောလားဟူသည်မှာ "တောတောင်၏အခြေအနေအလားအလာကို ဖော်ပြသောကဗျာအဖွဲ့တည်း။ လယ်ယာမြေကွက်များကို သတ်မှတ်ကြရာ၌ အရှေ့အလား၊ အနောက်အလား စသည်ဖြင့် သတ်မှတ်ပိုင်းခြားသကဲ့သို့ တောလားအဖွဲ့တွင်လည်း အရှေ့ဘက်အလားတွင် တောစပ်တောင်ကုန်း၏တည်နေပုံ၊ အနောက်ဘက်အလားတွင် တောစပ်တောင်ကုန်း၏တည်နေပုံ စသည်တို့ကို ထုတ်ဆိုညွှန်ပြပေသည်။ ထို့ကြောင့် တောလားဟူ၍ ခေါ်သည်"ဟု ဦးဖေမောင်တင်၏ မြန်မာစာပေသမိုင်းတွင် ဖော်ပြထားသည်ကို တွေ့ရပေသည်။ ထိုသို့ "တောလား"ဟုသုံးသည်ကို တည်မှီ၍ ရေကြောင်းချီသွားလာခြင်း၊ ရေလမ်းခရီးသွားလာခြင်းအတွေ့အကြုံများ ရေးဖွဲ့သည်ကို "ရေလား" ဟု သုံးစွဲထားကြသည်။

ဤတောလားနှင့်ရေလားများသည် ရှေးအင်းဝခေတ်များမှ ခရီးသွားစာပေများဖြစ်သကဲ့သို့ မြန်မာဂန္ထဝင်စာပေများလည်းဖြစ်၍ ခရီးသွားရသ၊ စာပေရသနှစ်မျိုးနှစ်ထွေ ခံစားကြရမည်ဖြစ်သည်။ ရှင်မဟာရဋ္ဌသာရ၏ ရွှေစက်တော်သွားတောလားအစတွင် "အောင်ဇေယတု၊ ကျမ်းဂန်ရှု၍၊ ဂမုခတ်ရ၊ ခတွတ္တဖြင့်၊ ဂမနသဒ္ဒါ၊ ကြောင်းခြင်းရာကို၊ လင်္ကာကုံးသီ၊ လမ်းစဉ်စီအံ့" ဟူ၍ရေးသားထားခဲ့သည်။ ဤတွင် "ဂမန"ဟူသောပါဠိစကားသည် "သွားခြင်း" အနက်ထင်သဖြင့် ဆရာတော်သည် တောသို့သွားခြင်းအနက်သဘောဖြင့် တောလားကို ရေးခဲ့ဟန်တူပေသည်။ တောလားကို ရတုဟူ၍ ရေးသားခေါ်ဝေါ်ကြပြန်သည်။

စင်စစ်ကား တောလားကဗျာသည် ဩကာသလောကကြီး၏ သာယာကြည်နူးဖွယ်ကောင်းပုံကို စပ်ဆိုရေးသားထားခြင်းပင်ဖြစ်ကြပေသည်။

**တောလားစာနှင့် တောလားပုဒ်ရေ**

"တောလား"ဟူသောစကားရပ်သည် တောသို့သွားခြင်း ကြိယာအနက်မျှကိုသာမက တောတွင်းလှည့်လည်သွားလာနေကြသော တောသမင်၊ ကြက်၊ ငှက် စသောတောတွင်းနေတောသတ္တဝါများအကြောင်းကို ဖွဲ့ဆိုသောကဗျာဟုလည်းဆိုရပေမည်။ သစ်ပင်၊ ဝါးပင် စသောတောပင်များအကြောင်းကိုပဓာနထား၍ ဖွဲ့ဆိုလျှင် တောဘွဲ့ဟုဆိုပြန်သည်။ ဤတွင် တောလား၊ ရေလား ကဗျာရေးဖွဲ့ခဲ့သူများမှာ ဆရာတော်ရှင်ဥတ္တမကျော်၊ ရှင်မဟာရဋ္ဌသာရ၊ ဆရာတော်ဦးဖုိးဓမ်၊ ရှင်ဇေယန္တာဘိဓဇ၊ စိန္တကျော်သူဦးဩ၊ နဝဒေးကြီး၊ လျော်ကားသုံးထောင်မှူး၊ ရွှေတောင်ရာဇကျော်သူ၊ တွင်းသင်းမင်းကြီး၊ စလေဦးပုည၊ မင်းသမန္တရာဇာ၊ ထောင်သင်းမှူးတို့ဖြစ်ကြောင်း တွေ့ရှိရသည်။ ရှင်အုံးညို၏ ဂါထာ ၆၀ ပျို့သည် ပျို့ဟူ၍ခေါ်သော်လည်း တောလား၏သဘောပင်ဖြစ်သည်ဟုဆိုကြသည်။

**ရှင်ဥတ္တမကျော်၏ တောလား ကိုးပုဒ်**

ရှင်ဥတ္တမကျော်၏ တောလားအပိုဒ်များနှင့် အမည်မသိရေးစာဆို၏တောလားကြီး ၄၉ ပိုဒ်သည် အချို့အပိုဒ်များ၌ တူကြသည်ဟုဆိုသည့် အဆိုတစ်ရပ်ရှိခဲ့ဖူးသည်။ ရှင်ဥတ္တမကျော်ကို ၈၁၂ ခုနှစ်တွင် အဖ ဦးသောကြာနှင့် အမိ ဒေါ်နှင်းဆီတို့က တောင်တွင်းကြီးမြို့နယ် မြို့လုလင်ရွာအရှေ့ပိုင်း၌ ဖွားမြင်ခဲ့ကြသည်။ ငယ်အမည်မှာ မောင်ဥက္ကာဖြစ်ပြီး တနင်္ဂနွေနေ့သားဖြစ်သည်။ ပေလေးပင် ရှင်လေးပါးထဲမှ တစ်ပါးဖြစ်ပြီး မြန်မာစာပေရှိတောလားများတွင် ရှင်ဥတ္တမကျော်၏တောလားကိုးပုဒ်မှာ အထင်ရှားဆုံးဖြစ်သည်။ ရှင်ဥတ္တမကျော်သည် မြန်မာမှုတွင် ဤတောလားတစ်ခုနှင့် ကျမ်းဂန်တချို့တို့ကိုသာ ပြုစုခဲ့ရာ ဤတောလားတစ်ခုသည်ပင် ဆရာတော်ကို မြန်မာစာပေနယ်၌ ပထမတန်း စာဆိုတော်အဖြစ်သို့ ပို့ဆောင်ပေးခဲ့လေသည်။ ရှင်ဥတ္တမကျော်၏ တောလားမှာ ၈၄၅ ခုနှစ်ခန့်က ပေါ်ပေါက်ခဲ့ပြီး မြတ်စွာဘုရား ကပိလဝတ်ပြည်သို့ ကြွချီရာတွင် လမ်းခရီးသဘာဝ၏ သာယာပုံကို စာပန်းချီကား ရေးခြယ်ထားခဲ့ခြင်းဖြစ်ကာ ပွင့်လျှမ်းသော ဥဏ်ဆီဥဏ်နှစ်တို့ကိုသုံးလျက် မြတ်စွာဘုရား၏ ဂုဏ်တော်တို့ကို ဖွင့်ဆိုခဲ့ပေသည်။

မြတ်စွာဘုရား ဒေသစာရီကြွချီရာ ခရီးစဉ်၌ မြတ်စွာဘုရား၏ တန်ခိုးတော်ကြောင့် လမ်းတစ်လျှောက်ရှိ သစ်ပင်ပန်းမန်တို့ သီးပွင့်လျက် ပူဇော်ကြဟန်ကို "ငှက်ပျောသခွား၊ သဖန်းခါးနှင့်၊ သျှစ်သျှားသမ္ဘာရ၊ ဩဇာသရက်၊ ဖက်သက်တရော်၊ မြတ်ရှင်တော်ကို၊ ပူဇော်လို့ငှာ၊ သီးကြရှာ၏"ဟူ၍လည်းကောင်း၊ "ပင်မြင့်ပင်လတ်၊ ပင်ပျပ်ပင်စောက်၊ ဖူးညှောက်ကိုက်နု၊ စည်းဝေးပြု၍၊ သီးမှုသန္ဓေ၊ သုံးလူ့ဆွေကို၊ ရိုသေလှစွာ၊ လူ့ပမာသို့၊ ကမ္ဗာလိုလိုက်၊ စရိုက်အားကိုး၊ ညွှန့်ညွှန့်ဖြိုးသည်၊ သီးမျိုးခိုင်ညွှာ လပြွတ်တည်း"ဟူ၍လည်းကောင်း၊ တောတွင်းရှိ ကျေးငှက်သတ္တဝါတို့သည် မြတ်စွာဘုရားအားဖူးမြော်ကြဟန်ကို "ဟသ်ာသောင်တင်း၊ ပိန်ညင်းစင်ရော်၊ ငှက်တော်ကြိုးကြာ၊ သာရကာနှင့်၊ တမာကြက်တော၊ ဥဩငှက်ကျား၊ ငှက်နွှေးလည်း၊ ဝတ်တွားဘီလုံး၊ ရွှေငုံးချိုးခါ၊ သူတို့မှာမူ၊ မြတ်စွာဘုရား၊ သုံးလူ့ဖျားကို၊ တတ်အားသမျှ၊ ဖူးကုန်ကြလျက်၊ ရှိစုံဆက်သည်" ဟူ၍လည်းကောင်း ရေးစပ်ခဲ့သည်။

ထို့ပြင် ဝေနေယျသတ္တဝါများသည်လည်း မြတ်စွာဘုရားအား ဖူးကြဟန်ကို "မကာရ်းလိပ်ငါး၊ ရွှင်မြူးစားလျက်၊ ပျော်ပါးစံပ၊ ရွှေမျော့တသင်း၊ တွင်းရွှေဂုဟာ၊ လိုဏ်နန်းသာက၊ ကက္ကဋ္ဌာမွန်၊ ရွှေပုစွန်လည်း၊ အားသွန်ညွတ်ခ၊ သုံးလူ့ဘကို၊ ဖူးကြသောဟန်၊ ရေနန်းစံခဲ့"ဟူ၍လည်းကောင်း၊ ကောင်းကင်ရှိ နက္ခတ်တာရာတို့လည်း မြတ်စွာဘုရားအား ပူဇော်ဖူးမြော်ကြဟန်ကို "ကရဝိတ်တွန်ကျာ၊ ချိန်တာရာလည်း၊ ကြယ်အာဒိစ္စ၊ ဟဿတနှင့်၊ စိတြမုနိ၊ သွာတိ ချက်ဖွေ၊ ဆံကြင်ရွှေဝယ်၊ ကုဝေယက္ခ၊ ကုမ္ဘဏ္ဍနှင့်၊ ဘုမ္မဖြိုးမြင့်၊ တန်ခိုးလွှင့်လျက်၊ ဝိုက်လင့်ပတ်ဖြာ၊ ဝိသာခါနှင့်၊ နုရာဓရှေ့၊ ဇေဋ္ဌရွှေ့၏၊ ဘုန်းဟေ့မြတ်စွာ၊ စောသတ္တာကို၊ ကြယ်တာရာများ၊ ဦးညွတ်တွားခဲ့" ဟူ၍လည်းကောင်း၊ သိကြားဖြဟ္မာ စသည်နတ်များ နဂါးဂဠုန်၊ ကုမ္ဘဏ်ယက္ခ စသည်တို့ကလည်း မြတ်စွာဘုရားအား ပူဇော်ဖူးမြော်ကြဟန်ကို "သုရာနာဂ၊ သက္ကဗြဟ္မာ၊ ဘုမ္မာဒေဝ၊ ယက္ခနတ်မွန်၊ တိရစ္ဆာန်က၊ မြိုင်ယံခိုအောင်း၊ သားအပေါင်းလည်း၊ ညွတ်ပျောင်း ပူဇော်၊ ဖူးကြသောလျှင်" ဟူ၍လည်းကောင်း သစ်ပင်ပန်းမန်၊ ကျေးငှက်သတ္တဝါ၊ ရေနေသတ္တဝါ၊ နက္ခတ်တာရာ၊ သိကြားဖြဟ္မာစသည်တို့က မြတ်စွာဘုရားအား ဖူးမြော်ပူဇော်ကြလေဟန်ကိုဖွဲ့လျက် မြတ်စွာဘုရား၏ဂုဏ်တော်ကို ဖွင့်ထားလေသည်။

**ရှင်မဟာရဋ္ဌသာရ၏တောလား**

ရှင်မဟာရဋ္ဌသာရ၏ ရွှေစက်တော်သွားတောလားသည် ရွှေစက်တော်သွားရာလမ်းတစ်လျှောက်၌ တွေ့မြင်ရသော တောတောင်ရေမြေသဘာဝအခြေအနေတို့ကို ဖွဲ့နွဲ့ထားခြင်းဖြစ်လေသည်။ ရှင်မဟာရဋ္ဌသာရ၏စိတ်၌ခံစားမှုကို "ဖိုမလင်းပြော၊ တွန်သံသာနှင့်၊ ဆပ်ပြာစမ်းတွင်၊ တွေ့ကြိမ်မြင်သော်၊ စုံလင်ဖိုမ၊ နိမိတ်ပြ၏၊ ဉာဏကဝိ၊ ပဏ္ဍိတစစ်၊ ငါတည်းဖြစ်မူ၊ အနှစ်သာရ၊ သုံးပုံမျှရှင့်၊ အစအလယ်၊ အဆုံးဝယ်၌၊ ဓိပ္ပာယ် ကျွမ်းသိ၊ မှတ်သားမိလျက်၊ ဇာတိလိုက်လျော်၊ ချိုးနှစ်ဖော်မူ၊ ရှင်ပျော်စမြဲ၊ လည်ချင်းတွဲ၍၊ မကွဲတူကွ၊ နေသည်ဆသော်၊ ကာမလူ့ဘောင်၊ မရှောင်နိုင်ချေ၊ ညာကြေကျော်စော၊ သဘောစင်စစ်၊ ရှင်၏ဖြစ်မှု၊ တဆစ်လူ့ခွင်၊ ဝင်လေဦးမည်၊ ချစ်ကြည်မျိုးနွယ်၊ ဥစ္စာကြွယ်သည်၊ လူဝယ်လူကောင်း၊ အကြောင်းရုံးစည်း၊ ဖြစ်မည်တည်းဟု၊ စနည်းနိမိတ်၊ ချိုး၏ဟိတ်ကို၊ တိတ်တိတ်မှတ်ယူ၊ နှစ်လိုမူကား၊ မပူမဆာ၊ ရေသီတာသို့၊ မျက်နှာရွှင်လန်း"ဟူ၍ စာဆို၏အတွင်းစိတ်သန္တာန်ကိုပေါ်လွင်အောင် စပ်ဆိုနိုင်ခဲ့ခြင်းပင်လျှင် အခြားတောလားများထက် ထူးခြားခြင်းပင်ဖြစ်ပေသည်။

**ဆရာတော်ဦးဖုိးဓမ်၊ ရှင်ဇေယန္တာဘိဓဇနှင့် စိန္တကျော်သူဦးဩတို့၏တောလား**

ဆရာတော် ဦးဖုိးဓမ်သည် မွေးဖွားရာဇာတိညောင်ကန်ရွာမှ ၁၁၈၂ ခုနှစ်တွင် ရွှေစက်တော်သို့ ဘုရားဖူးမြော်ရန် ကြွချီရာတွင် ဤစက်တော်ရာခရီးစဉ် တောလားရတု သုံးပုဒ်ကို ရေးသားခဲ့သည်။ "ရွှေစက်နှစ်တည်၊ စက်တော်က တည်၊ ကျောင်းတော်ရာတွင်"ဟူ၍ အစချီခဲ့ကာ အချကိုလည်း "စက်တော်မြတ်နှစ်ဆူကိုကား။ ရှင်ပင်ကျောင်းတော်ရာကိုကား။ သာလှဝက်မစွတ်ကိုကား"ဟူ၍ချခဲ့ပြီး ရတုပိုဒ်စုံဖြစ်သော်လည်း အချီအချ ညီညီမစပ်ဘဲ ရှိခဲ့ပေသည်။ ရှင်ဇေယန္တာဘိဓဇ၏ တောလားသည်လည်း သုံးပိုဒ်စီရှိသော ပိုဒ်စုံရတုဖြစ်ပြီး "ကြူးခွန့်ရှည်၍၊ ဖူးညွှန့်စည်၍၊ ကျူးကွန့်မြည်၍"ဟူသော အပိုဒ်သုံးပိုဒ်အစတွင် အချီညီနှင့်ချီကာ "ပျော်မြူးရကုံပေတကား။ ခေါ်ထူးအစုံပေတကား။ မြော်ဘူးမကြုံလေတကား" ဟူ၍ သုံးပိုဒ်အဆုံး၌လည်း အချညီဖြင့် ချထားသည့် ရတုပိုဒ်စုံမျိုးဖြစ်သည်။ ထို့အတူ စိန္တကျော်သူဦးဩ၏ တောလားသည်လည်း "ထွေတလာလျှင်၊ ဟေမဝါလျှင်၊ ဘွေကရာလျှင်"ဟူ၍ အချီညီချီလျက်၊ "လွမ်းရေးနောင့်ဝယ်ဖြစ်သကား။ သမ်းမြွေးမှောင့်ဆွယ်ထင်သကား။ ချမ်းဇဆောင့်နှယ်ပင်သကား"ဟူသော အချညီချထားသည့် ပိုဒ်စုံရတုဖြစ်လေသည်။

**နဝဒေးကြီးနှင့် တွင်းသင်းမင်းကြီးတို့၏ တောလား**

နဝဒေးကြီး၏တောလားမှာ "ထူးတလည်လျှင်၊ သာနိုးပျော်ရွှင်၊ တဖြည်းပျံ့ပျံ့"ဟူ၍အသီးသီးချီကာ "လွမ်းခွင့်နောင်တွင်ဖြစ်တကား။ လူ၌တူပင်ထင်တကား။ အလွမ်းပြည်ဖြင်မြင်တကား" ဟူသော အချများဖြင့်ချထားသည်။ ထို့ကြောင့် နဝဒေးကြီး၏ တောလားမှာ ရတုပိုဒ်စုံဖြစ်သော်လည်း အချီအချ ညီညီ စပ်ထားခြင်းမဟုတ်ကြောင်း တွေ့ရှိရပေသည်။ သို့သော်လည်း ကျူးရင့်၏လေချီ တောလားရတု သုံးပုဒ်၌ အချီညီညီဖြင့် ဤသို့စပ်ဆိုထားသည်ကို တွေ့ရပေသည်။ အချီများတွင် "ကျူးရင့်၏လေ၊ မြူးလွင့်၏လေ၊ ထူးဆင့်၏လေ"ဟူ၍ ဖြစ်ကြပြီး အချတွင်မူ မညီလေဘဲ "ဥဒေါင်းရင့်မြည်ကျူးဘိသည်။ လွမ်းကြောင်းဘွေနှည်မြူးဘိသည်။ စုပေါင်းလှည့်လည်ထူးဘိသည်"ဟူ၍ ဖွဲ့ဆိုခဲ့သည်။

တွင်းသင်းမင်းကြီး၏ တောလားသည်လည်း အချီမညီသော်လည်း အချညီပြန်ပေရာ ဤသို့တွေ့ရပေသည်။ အချီတို့တွင် "ထူးတထွေလျှင်၊ သာနိုးတစုံ၊ တပျံ့ဖြိုးဖြိုး"တို့ဖြစ်ကြပြီး အချတွင် "မောင့်မှာလွမ်းရွှေ့မှံ့သကား။ မောင့်မှာနွမ်းသွေ့ပုံ့သကား။ အောင့်ကာချမ်းအေးတုံ့သကား"တို့ဖြစ်သည်။

**လျော်ကားသုံးထောင်မှူး၊ ရွှေတောင်ရာဇကျော်သူ၊ စလေဦးပုညတို့၏ တောလားများ**

လျော်ကားသုံးထောင်မှူး၏ ပိုဒ်စုံရတုတွင် အချီများ ညီကြပြီး "ကျူးလှတည့်လေ၊ မြူးလှတည့်လေ၊ ထူးလှတည့်လေ"တို့ဖြစ်ကြကာ အချများတွင်မူ "ဥဒေါင်းတလှည့်ကျူးသတည်း။ မင်းလွင်အလှည့်မြူးသတည်း။ သည်မှာရှိညှော့်ထူးသတည်း" ဟူ၍ဖြစ်သည်။ ရွှေတောင်ရာဇကျော်သူကလည်း သူ၏တောလားရတုတွင် ဤသို့အချီအချညီညီဖြင့် စပ်ဆိုလက်စွမ်းပြထားပေသည်။ အချီတွင် "ထွေတလာလျှင်၊ ဟေမဝါလျှင်၊ ဖွေကရာလျှင်"တို့ဖြစ်ကြပြီး အချတွင် "လွမ်းရေးနောင်ဝယ်တင်သကား။ သမ်းမြွေးမောင်နှယ်ထင်သကား။ ချမ်းအေးဆောင်နွယ်ပင်သကား"တို့ဖြစ်ကြသည်။ စလေဦးပုည၏ ဖန်ရောင်မှန်ရောင်ချီ တောလားလင်္ကာမှာမူ အပိုဒ်သုံးပိုဒ်ဖြင့် စပ်ဆိုထားပြီး အဆိုပါကဗျာတွင် နဘေများလှိုင်လှိုင်သုံးကာ စပ်ဆိုသွားသည်ကို တွေ့ရသည်။ "ရေရဟတ်ကြိုး၊ မြေမစပ်အုပ်မိုး၍၊ နေထပ်၍မထိုးဘဲ၊ မောက်ဖြိုးစောက်ထိုး၊ အောက်လျှိုးကျတသွန်သွန်"။ စာမျက်နှာ ၅ သို့ ➪

❖ "တောလား" ဟူသောစကားရပ်သည် တောသို့သွားခြင်း ကြိယာအနက်မျှကိုသာမက တောတွင်းလှည့်လည်သွားလာနေကြသော တောသမင်၊ ကြက်၊ ငှက် စသော တောတွင်းနေတောသတ္တဝါများအကြောင်းကို ဖွဲ့ဆိုသောကဗျာဟုလည်း ဆိုရပေမည်။ သစ်ပင်၊ ဝါးပင် စသောတောပင်များအကြောင်းကိုပဓာနထား၍ ဖွဲ့ဆိုလျှင် တောဘွဲ့ဟု ဆိုပြန်သည်။ ဤတွင် တောလား၊ ရေလား ကဗျာရေးဖွဲ့ခဲ့သူများမှာ ဆရာတော်ရှင်ဥတ္တမကျော်၊ ရှင်မဟာရဋ္ဌသာရ၊ ဆရာတော်ဦးဖုိးဓမ်၊ ရှင်ဇေယန္တာဘိဓဇ၊ စိန္တကျော်သူဦးဩ၊ နဝဒေးကြီး၊ လျော်ကားသုံးထောင်မှူး၊ ရွှေတောင်ရာဇကျော်သူ၊ တွင်းသင်းမင်းကြီး၊ စလေဦးပုည၊ မင်းသမန္တရာဇာ၊ ထောင်သင်းမှူးတို့ဖြစ်ကြောင်း တွေ့ရှိရသည်။ ❖

## (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့သည် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကိုဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လွတ်လပ်မှုနှင့်တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝ အကောင်အထည်ဖော်ရေး။

၄။ ဒေသအလိုက် သဘာဝထွက်ကုန်များကို အခြေခံကာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို အားပေးမြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင်ဆောင်ရွက်ရေး။

# အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောမြေပဲကေအားလုံး ရာနှုန်းပြည့်နုတ်သိမ်းပြီးစီး



**မုံရွာ ဒီဇင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲကေအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၆၉၉၃ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော မြေပဲစိုက်ခင်းများကို ဩဂုတ်လမှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် တင်း ၄၀ ကျော် ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီက အရာတော်မြို့နယ်မှာ မြေပဲ ၁၆၉၉၃ ကေထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မြေပဲခင်းတွေ လက်ရှိအချိန်မှာတော့ ကေအားလုံး ရာနှုန်းပြည့်နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးနိုင်တဲ့ အနေအထားမှာရှိပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

အရာတော်မြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းယူခြင်း လုပ်ငန်းများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။ (၂၀၆)

---

á စာမျက်နှာ ၄ မှအဆက်

**မင်းသမန္တရာဇာနှင့် ထောင်သင်းမှူးတို့၏ ရေလား**

မြစ်ကြောင်းတောက်လျှောက် နေထိုင်ကျက်စားကာ ပင်ပန်းဆင်းရဲစွာ အသက်မွေးမြူနေကြရရှာသော တံငါသည်များ၏ဘဝကိုပုံဖော်လျက် ရေးစပ်သီကုံးထားသော ကဗျာရတုများကိုလည်း ရေလားဟု အမည်ပေးထားသည်ကိုတွေ့ရသည်။ မင်းသမန္တရာဇာနှင့် ထောင်သင်းမှူးတို့က ရှားရှားပါးပါး ရေလားကဗျာရတုများကို ရေးဖွဲ့ထားသည်ကို တွေ့ရပေသည်။ မင်းသမန္တရာဇာ၏ ရေလားရတုတွင် အချီများတူညီကြပြီး အချများတွင်မူ အသွင်ကွဲပြားကြကြောင်း တွေ့ရှိရပေသည်။ အချီတူများမှာ "ထူးတဆန်းလျှင်၊ ကြူးစခန်းလျှင်၊ ရှူးဘနန်းလျှင်"တို့ဖြစ်ကြပြီး အချများတွင် "အလွန်ထူးဆန်းကြယ်သကား။ မျက်စိပင်ပန်းဘွယ်တကား။ ကြောစိမ်းမြနန်းဘွယ်သကား" ဟူ၍ဖွဲ့ဆိုထားသည်။ ထောင်သင်းမှူးသည် ထူးထူးထွေထွေဆိုရပေမည့် ရေလားရတု ငါးပုဒ်ကိုရေးစပ်ခဲ့ပေသည်။ ထိုရေလားများမှာ အချီရော အချပါ ညီညာသည့် အပိုဒ်များဖြစ်ကြပြီး အချီတွင် "မြစ်ရတုလျှင်၊ နှစ်တစ်ခုလျှင်၊ သစ်မပြုချင်၊ မြစ်တစ်ခုစင်နှင့် လုစ်စနုလျှင်"တို့ဖြစ်ကြပြီး အချများတွင်လည်း ထိုသို့နှယ်ညီကြပေသည်။

**တောလား၊ ရေလား၊ တိမ်လား၊ ငှက်လား**

ကဗျာရှင် ကျုံဒါးကျော်မွန်လည်း တောလား၊ ရေလား၊ တိမ်လား၊ ငှက်လားဆိုပြီး စန္ဒာမဂ္ဂဇင်းတွင် ဆောင်းပါးတစ်ပုဒ် ရေးသားခဲ့သည်ဟု မှတ်သားမိပါသည်။ တောလား၊ ရေလားထဲတွင် တိမ်လား၊ ငှက်လားသာမက သစ်ပင်လားပင် ပါဝင်နေသည်ဟုဆိုရပေမည်။ တောတောင် ရေမြေကောင်းကင်ကျေးငှက်သာရကာ တိရစ္ဆာန်မျိုးစုံသော ဩကာသလောကကြီး သဘောသဘာဝများကို ပကတိသဘာဝပေါ်လွင်အောင် ရေးဖွဲ့သီကုံးထားကြသည်မှာ အံ့ချီးဘနန်းဟုဆိုရချေမည်။ အင်းဝခေတ်တွင်စတင်ခဲ့သော တောလား၊ ရေလားရတုကဗျာများသည် အချီတူ အချတူ၊ အချီတူ အချကွဲ၊ အချီကွဲ အချကွဲ၊ အချီကွဲ အချတူ စသည်များဖြင့် ရှင်သန်ခဲ့ပြီး အချို့တောလား၊ ရေလားကဗျာများကို လင်္ကာစနစ်ဖြင့်လည်း ရေးသားခဲ့သည်ကို တွေ့ရှိရပေသည်။ အဆိုပါ တောလား၊ ရေလားတို့သည် အင်းဝခေတ်မှသည် တောင်ငူ၊ ကုန်းဘောင်ခေတ်သို့ ပျံ့နှံ့ရှင်သန်ခဲ့ပေသည်။ ကုန်းဘောင်ခေတ်တွင် စာဆိုဦးကြင်ဥသည် ပုပ္ပားတောင်ဖွဲ့တောလား၊ သာယာဝတီ ဦးဝိုင်းသည် မြိုင်တောမှော် အမည်ရှိ ကရင်ဩသံတောလား၊ ဝေါမှူးကြီး ဦးခြိုသည် သာပွေ့ယူခေါ်ပါ့မယ် အမည်ရှိ တောလားလွမ်းချင်းကို ရေးဖွဲ့ခဲ့ကြသည်။

**ကိုးကား**

- ဦးဖေမောင်တင်၏ မြန်မာစာပေသမိုင်း
- မြန်မာ့စွယ်စုံကျမ်းအတွဲ (၅)
- မှော်ဘီဆရာသိန်း၏ ပေါရာဏဒီပနီကျမ်း

---

## အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့

– လောဘရမ္မက်ကို အလိုလိုက်တော့
ပိုမိုက်ဖို့ ကကြိုးဆင်၊
လာဘ်ပေးလာဘ်ယူ အသုံးချ
လုံးဝဆင်ခြင်၊
ဝိသမလောဘ စိတ်မှာယှဉ်
အတိတ်မှာအစဉ် အရိပ်မိုး၊
ပေးယူသူ အတူတကွ
တူမျှအကြံဆိုး။

– အနာဂတ်လူငယ် မျိုးဆက်တို့
ကိုယ့်ကျိုးအတွက် မကြည့်နှင့်လေ၊
နိုင်ငံကို သစ္စာရှိလို့
စောင့်သိရှိသေ၊
အဂတိတရား ကင်းအောင်နေ
တာဝန်ကျေ အမှုထမ်း၊
ရိုးသားစွာ ရှေ့သို့လျှောက်
ရောက်ကြထိပ်တန်း။

– လူငယ်တွေ ရှေ့လျှောက်လှမ်း
အနာဂတ်ခရီးလမ်း ကောင်းမွန်ရာ၊
ကမ္ဘာမှာ ရက်မြတ်ရွေးလို့
သတ်မှတ်ပေးကာ၊
"ကိုးရက်နေ့ ဒီဇင်ဘာ"
နိုင်ငံတကာ လှုံ့ဆော်ပေး၊
ကမ္ဘာ့နိုင်ငံ ပေါင်းစုလို့
ကောင်းရာမြော်တွေး။

– ဖြောင့်မတ်တည်ကြည် လုပ်ကိုင်ပေးလို့
အဂတိတိုက်ဖျက်ရေး ဖော်ဆောင်ကာ၊
လူငယ်များကို လက်ချင်းဆက်လို့
တွဲလက်ညီညာ၊
အဂတိကင်းမှ ပြည်သာယာ
လူတိုင်းတာဝန် သည်အရေး၊
ညီညာစွာ လက်ချင်းဆက်လို့
(အဂတိလိုက်စားမှုကို...)
တိုက်ဖျက်စို့လေး။ ။

(ဒီဇင်ဘာ ၉ ရက် အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ကို ဂုဏ်ပြုလျက်)

**ရွှေတိုး(ထုံးဘို)**

---

**ကိုဗစ်–၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

နိုင်ငံတကာ သတင်းများ

# တိုက်လေယာဉ်များထိတွေ့မှုအတွက် တရုတ်သံအမတ်ကြီးကို ဂျပန်အစိုးရက ဆင့်ခေါ်ကန့်ကွက်

**တိုကျို ဒီဇင်ဘာ ၈**

တရုတ်တိုက်လေယာဉ်များက ဂျပန် တိုက်လေယာဉ်များကို လက်နက်ပစ်လွှတ်မှုထိန်းချုပ်ရေး ရေဒါစနစ်ဖြင့် ချိန်ရွယ်မှုများ ဖြစ်ပွားခဲ့မှုနှင့်ပတ်သက်၍ ဂျပန် နိုင်ငံခြားရေး ဝန်ကြီးဌာနက ဒီဇင်ဘာ ၇ ရက်တွင် ဂျပန်နိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးကို ဆင့်ခေါ် ကန့်ကွက်ခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဒီဇင်ဘာ ၆ ရက်က အိုကီနာဝါ ကျွန်းစုအနီးတွင် ဂျပန်တိုက်လေယာဉ်များကို တရုတ်တိုက်လေယာဉ်များက လက်နက်ပစ်လွှတ်ထိန်းချုပ်ရေး စနစ်ဖြင့် နှစ်ကြိမ်တိုင်တိုင် ချိန်ရွယ်ခဲ့ကြောင်း ဂျပန်ကာကွယ်ရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

အဆိုပါ ဖြစ်စဉ်များနှင့် ပတ်သက်၍ ဂျပန်နိုင်ငံခြားရေး ဝန်ကြီးဌာနက တရုတ်သံအမတ်ကြီးကို ဆင့်ခေါ်ကန့်ကွက်ခဲ့ကြောင်း ဂျပန်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

တရုတ်တိုက်လေယာဉ်များနှင့် ဂျပန်တိုက်လေယာဉ်များ အကြား ဒီဇင်ဘာ ၆ ရက် ထိတွေ့မှုသည် အိုကီနာဝါကျွန်းစုအနီး နိုင်ငံတကာ ရေပြင်အတွင်း တရုတ်ရေတပ်မှ လျှောင်နင်း လေယာဉ်တင်သင်္ဘော ဦးဆောင်သည့် တရုတ်စစ်သင်္ဘောများ စစ်ရေးလေ့ကျင့်နေစဉ် ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

ဂျပန် တိုက်လေယာဉ်များကို လက်နက်ပစ်လွှတ်မှု ထိန်းချုပ်ရေး ရေဒါစနစ်ဖြင့် ချိန်ရွယ်ခဲ့သော တရုတ် တိုက်လေယာဉ်များမှာ လျှောင်နင်း လေယာဉ်တင်သင်္ဘောမှ ဂျေ-၁၅ တိုက်လေယာဉ်များ ဖြစ်ကြောင်း သိရသည်။

သို့ရာတွင် ဂျပန်အစိုးရ၏ ပြောကြားချက်ကို တရုတ်ရေတပ် ပြောရေးဆိုခွင့်ရှိသူက ငြင်းပယ်ထားပြီး ဂျပန်တိုက်လေယာဉ်များ အနေဖြင့် တရုတ်ရေတပ်စစ်ရေး လေ့ကျင့်မှုကို အကြိမ်ကြိမ် နှောင့်ယှက်ခဲ့ကြောင်း ပြောကြားထားသည်။

Ref : RT
Trs : KKO

# ၂၀၂၂ ခုနှစ်နောက်ပိုင်း ပထမဆုံး ခရစ္စမတ်ပွဲတော် ပါလက်စတိုင်းနိုင်ငံ ဘက်သလီဟမ်မြို့၌ ကျင်းပ

**ဘက်သလီဟမ် ဒီဇင်ဘာ ၈**

အနောက်ဘက်ကမ်း ဒေသ ပါလက်စတိုင်းနိုင်ငံမြို့ တစ်မြို့ဖြစ်သည့် ဘက်သလီဟမ်မြို့သည် ၂၀၂၂ ခုနှစ်နောက်ပိုင်း ပထမဆုံး ခရစ္စမတ်ပွဲတော်ကို ဒီဇင်ဘာ ၆ ရက်တွင် စတင်ကျင်းပခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဘက်သလီဟမ်မြို့သည် ယေရှု ခရစ်တော်ဖွားမြင်ရာ နေရာအဖြစ် ကမ္ဘာတစ်ဝန်းမှ ခရစ်ယာန်ဘာသာဝင်များ အထွတ်အမြတ်ထားသည့် မြို့ဖြစ်သည်။

သို့ရာတွင် အစ္စရေးနှင့် ဂါဇာ အခြေစိုက် ဟားမတ်စ်အုပ်စုတို့ အကြား ၂၀၂၃ ခုနှစ် အောက်တိုဘာလတွင်ဖြစ်ပွားခဲ့သည့် ပဋိပက္ခကြောင့် ဘက်သလီဟမ်မြို့သည် ပြီးခဲ့သည့် နှစ်နှစ်အတွင်း ခရစ္စမတ်ပွဲတော်ကို ကျင်းပနိုင်ခြင်းမရှိခဲ့ကြောင်း သိရသည်။

သို့သော် ဘက်သလီဟမ်မြို့ အနေဖြင့် ဒီဇင်ဘာ ၆ ရက်တွင် မာဂျာရင်ပြင်၌ထားရှိသည့် အမြင့် မီတာ ၂၀ ရှိ ခရစ္စမတ်သစ်ပင်ကို မီးများထွန်းညှိ၍ ၂၀၂၂ ခုနှစ် နောက်ပိုင်း ပထမဆုံး ခရစ္စမတ် ပွဲတော်ကို ကျင်းပနိုင်ခဲ့ကြောင်း သိရသည်။

အမေရိကန်အစိုးရ၏ ကြားဝင်ညှိနှိုင်းမှုဖြင့် ယခုနှစ် အောက်တိုဘာလအတွင်း အစ္စရေးနှင့် ဟားမတ်စ်အုပ်စုတို့ကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်တစ်ရပ် ရယူနိုင်ခဲ့ပြီး ဘက်သလီဟမ်မြို့ အနေဖြင့် ခရစ္စမတ်ပွဲတော်ကို အစဉ်အလာအတိုင်း ပြန်လည်ကျင်းပနိုင်ခဲ့ခြင်း ဖြစ်သည်။

ဘက်သလီဟမ်မြို့ ခရစ္စမတ်သစ်ပင်မီးထွန်းပွဲသို့ အနောက်ဘက်ကမ်းဒေသနှင့် အစ္စရေးနိုင်ငံတို့မှ ပါလက်စတိုင်းလူမျိုး ခရစ်ယာန်ဘာသာဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

Ref : RT
Trs : KKO

# အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ အမျိုးသားလုံခြုံရေးမဟာဗျူဟာကို ရုရှားအစိုးရက ပထမဆုံးအကြိမ် ကြိုဆိုစကားပြောကြား

**မော်စကို ဒီဇင်ဘာ ၈**



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ အမျိုးသားလုံခြုံရေး မဟာဗျူဟာသစ်ကို ရုရှားအစိုးရက ဒီဇင်ဘာ ၇ ရက်တွင် ကြိုဆိုစကားပြောကြားခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ရုရှားနိုင်ငံသည် အမေရိကန်နိုင်ငံ၏ အမျိုးသားလုံခြုံရေး မဟာဗျူဟာတစ်ရပ်ကို ခေတ်သစ်သမိုင်းတစ်လျှောက် ပထမဆုံးအကြိမ်အဖြစ် ကြိုဆိုစကားပြောကြားခဲ့ခြင်းဖြစ်သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ အမျိုးသားလုံခြုံရေး မဟာဗျူဟာသစ်တွင် ပါဝင်သည့် သဘောထားများသည် ရုရှားနိုင်ငံ၏ ကိုယ်ပိုင်သဘောထားများနှင့် တော်တော်များများ ကိုက်ညီမှု ရှိကြောင်း ကရင်မလင်နန်းတော် ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့ဗ်က ပြောကြားသည်။

အမေရိကန် သမ္မတ ဒေါ်နယ်ထရမ့်၏အမျိုးသားလုံခြုံရေးမဟာဗျူဟာတွင် ၁၉ ရာစုခေတ် မွန်ရိုးအယူအဆကို ပြန်လည်ကျင့်သုံးသင့်ကြောင်း အဆိုပြုထားသည်။

မွန်ရိုးအယူအဆအရ အနောက် ယဉ်စွန်းတန်း ဒေသတစ်ခွင်ကို အမေရိကန်နိုင်ငံ၏ ဩဇာစိုးမိုးသက်ရောက်ရမည့် နယ်မြေအဖြစ် အမေရိကန်အစိုးရက သတ်မှတ်ထားသည်။

သမ္မတ ဒေါ်နယ်ထရမ့်၏ အမျိုးသားလုံခြုံရေး မဟာဗျူဟာသစ်၌ အမေရိကန်၏အကျိုးစီးပွားအတွက် ယူကရိန်းပဋိပက္ခကို ဆွေးနွေးပွဲလမ်းစဉ်ဖြင့် အဆုံးသတ်ရန်၊ ရုရှားနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့ကြား မဟာဗျူဟာမြောက် တည်ငြိမ်မှုကို ပြန်လည်ထားရှိရန်လည်း အဆိုပြုထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# လုဗ်ပြတိုက်မှ ရှားပါးစာအုပ် ၄၀၀ ခန့် ရေပိုက်ယိုစိမ့်မှုကြောင့် ရေစိုပျက်စီး

**ပဲရစ် ဒီဇင်ဘာ ၈**

ပြင်သစ်နိုင်ငံ ပဲရစ်မြို့ရှိ လုဗ်ပြတိုက်၌ ရေပိုက်လိုင်းရေယိုစိမ့်မှုကြောင့် ရှားပါးစာအုပ်အများအပြား ရေစိုပျက်စီးခဲ့ကြောင်း ပြင်သစ်မီဒီယာများက ဒီဇင်ဘာ ၇ ရက်တွင် သတင်း ထုတ်ပြန်ထားကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

လုဗ်ပြတိုက် ရေပိုက်လိုင်းယိုစိမ့်မှုကြောင့် အီဂျစ်ယဉ်ကျေးမှုပြခန်း၌ ထားရှိသည့် ရှားပါးစာအုပ် ၄၀၀ ခန့် ပျက်စီးခဲ့ရကြောင်း လုဗ်ပြတိုက် တာဝန်ရှိသူများက ပြောကြားထားသည်။

လက်ရှိအချိန်တွင် လုဗ်ပြတိုက် တာဝန်ရှိသူများသည် ရေပိုက်လိုင်း ရေယိုစိမ့်မှုကြောင့် ရေစိုပျက်စီးခဲ့သော စာအုပ်များ၏ အရေအတွက်ကို စိစစ်နေကြဆဲဖြစ်သည်။

ရေပိုက်လိုင်း ပျက်စီးမှုကြောင့် ရှားပါးစာအုပ်များ ရေစိုပျက်စီးမှုသည် လုဗ်ပြတိုက်၏ ယိုယွင်းနေသော အခြေအနေကို သက်သေပြလျက်ရှိသည်။





ယခုနှစ် အောက်တိုဘာ ၁၉ ရက်ကလည်း ဖောက်ထွင်းသမား လေးဦးက လုဗ်ပြတိုက်ကို ဖောက်ထွင်းဝင်ရောက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၀၂ သန်း တန်ဖိုးရှိ နန်းစဉ်ရတနာများ ခိုးယူခဲ့ကြသည်။

အဖိုးမဖြတ်နိုင်သည့် နန်းစဉ်ရတနာများ၊ အနုပညာလက်ရာများနှင့် ကမ္ဘာ့အရပ်ရပ်မှ ရှေးဟောင်းပစ္စည်းများကို ပြသထားသည့် လုဗ်ပြတိုက်သည် ကမ္ဘာ့ပေါ်တွင် ခရီးသွားဧည့်သည် လာရောက်မှု အများဆုံး ပြတိုက် ဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# ထိုင်းနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့ နယ်စပ်ပဋိပက္ခများ ပြန်လည်ဖြစ်ပွား

**ဗန်ကောက် ဒီဇင်ဘာ ၈**

ထိုင်းနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံ နယ်စပ်တစ်လျှောက် ယနေ့တွင် နှစ်ဖက်တပ်များကြား ပဋိပက္ခများ ပြန်လည်ဖြစ်ပွားခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြခဲ့သည်။

ယနေ့ နယ်စပ်ပဋိပက္ခအတွင်း ထိုင်းလေတပ်မှ စစ်လေယာဉ်များက ကမ္ဘောဒီးယားနိုင်ငံအတွင်းရှိ ပစ်မှတ်များကို တိုက်ခိုက်ခဲ့ကြောင်း ထိုင်းတပ်မတော်တာဝန်ရှိသူများက ပြောကြားထားသည်။

ယခုနှစ် အောက်တိုဘာလ အတွင်း ရယူထားသည့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ချိုးဖောက်နေကြောင်း အပြန်အလှန်စွပ်စွဲမှုများ ပေါ်ထွက်ခဲ့ပြီးနောက် ထိုင်းနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့ကြား နယ်စပ်ပဋိပက္ခများ ပြန်လည်ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

ယနေ့ ဖြစ်ပွားခဲ့သည့် နှစ်နိုင်ငံ နယ်စပ် ပဋိပက္ခများကြောင့် ကမ္ဘောဒီးယား အရပ်သား လေးဦးနှင့် ထိုင်းတပ်ဖွဲ့ဝင် တစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ထိုင်းနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် ယခုနှစ်ဇူလိုင်လအတွင်း ငါးရက်ကြာ နယ်စပ်ပဋိပက္ခများဖြစ်ပွားခဲ့ရာ အမေရိကန် သမ္မတ ဒေါ်နယ်ထရမ့်၏ ကြားဝင်ညှိနှိုင်းမှုဖြင့် အောက်တိုဘာလတွင် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့သည်။

မိုင်ပေါင်း ၅၀၀ ကျော်ထိ နယ်စပ်ချင်းထိစပ်နေသော ထိုင်းနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် နယ်စပ်အငြင်းပွားမှုများကြောင့် ရှေးယခင်ကလည်း စစ်ရေးပဋိပက္ခများ ဖြစ်ပွားခဲ့ဖူးကြောင်း သိရသည်။

Ref : Xinhua
Trs:KKO

# SCIENCE AND TECHNOLOGY

## နန်စီဂရေ့စ်ရိုမန် အာကာသရေဒီယိုတယ်လီစကုပ်တပ်ဆင်ရေးလုပ်ငန်း ပြီးဆုံးသွားပြီဖြစ်



**ဝါရှင်တန် ဒီဇင်ဘာ ၈**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ နန်စီဂရေ့စ်ရိုမန် အာကာသရေဒီယိုတယ်လီစကုပ် တပ်ဆင်ရေးလုပ်ငန်း ပြီးဆုံးသွားပြီဖြစ်ကြောင်း ဒီဇင်ဘာ ၇ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

နန်စီဂရေ့စ်ရိုမန် အာကာသရေဒီယို တယ်လီစကုပ်အတွက် နောက်ဆုံး အစိတ်အပိုင်းများ တပ်ဆင်မှုလုပ်ငန်းကို ဂေါ်ဒတ် အာကာသစင်တာ၌ နိုဝင်ဘာ ၂၅ ရက်တွင် ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် နာဆာအဖွဲ့သည် နန်စီဂရေ့စ်ရိုမန်အာကာသရေဒီယိုတယ်လီစကုပ်ကိုအာကာသဟင်းလင်းပြင်အခြေအနေတုဖြင့် စွမ်းဆောင်ရည် စမ်းသပ်မှုများ ပြုလုပ်နေကြောင်း သိရသည်။

အထက်ပါ စမ်းသပ်မှုများ ပြီးဆုံးချိန်တွင် ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသစခန်းသို့ပို့ဆောင်၍ လွှတ်တင်ရေးအတွက် ပြင်ဆင်မှုများ ပြုလုပ်ရန်နာဆာက စီစဉ်ထားကြောင်း သိရသည်။

နာဆာအဖွဲ့သည် နန်စီဂရေ့စ်ရိုမန် အာကာသရေဒီယိုတယ်လီစကုပ်ကို ၂၀၂၇ ခုနှစ် မေလတွင် လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

လွှတ်တင်ပြီးချိန်တွင် နန်စီဂရေ့စ်ရိုမန် အာကာသရေဒီယိုတယ်လီစကုပ်သည် စကြဝဠာ၏ လျှို့ဝှက်ချက်များကို စူးစမ်းလေ့လာမည်ဖြစ်ပြီး နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်များကိုလည်း ရှာဖွေမည်ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

## တီယန်ကောင်းအာကာသစခန်းပေါ်မှ ရှန်ကျိုး-၂၁ အာကာသယာဉ်မှူးများ မကြာမီကာလအတွင်း အာကာသစခန်းပြင်ပသို့ ထွက်ခွာမည်

**ပေကျင်း ဒီဇင်ဘာ ၈**

တီယန်ကောင်း အာကာသစခန်းပေါ်မှ ရှန်ကျိုး-၂၁ အာကာသယာဉ်မှူးများသည် မကြာမီကာလအတွင်း အာကာသစခန်းပြင်ပသို့ ထွက်ခွာမည်ဖြစ်ကြောင်း တရုတ်အမျိုးသား အာကာအေဂျင်စီက ဒီဇင်ဘာ ၇ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ရှန်ကျိုး-၂၁ အာကာသယာဉ်မှူးသုံးဦးတို့သည် နိုဝင်ဘာ ၁ ရက်တွင် တီယန်ကောင်းအာကာသစခန်းပေါ်သို့ ရောက်ရှိခဲ့ပြီး ရှန်ကျိုး-၂၀ အာကာသယာဉ်မှူးများထံမှ တာဝန်များ စတင်ရယူခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ရှန်ကျိုး-၂၁ အာကာသယာဉ်မှူးများအနေဖြင့် အာကာသစခန်း ပြင်ပသို့ ထွက်ခွာရေးအတွက် လိုအပ်သည့် လေ့ကျင့်မှုများနှင့် ပြင်ဆင်မှုများ ပြုလုပ်ထားပြီးဖြစ်ကြောင်း သိရသည်။

ရှန်ကျိုး-၂၁ အာကာသယာဉ်မှူးများမတိုင်မီ တီယန်ကောင်း အာကာသစခန်း၌ တာဝန်ထမ်းဆောင်ခဲ့သည့် ရှန်ကျိုး-၂၀ အာကာသယာဉ်မှူးများသည် မစ်ရှင်သက်တမ်းခြောက်လအတွင်း အာကာသစခန်း ပြင်ပထွက်ခွာမှုပေါင်း သုံးကြိမ်ထိ ပြုလုပ်ခဲ့သည်။

ရှန်ကျိုး-၂၁ အာကာသယာဉ်မှူးများ အာကာသစခန်း ပြင်ပထွက်ခွာမှု ပြုလုပ်မည့်အချိန်



ကာလကို တရုတ်အမျိုးသား အာကာသအေဂျင်စီက ကြေညာခြင်းမရှိသေးပေ။

ရှန်ကျိုး-၂၁ အာကာသယာဉ်မှူးများသည် အာကာသစခန်းပြင်ပသို့ ထွက်ခွာချိန်တွင် စက်ရုပ်လက်တံကိုလည်း အသုံးပြုမည်ဖြစ်ကြောင်း သိရသည်။


**Ref : Xinhua News**

**Trs : KKO**

## နာဆာ၏PUNCH အာကာသယာဉ်က C/2025 R2 ကြယ်တံခွန်ကို လေ့လာနိုင်ခဲ့

**ဝါရှင်တန် ဒီဇင်ဘာ ၈**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ PUNCH အာကာသယာဉ်သည် C/2025 R2 ကြယ်တံခွန်ကို ရက်ပေါင်း ၄၀ ခန့်ကြာ စောင့်ကြည့်လေ့လာနိုင်ခဲ့ကြောင်း ဒီဇင်ဘာ ၇ ရက် သတင်းများအရ သိရသည်။



ထိုသို့လေ့လာစဉ် PUNCH အာကာသယာဉ်သည် C/2025 R2 ကြယ်တံခွန်ကို လေးမိနစ်လျှင် တစ်ကြိမ်ကျ ဓာတ်ပုံများရိုက်ကူးနိုင်ခဲ့ကြောင်း နာဆာတာဝန်ရှိသူများက ပြောကြားသည်။

PUNCHအာကာသယာဉ်သည် C/2025 R2 ကြယ်တံခွန်ကို သြဂုတ် ၂၅ ရက်မှစ၍ အောက်တိုဘာ ၂ ရက်ထိ စောင့်ကြည့်လေ့လာခဲ့ခြင်းဖြစ်ပြီး C/2025 R2 ကြယ်တံခွန်ကို ယခုနှစ် စက်တင်ဘာလတွင် ယူကရိန်းနိုင်ငံသား နက္ခတ်တာရာ လေ့လာသူ ဗမာဒီမာဘီဇူဂလီက ရှာဖွေတွေ့ရှိခဲ့သည်။

၎င်းကြယ်တံခွန်သည် စက်တင်ဘာလထဲမှာပင် နေကိုအနီးဆုံးမှတ်ဖြစ်သည့် မိုင်ပေါင်း ၄၆ ဒသမ ၇၄ သန်းအကွာမှတစ်ဆင့် ဖြတ်ကျော်ပျံသန်းခဲ့ပြီး ယခုနှစ် အောက်တိုဘာ လကုန်ပိုင်းတွင်လည်း ကမ္ဘာဂြိုဟ်ကို အနီးဆုံးမှတ် ဖြစ်သည့် မိုင်ပေါင်း ၂၅ ဒသမ ၁၀ သန်းအကွာမှတစ်ဆင့် ဖြတ်ကျော်ပျံသန်းခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

# HEALTH

## လေထုညစ်ညမ်းမှုနှင့်ရေရှည်ထိတွေ့ပါက နှလုံးသွေးကြောများ ပိတ်ဆို့နိုင်ခြေမြင့်မားနိုင်

**အော့တဝါ ဒီဇင်ဘာ ၈**

လေထုညစ်ညမ်းမှုနှင့် ရေရှည်ထိတွေ့နေရပါက နှလုံးသွေးကြောများ ပိတ်ဆို့နိုင်ခြေ မြင့်မားနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ ဒီဇင်ဘာ ၇ ရက်သတင်းများတွင် ရေးသားဖော်ပြထားသည်။

လေထုညစ်ညမ်းမှုနှင့် သွေးကြောများပိတ်ဆို့မှုတို့ကြား ဆက်စပ်မှုရှိနိုင်ကြောင်း၊ ညစ်ညမ်းနေသည့် လေထုနှင့်ရေရှည်ထိတွေ့နေရသူများ၌ သွေးကြောများ မာကျစ်မှုကြောင့် ဖြစ်ပွားတတ်သည့် နှလုံးရောဂါများနှင့်ရင်ဆိုင်ရနိုင်ခြေ ပို၍မြင့်မားလာတတ်ကြောင်း ကနေဒါနိုင်ငံ တိုရွန်တိုတက္ကသိုလ်မှ သုတေသန ပညာရှင်များက ပြောကြားသည်။

ကနေဒါ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ လေထုညစ်ညမ်းမှု ပြဿနာကြောင့် နှလုံးသွေးကြောများအတွင်း ကယ်လ်စီယမ်စုစည်းမှုအဆင့် (၁၁) ရာခိုင်နှုန်းထိ မြင့်တက်လာတတ်ကြောင်း၊ အစိုးရစံသတ်မှတ်ချက်အောက်၌ ရှိနေသော သို့မဟုတ် ၎င်းစံသတ်မှတ်ချက်နီးပါးတွင် ရှိနေသော လေထုညစ်ညမ်းမှုအဆင့်သည်ပင် နှလုံးရောဂါများဖြစ်နိုင်ခြေနှင့် ဆက်စပ်နေကြောင်း သုတေသန ပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့သည်။

အလားတူ လေထုညစ်ညမ်းမှုနှင့် ရေရှည်ထိတွေ့နေရသူများ၌ သွေးကြောပိတ်ဆို့မှုကြောင့် ဖြစ်ပွားတတ်သည့် နှလုံးရောဂါများ ပေါ်လာနိုင်ခြေ ၂၃ ရာခိုင်နှုန်းထိ မြင့်တက်လာနိုင်ကြောင်း ကနေဒါ သုတေသန ပညာရှင်များက ပြောကြားသည်။

**Ref : Sputnik News**

**Trs : KKO**

## ဆီးချိုရောဂါကို ကုသပေးနိုင်ဖွယ်ရှိသည့် နည်းလမ်းတစ်မျိုး သုတေသနပညာရှင်များတွေ့ရှိ

**ဗျူနို့စ်အေရိစ် ဒီဇင်ဘာ ၈**

ဆီးချိုရောဂါကိုကုသပေးနိုင်ဖွယ်ရှိသည့် နည်းလမ်းသစ်တစ်မျိုးကို အာဂျင်တီးနား သုတေသနပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ဒီဇင်ဘာ ၇ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အင်ဆူလင်ဟော်မုန်း ထုတ်လုပ်ပေးသည့် ပန်ကရိယအင်္ဂါ ဘီတာဆဲလ်များ ပျက်စီးမှုဒဏ် ခံနိုင်ရည်ရှိသော ယန္တရားစနစ်တစ်မျိုးကို အာဂျင်တီးနားသုတေသနပညာရှင်များက ဖော်ထုတ်တွေ့ရှိထားကြောင်း သိရသည်။

အာဂျင်တီးနား သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ပန်ကရိယအင်္ဂါ ဘီတာဆဲလ်များကို ပျက်စီးထိခိုက်မှုဒဏ် ခံနိုင်ရေးအတွက် လေ့ကျင့်ထိန်းကျောင်းပေးနိုင်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ဘီတာဆဲလ်များကို ဖိအားသက်ရောက်မှုဒဏ်နှင့် ပြင်ပတိုက်ခိုက်မှုများဒဏ်ကို ခံနိုင်ရည်ရှိလာရေးအတွက် လျှော့ချထားသော ရောင်ရမ်းမှုအဆင့်များဖြင့် လေ့ကျင့် ထိန်းကျောင်းနိုင်ကြောင်း အာဂျင်တီးနား သုတေသန ပညာရှင်များက ပြောကြားသည်။

အာဂျင်တီးနား သုတေသနပညာရှင်များ၏အထက်ပါလေ့လာတွေ့ရှိချက်သည် ဆီးချိုရောဂါများကို ကုသရေးအတွက် ကုထုံးသစ်တစ်မျိုးပေါ်ထွက်လာစေရန် လမ်းဖွင့်ပေးနိုင်ဖွယ်ရှိသည်။

ဆီးချိုရောဂါသည် တစ်ကမ္ဘာလုံးအတိုင်းအတာ လူပေါင်း သန်း ၅၀၀ ကျော်ထိ ခံစားနေရသော ရောဂါတစ်မျိုးဖြစ်သည်။

**Ref : Russia Today**

**Trs : KKO**



နိုင်ငံတကာ
အားကစားသတင်းများ

# ဆော်ဒီပရိုလိဂ်ပြိုင်ပွဲသို့ ပြောင်းရွှေ့ကစားမည့် သတင်းများကို ရာဖင်ဟာ ငြင်းဆို

ဘာစီလိုနာ ဒီဇင်ဘာ ၈

ဘာစီလိုနာအသင်း အဓိက တိုက်စစ်ကစားသမား ရာဖင်ဟာက လာမည့် နွေရာသီကစားသမား အပြောင်းအရွှေ့ ကာလတွင် ဆော်ဒီပရိုလိဂ်ပြိုင်ပွဲသို့ ပြောင်းရွှေ့ ကစားမည်ဆိုသည့် သတင်းများကို ငြင်းဆိုခဲ့ကြောင်း The Athletic သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ရာဖင်ဟာသည် ယခုနှစ် ဘောလုံးရာသီအကုန် လာမည့် နွေရာသီ ကစားသမားအပြောင်း အရွှေ့ကာလတွင် ဆော်ဒီပရိုလိဂ် ပြိုင်ပွဲမှ ထိပ်တန်းကလပ်အသင်း တစ်သင်းထံ ပြောင်းရွှေ့ကစားရန် ဘာစီလိုနာအသင်းနှင့် သဘော တူညီမှုရရှိထားကြောင်း သတင်း များထွက်ပေါ်ခဲ့သည်။

သို့သော် ရာဖင်ဟာက "ကျွန်တော် ဆော်ဒီပရိုလိဂ်ပြိုင်ပွဲကို ပြောင်းရွှေ့ကစားမယ်ဆိုတာ ဘယ်ကနေ သတင်းထွက်လာတယ်ဆိုတာမသိပါဘူး။ အဲဒီသတင်းတွေက ကောလာဟလသတင်းတွေပါ။ ကျွန်တော် အသင်းမှာ အဆင်ပြေနေလို့ အသင်းကနေ ထွက်ခွာဖို့ အစီအစဉ်မရှိပါဘူး။ အခုလိုကောလာဟလသတင်းတွေ အမြဲတမ်းထွက်နေကျပါ"ဟု ပြောကြားခဲ့သည်။

အသက် ၂၂ နှစ်ရှိ ရာဖင်ဟာသည် ၂၀၂၂ ခုနှစ်က လိဒ်ယူနိုက်တက် အသင်းမှ ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီး အကောင်းဆုံး ခြေစွမ်းပြသကာ ပြီးခဲ့သည့် ဘောလုံးရာသီက အသင်းနှင့် ပြိုင်ပွဲစုံ ၅၇ ပွဲတွင် ၃၄ ဂိုးထိ သွင်းယူခဲ့ပြီး ကမ္ဘာ့အကောင်းဆုံး ကစားသမားဆုအတွက် ရေပန်းစားခဲ့သူဖြစ်သည်။

ရာဖင်ဟာသည် ယခုနှစ် ဘောလုံးရာသီတွင် ဒဏ်ရာကြောင့် အနားယူခဲ့ရသော်လည်း ပါဝင် ကစားခွင့်ရသည့် ပွဲစဉ်များတွင် အကောင်းဆုံး ခြေစွမ်းပြသကာ ပြိုင်ပွဲစုံ ၁၁ ပွဲတွင် လေးဂိုးသွင်းယူပြီး ဂိုးဖန်တီးမှု သုံးကြိမ်ပြုလုပ်ထားကြောင်း သိရသည်။

Ref : The Athletic
Trs : STA



## အားကစားသတင်းအတိုအထွာများ

- ဥရောပ တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုအတွက် သွင်းဂိုး ၁၇ ဂိုးသွင်းယူခဲ့သည့် တိုက်စစ်မှူး ဟယ်ရီကိန်းက ရမှတ် ၃၄ မှတ်ဖြင့် ထိပ်ဆုံးမှ ရေပန်းစားလျက်ရှိသည်။
- စပါးအသင်းခံစစ်ကစားသမား အူဒိုဂီ ကြွက်သားဒဏ်ရာ သက်သာလာခြင်းမရှိသေးသည့်အတွက် လာမည့် ဇန်နဝါရီလ ကုန်ထိ အနားယူရမည်ဖြစ်ကြောင်း သိရသည်။
- ဘီလ်ဘာအိုကွင်းလယ်ပိုင်းတွင် ခြေစွမ်းပြနေသည့် မီကယ်ကို နည်းပြအမ်မရီ၏ အေဗီလာအသင်းက လာမည့် အပြောင်းအရွှေ့တွင် ခေါ်ယူမည်ဖြစ်ကြောင်း သိရသည်။

ML

# Hero World Challenge ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို ဂျပန်ကစားသမား မက်ဆူယာမာ ဆွတ်ခူး

နာဆော ဒီဇင်ဘာ ၈

ဘဟားမားစ်နိုင်ငံတွင် ကျင်းပ ပြုလုပ်ခဲ့သည့် Hero World Challenge ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဂျပန် ဂေါက်သီးရိုက်ကစားသမား မက်ဆူယာမာက ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း Golf Magic သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။



မက်ဆူယာမာသည် နောက်ဆုံး နေ့အပြီးတွင် ဆွီဒင်ဂေါက်သီးရိုက် ကစာသမားနိုရန်နှင့် စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၂၂ ချက်စီ လျော့ရိုက်ကာ အမှတ်ပေးဇယား ကို ပူးတွဲဦးဆောင်ခဲ့သောကြောင့် ချန်ပီယံအဆုံးအဖြတ်အဖြစ် Play-off အဆင့်ကို ဆက်လက် ယှဉ်ပြိုင် ကစားခဲ့ရာ မက်ဆူယာမာက အနိုင်ရပြီး ချန်ပီယံဆုကို ဆွတ်ခူး ခဲ့သည်။

နိုရန်အနေဖြင့် ဒုတိယနေရာ ဖြင့်သာ ကျေနပ်ခဲ့ရပြီး ဩစတြီး ယား ဂေါက်သီးရိုက်ကစားသမား စထရာက စုစုပေါင်းသတ်မှတ်ရိုက် ချက်ထက် ၂၁ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယ နေရာတွင် ရပ်တည်နိုင်ခဲ့သည်။

ဂေါက်သီးရိုက် လောက၏ အအောင်မြင်ဆုံးသော ကစားသမား ဖြစ်သည့် ဂန္ထဝင် ဂေါက်သီးရိုက် ကစားသမားကြီး တိုက်ဂါးဝုဒ်က ဦးစီး၍ နှစ်စဉ် ကျင်းပပေးနေသည့် Hero World Challenge ဂေါက်သီး ရိုက်ပြိုင်ပွဲသည် တစ်နှစ်တာကာလ အတွင်း အကောင်းဆုံးလက်စွမ်းပြ ကာ ကမ္ဘာ့အဆင့်(၂၀)အတွင်း ရပ်တည်နေသည့် ကစားသမားများ ကိုသာ ယှဉ်ပြိုင်ခွင့်ပြုသည့် ပြိုင်ပွဲ လည်းဖြစ်သည်။

မက်ဆူယာမာက "ကျွန်တော့်ရဲ့ တစ်နှစ်တာကာလအတွင်း Hero World Challenge ဂေါက်သီး ပြိုင်ပွဲမှာ ကစားနိုင်ခဲ့တဲ့စွမ်းဆောင် ရည်ဟာ အကောင်းဆုံးစွမ်းဆောင် ရည်လို့ သတ်မှတ်နိုင်ပါတယ်။ Play-off အဆင့်မှာ ၁၈ ပေ အကွာ ကနေ Birdie ရိုက်ချက်ရခဲ့တာက ကျွန်တော့်ကို ချန်ပီယံဖြစ်စေခဲ့ပါ တယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Golf Magic
Trs : AZL

# အမျိုးသမီး စူပါလိဂ်ပြိုင်ပွဲတွင် ချဲလ်ဆီးအသင်း ၃၄ ပွဲဆက် ရှုံးပွဲမရှိစံချိန် ရပ်တန့်

လန်ဒန် ဒီဇင်ဘာ ၈

အမျိုးသမီးစူပါလိဂ်ပြိုင်ပွဲ အဖြစ် ကစားခဲ့သည့် အဲဗာတန်အသင်းနှင့် ချဲလ်ဆီးအသင်းတို့ ပွဲစဉ်တွင် အဲဗာတန်အသင်းက တစ်ဂိုး ဂိုးမရှိ ဖြင့် အနိုင်ရခဲ့သောကြောင့် ချဲလ်ဆီး အမျိုးသမီးအသင်းအနေ ဖြင့် ရှုံးပွဲမရှိစံချိန် ရပ်တန့်ခဲ့ကြောင်း Espn သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ချဲလ်ဆီး အမျိုးသမီးအသင်း သည် ၂၀၂၄ မေလတွင် လီဗာပူး အသင်းကို လေးဂိုး သုံးဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့် ပွဲစဉ်ကတည်းက အမှတ်ပေးပြိုင်ပွဲတွင် ရှုံးပွဲမရှိခဲ့ သော်လည်း ယခုပွဲစဉ်တွင် အဲဗာတန်အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့် ခဲ့ကာ ၃၄ ပွဲဆက် ရှုံးပွဲမရှိစံချိန် ရပ်တန့်ခဲ့ကြောင်း သိရသည်။

ထို့ပြင် နည်းပြ ဘမ်ပက်စတော သည်လည်း ၎င်းတာဝန်ယူခဲ့သည့် ကာလအတွင်း အသင်းကို အမှတ် ပေးပြိုင်ပွဲတွင် ၁၉ ပွဲနိုင်ပြီး သုံးပွဲ သရေရလဒ်နှင့် ရှုံးပွဲမရှိသည့် စံချိန် ကို ထိန်းသိမ်းခဲ့ကာ အဲဗာတန် အသင်းကို မထင်မှတ်ဘဲ ရှုံးပွဲကြုံခဲ့ သဖြင့် ပွဲဦးထွက် ဘောလုံးရာသီ ပထမဆုံး ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် အိမ်ကွင်း အားသာချက်ရှိသည့် ချဲလ်ဆီး အသင်းက ဘောလုံးပိုင်ဆိုင်မှု အသာ၊ ဂိုးပေါက်ကန်သွင်းခွင့် အသာဖြင့် ကစားနိုင်ခဲ့သော် လည်း ပွဲကစားချိန် ၁၂ မိနစ်တွင် အဲဗာတန်အသင်း၏ ဦးဆောင်ဂိုး ကြောင့် အခက်တွေ့ခဲ့ပြီး လက်ကျန်ပွဲချိန်များတွင် ချဲလ်ဆီး အသင်းက ချေပဂိုးမရရှိဘဲ တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

Ref : Espn
Trs : ML

# IBF ခရူဆာ ဝိတ်တန်းကာကွယ်ပွဲစဉ်တွင် အိုပီတိုင်ယာက စင်ကာရာကို အနိုင်ရခဲ့ပြီး စင်ကာရာ ဒဏ်ရာပြင်းထန်စွာရရှိ

ဂိုးလ်ကို့စ် ဒီဇင်ဘာ ၈

IBF ခရူဆာဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ကာကွယ်ပွဲစဉ်အဖြစ် ဩစတြေးလျ လက်ဝှေ့သမား လက်ရှိချန်ပီယံ အိုပီတိုင်ယာနှင့် စိန်ခေါ်သူ ဂျာမနီလက်ဝှေ့သမား စင်ကာရာတို့ ဒီဇင်ဘာ ၇ ရက်တွင် ဩစတြေးလျနိုင်ငံ ဂိုးလ်ကို့စ်မြို့၌ ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ အိုပီတိုင် ယာက ရှစ်ချီမြောက်တွင် ဒိုင်ပွဲရပ် ရလဒ်ဖြင့် အနိုင်ရကာ လက်ရှိ ချန်ပီယံခါးပတ်ကို ကာကွယ်နိုင် ခဲ့ကြောင်း Ring Magazine သတင်းဌာနက ယနေ့တွင် ဖော်ပြ ခဲ့သည်။



စင်ကာရာသည် အိုပီတိုင်ယာကို အကောင်းဆုံး ယှဉ်ပြိုင်ထိုးသတ်ခဲ့ သော်လည်း အားပါပြင်းထန်သည့် အိုပီတိုင်ယာ၏ လက်သီးချက်များ ကြောင့် အထိနာခဲ့ပြီး ရှစ်ချီမြောက် တွင် ချက်ကောင်းထိကာ လည်ပင်း ရိုးကျိုးသွားသည့်အတွက် အရေး ပေါ်အခြေအနေဖြင့် ဆေးရုံသို့ ပို့ဆောင်ခဲ့ရကြောင်း သိရသည်။

စင်ကာရာအနေဖြင့် အသက် အန္တရာယ်စိုးရိမ်ရသည့် အခြေအနေ ဖြစ်ပြီး အိုပီတိုင်ယာက အနိုင်ရခဲ့ သော်လည်း ပြိုင်ဘက်ကစားသမား အတွက် စိတ်မကောင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

အိုပီတိုင်ယာက "ကျွန်တော့် အနေနဲ့ အနိုင်ရခဲ့တယ်ဆိုပေမဲ့လဲ ပြိုင်ဘက် ကစားသမားအတွက် စိတ်မကောင်း ဖြစ်မိပါတယ်။ အမြန်ဆုံး သက်သာပါစေလို့ ဆုတောင်းပေးပါတယ်။ နောက် တစ်ချက်က ဒီပွဲစဉ်မှာ ကျွန်တော့်ရဲ့ စွမ်းဆောင်ရည်ပိုင်း အပေါ်မှာ အားရကျေနပ်မှုမရှိပါဘူး။ ပင်ကို စွမ်းရည်အရ ဒီထက်ပိုကောင်းအောင် လုပ်ပြနိုင်တယ်လို့ ယုံကြည်ပါ တယ်။ ဒီထက်ပိုပြီးတော့ တိုးတက် ဖို့ လိုအပ်တယ်လို့လဲ ခံစားမိတယ်။ ဒီထက်ပိုပြီးတော့ လေ့ကျင့်သွား ရမယ်။ ဒီပွဲစဉ်အတွက် အကောင်း ဆုံး လေ့ကျင့်ပြင်ဆင်ခဲ့သလို ပြင်းပြင်းထန်ထန် လေ့ကျင့်ခဲ့တဲ့ အတွက်ကြောင့်လဲ ကြိုးဝိုင်းထဲမှာ ပင်ပန်းနေတယ်လို့ ခံစားမိတယ်။ ကြံ့ခိုင်မှုပိုင်း ဒီထက်ပိုတိုးတက်ဖို့ လိုအပ်နေပါသေးတယ်"ဟု ပြော ကြားခဲ့ကြောင်း သိရသည်။

Ref : Ring Magazine
Trs : AZL

# United Cup တင်းနစ်ပြိုင်ပွဲ ဗြိတိန်အသင်းခေါင်းဆောင်အဖြစ် ရာဒူကာနူနှင့် ဒရက်ပါတို့ကို အသင်းခေါင်းဆောင် ခန့်အပ်မည်ဟု နည်းပြဟန်မန်း ပြောကြား



**လန်ဒန် ဒီဇင်ဘာ ၈**

ဩစတြေးလျနိုင်ငံတွင် ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂ ရက်မှ စတင်၍ ကျင်းပပြုလုပ်မည့် United Cup တင်းနစ်ပြိုင်ပွဲဝင်ရန် ပြင်ဆင်နေသည့် ဗြိတိန်အသင်းသည် ရာဒူကာနူနှင့် ဒရက်ပါတို့ကို အသင်းခေါင်းဆောင်အဖြစ် တာဝန်ပေးခန့်အပ်ရန်စီစဉ်နေကြောင်း နည်းပြဟန်မန်းက ပြောကြားခဲ့သည်ဟု Tennis World သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

United Cup တင်းနစ်ပြိုင်ပွဲတွင် နိုင်ငံကိုယ်စားပြု အသင်း ၁၈ သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး လက်ရှိချန်ပီယံ အမေရိကန်အသင်းသည်လည်း လက်ရှိ ချန်ပီယံကို ကာကွယ်မည်ဖြစ်သည်။

ဗြိတိန်အသင်းသည် United Cup တင်းနစ်ပြိုင်ပွဲအတွက် ဗြိတိန်၏ လက်ရှိ အဆင့်သတ်မှတ်ချက် အကောင်းဆုံး အမျိုးသားတင်းနစ်ကစားသမားနှင့်အမျိုးသမီးတင်းနစ်ကစားသမားတို့ကိုသာ ရွေးချယ်မည်ဖြစ်ကြောင်း အောက်တိုဘာလ နောက်ဆုံးပတ်ကတည်းက ထုတ်ပြန်ထားသည်။

အသက် ၂၃ နှစ်အရွယ် ရာဒူကာနူက "လာမဲ့ ဇန်နဝါရီလမှာ United Cup တင်းနစ်ပြိုင်ပွဲအတွက် ဗြိတိန်အသင်းမှာ ရွေးချယ်ခံရလို့ ဝမ်းမြောက် ဂုဏ်ယူပါတယ်။ ကစားသမားဘဝအတွက် ပထမဆုံးအကြိမ် United Cup တင်းနစ်ပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်မှာလဲဖြစ်ပါတယ်။ ဩစတြေးလျနိုင်ငံမှာ ရက်သတ္တပတ်အနည်းငယ်အကြာ အချိန်ကုန်ဆုံးခဲ့ပြီးတော့ အခုနိုင်ငံကိုယ်စားပြုအနေနဲ့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရမှာကိုလဲ ဂုဏ်ယူပါတယ်။ ပုံစံသစ်နဲ့ ကျင်းပပြုလုပ်သွားမဲ့ United Cup တင်းနစ်ပြိုင်ပွဲအကြောင်းတွေးမိရင် စိတ်လှုပ်ရှားမိပါတယ်"ဟု ပြောကြားခဲ့သည်။

နည်းပြဖြစ်သူ ဟန်မန်းက "အောက်တိုဘာလကုန် ကတည်းက United Cup တင်းနစ်ပြိုင်ပွဲမှာ အသင်းအတွက် ထိပ်တန်းကစားသမားတွေကိုပဲ ရွေးချယ်သွားမယ်လို့ ကျွန်တော်ပြောခဲ့သလိုပဲ အကောင်းဆုံးကစားသမားတွေကို ရွေးချယ်ထားပါတယ်။ ရာဒူကာနူနဲ့ ဒရက်ပါတို့ကို အသင်းခေါင်းဆောင်အဖြစ် တာဝန်ပေးသွားမှာလဲဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Tennis World**

**Trs : AZL**

# ရှမ်းယူနိုက်တက်အသင်း ခံစစ်ကစားသမား ဟိန်းဖြိုးဝင်း ထိုင်းကလပ် နာခွန်ရက်ချာဆီမာအသင်းထံ ကာလတိုစာချုပ်ဖြင့် ပြောင်းရွှေ့

**ရန်ကုန် ဒီဇင်ဘာ ၈**

မြန်မာ့လက်ရွေးစင်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်း အဓိက ခံစစ်ကစားသမား ဟိန်းဖြိုးဝင်းသည် ထိုင်းကလပ် နာခွန်ရက်ချာဆီမာအသင်းထံ ကာလတိုစာချုပ်ဖြင့် ပြောင်းရွှေ့ခဲ့ကြောင်း သိရသည်။

ဟိန်းဖြိုးဝင်းသည် ရှမ်းယူနိုက်တက်အသင်းတွင် ကာလရှည် ကစားခဲ့ကာ ၂၀၂၂ ခုနှစ်မှ ၂၀၂၄ ခုနှစ်ထိ ထိုင်းကလပ် ရက်ချာဘူရီအသင်းထံပြောင်းရွှေ့ခဲ့ပြီး အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးခဲ့ပြီးနောက် မိခင်ကလပ် ရှမ်းယူနိုက်တက်အသင်းထံ ပြန်လည်ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။

ရှမ်းယူနိုက်တက် အသင်းနှင့် ဟိန်းဖြိုးဝင်းတို့ စာချုပ်သက်တမ်းသည် ကျန်ရှိနေသော်လည်း ရှမ်းယူနိုက်တက်အသင်းက ဟိန်းဖြိုးဝင်း၏ဆန္ဒကို ဦးစားပေးသည့်အနေဖြင့် နာခွန်ရက်ချာဆီမာအသင်းထံ ပြောင်းရွှေ့ခွင့်ပေးခဲ့ခြင်းဖြစ်သည်။

နာခွန်ရက်ချာဆီမာ အသင်းသည် ယခုနှစ် ဘောလုံးရာသီ ထိုင်းလိဂ်-၁ ပြိုင်ပွဲတွင် ၁၃ ပွဲ၌ တစ်ပွဲသာအနိုင်ရပြီး အမှတ်ပေးဇယားအောက်ဆုံးတွင် ရပ်တည်နေသည်ထိ ရုန်းကန်နေရသောကြောင့် ရာသီဝက်အပြောင်းအရွှေ့ကာလတွင် ကစားသမားအင်အားဖြည့်တင်းရန် မြန်မာ့လက်ရွေးစင်အဆင့် ကစားသမားတစ်ဦးဖြစ်သည့် ဟိန်းဖြိုးဝင်းကို ကာလတိုစာချုပ်ဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သည်။

နာခွန်ရက်ချာဆီမာ အသင်းက ဟိန်းဖြိုးဝင်းကို ကာလတိုစာချုပ်ဖြင့် ခေါ်ယူခဲ့သော်လည်း ဟိန်းဖြိုးဝင်း၏ ခြေစွမ်းပြသမှုအပေါ် မူတည်ပြီး နောက်ထပ် သက်တမ်းတိုးစာချုပ်သစ် ချုပ်ဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

**STA**

# မန်စီးတီးအသင်းနှင့်ပွဲစဉ်တွင်ရှုံးနိမ့်ပါက ရီးရဲလ်မက်ဒရစ်အသင်းက နည်းပြအပြောင်းအလဲလုပ်ဆောင်သွားရန်ဆုံးဖြတ်ထား

**မက်ဒရစ် ဒီဇင်ဘာ ၈**

ရီးရဲလ်မက်ဒရစ် အသင်းက မန်စီးတီးအသင်းနှင့် ကစားမည့် ချန်ပီယံလိဂ်ပွဲစဉ်တွင် ရှုံးနိမ့်မည်ဆိုပါက နည်းပြ အလွန်ဆိုကို ရာထူးမှ ထုတ်ပယ်ပြီး နည်းပြအပြောင်းအလဲလုပ်ဆောင်ရန် ဆုံးဖြတ်ထားကြောင်း The Athletic သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။



ရီးရဲလ်မက်ဒရစ် အသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီအကုန်က နည်းပြ အန်ဆယ်လော့တီနှင့် လမ်းခွဲပြီးနောက် နည်းပြသစ်အဖြစ် အလွန်ဆိုကို ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

နည်းပြအလွန်ဆိုသည် လေဗာကူဆင်အသင်းကို တာဝန်ယူကိုင်တွယ်စဉ်က အောင်မြင်မှုများရရှိအောင် စွမ်းဆောင်ခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီတွင် ရီးရဲလ်မက်ဒရစ်အသင်းကို တာဝန်ယူကိုင်တွယ်ခဲ့ရာ ရလဒ်များ မတည်မငြိမ်ဖြစ်နေပြီး ဝေဖန်မှုများနှင့် ရင်ဆိုင်နေရခြင်းဖြစ်သည်။

ရီးရဲလ်မက်ဒရစ် အသင်းသည် နည်းပြအလွန်ဆို လက်အောက်တွင် ရာသီအစပိုင်းက ရလဒ်များ ကောင်းမွန်ခဲ့သော်လည်း နောက်ပိုင်းတွင် ရလဒ်များ မတည်မငြိမ်ဖြစ်လာပြီး စပိန်လာလီဂါပြိုင်ပွဲတွင် နောက်ဆုံးကစားခဲ့သည့် ငါးပွဲ၌ ဘီလ်ဘာအိုအသင်းကိုသာ အနိုင်ရပြီး သုံးပွဲ သရေရလဒ် ထွက်ပေါ်ခဲ့ကာ ပြီးခဲ့သည့် ဆယ်လ်တာဗီဂိုအသင်းနှင့် ပွဲစဉ်တွင် အိမ်ကွင်း၌ နှစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် နည်းပြအလွန်ဆိုအနေဖြင့် ဝေဖန်မှုများ ရင်ဆိုင်နေရခြင်းဖြစ်သည်။

အစောပိုင်းကတည်းက ရီးရဲလ်မက်ဒရစ်အသင်းတွင် အဓိကကစားသမားများနှင့် နည်းပြအလွန်ဆိုတို့ကြား တင်းမာမှုများရှိနေကြောင်း သတင်းများထွက်ပေါ်ခဲ့ပြီးနောက်ပိုင်းတွင် အသင်းအနေဖြင့်လည်း ရလဒ်များ ဆက်တိုက်ဆိုးရွားလာခဲ့ပြီးနောက် နည်းပြအလွန်ဆိုအနေဖြင့်လည်း ဖိအားများအောက်ပိုမိုရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

ရီးရဲလ်မက်ဒရစ် အသင်းက နည်းပြအလွန်ဆို၏ အနာဂတ်ကို မန်စီးတီးအသင်းနှင့် ပွဲစဉ်ရလဒ်အပေါ်မူတည်ပြီးဆုံးဖြတ်သွားမည်ဖြစ်ကြောင်း သိရသည်။

**Ref : The Athletic**

**Trs : STA**

# မိမိအပေါ်တွင်မျှတမှုမရှိဟုဆာလာဟ်က ဝေဖန်ခဲ့ပြီးနောက် လီဗာပူးအသင်းနှင့် ဆက်ဆံရေး ပိုမိုဆိုးရွားလာ

**လန်ဒန် ဒီဇင်ဘာ ၈**

လီဗာပူးအသင်း တိုက်စစ်မှူး ဆာလာဟ်သည် နောက်ဆုံးကစားခဲ့သည့် သုံးပွဲဆက် ပွဲထွက်ခွင့် ပျောက်ဆုံးခဲ့သောကြောင့် အသင်း၏ မိမိအပေါ်တွင် လုပ်ရပ်မှာ မျှတမှုမရှိဟု ဝေဖန်ခဲ့ပြီး အသင်းနှင့် ဆက်ဆံရေး ပိုမိုဆိုးရွားလာခဲ့ကာ အသင်းမှထွက်ခွာရန် ပြင်ဆင်နေကြောင်း Goal.com သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ဆာလာဟ်သည် ၂၀၁၇ ခုနှစ်က ရိုးမားအသင်းမှ လီဗာပူးအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် ခြေစွမ်းပြသပြီး လီဗာပူးအသင်း ချန်ပီယံလိဂ်ဖလား၊ ပရီးမီးယားလိဂ်ဖလားအပါအဝင် ဆုဖလားများ ဆွတ်ခူးခဲ့ရာတွင် အဓိကကစားသမားတစ်ဦးအဖြစ် ပါဝင်ခဲ့သူဖြစ်သည်။

သို့သော် ဆာလာဟ်သည် နောက်ဆုံးကစားခဲ့သည့်သုံးပွဲဆက် ပွဲထွက် ကစားသမားစာရင်းမှ ချန်လှပ်ခံရပြီး နောက်ဆုံးကစားခဲ့သည့် လိဒ်အသင်းနှင့်ပွဲစဉ်တွင်လည်း ပွဲထွက်ကစားသမားစာရင်းမှ ချန်လှပ်ခံရသည့်အပြင် လူစားဝင်ကစားသမားအဖြစ်ပါ မပါဝင်ခဲ့ရခြင်းဖြစ်သည်။

ဆာလာဟ်သည် ယခုနှစ်ဘောလုံးရာသီတွင် ဂိုးသွင်းအားကျဆင်းနေပြီး ခြေစွမ်းပြသနိုင်ရန် ရုန်းကန်နေရသကဲ့သို့ လီဗာပူးအသင်းသည်လည်း ယခုနှစ်ဘောလုံးရာသီတွင် စံချိန်တင်ရလဒ်ဆိုးများနှင့် ကြုံတွေ့ခဲ့ပြီးနောက် နည်းပြစလော့က ဆာလာဟ်ကို သုံးပွဲဆက် ပွဲထွက်ကစားသမားစာရင်းမှ ချန်လှပ်ခဲ့ခြင်းဖြစ်သည်။

ဆာလာဟ်က "အသင်းအနေနဲ့ ကျွန်တော့်အပေါ် အခုလိုလုပ်ဆောင်နေတာ မျှတမှုမရှိပါဘူး။ အသင်းအနေနဲ့ ရလဒ်ဆိုးနေတာကို ကျွန်တော် တစ်ယောက်တည်းအပေါ်ကိုပုံချပြီး ပွဲထွက်ကစားသမားစာရင်းကနေ ချန်လှပ်ခံရတာ မျှတမှုမရှိဘူးလို့ထင်ပါတယ်။ ကျွန်တော် အသင်းအပေါ် နှစ်ပေါင်းများစွာ ပေးဆပ်ခဲ့တာ အားလုံးအသိပါ။ ကျွန်တော် အနာဂတ်အတွက် စဉ်းစားဖို့ လိုအပ်နေပါပြီ"ဟု ပြောကြားခဲ့ကြောင်းသိရသည်။

**Ref : Goal.com**

**Trs : STA**

# ချဲလ်ဆီးအသင်းတိုက်စစ်မှူး ဒီလက် ပခုံးဒဏ်ရာကြောင့် နှစ်လခန့် အနားယူရမည်

**လန်ဒန် ဒီဇင်ဘာ ၈**

ချဲလ်ဆီးအသင်း အဓိကတိုက်စစ်မှူးတစ်ဦးဖြစ်သည့် ဒီလက်သည် ဘုန်းမောက်အသင်းနှင့် ချဲလ်ဆီးအသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် ရရှိခဲ့သည့် ပခုံးဒဏ်ရာကြောင့် နှစ်လခန့် အနားယူရမည်ဖြစ်ကြောင်း Talk Sports သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၅) အဖြစ် ဘုန်းမောက်အသင်းနှင့် ချဲလ်ဆီးအသင်းတို့ ဂိုးမရှိ သရေရလဒ် ထွက်ပေါ်ခဲ့သည့်ပွဲစဉ်တွင် ဒီလက်သည် ပွဲထွက်ကစားသမားအဖြစ် ပါဝင်ခဲ့သော်လည်း ပွဲချိန် ၃၂ မိနစ်တွင် ပခုံးဒဏ်ရာရခဲ့ပြီး ဆက်လက်ကစားနိုင်ခြင်းမရှိသည့်အတွက် လူစားလဲထွက်ခွာခဲ့ရသည်။

ဒီလက်အနေဖြင့် ဒဏ်ရာ အသေးစိတ် စစ်ဆေးမှုများ လုပ်ဆောင်ခဲ့ပြီး ပြင်းထန်နေသည့်အတွက် ကွင်းခိုင်မှု ပြန်လည်ပြည့်ဝရန် အနည်းဆုံး နှစ်လခန့် အနားယူရမည့် အခြေအနေကြောင့် ချဲလ်ဆီးအသင်း တိုက်စစ်ပိုင်းအတွက် ထိုးနှက်ချက်ဖြစ်လာခဲ့သည်။

ပြီးခဲ့သည့် နွေရာသီကစားသမား အပြောင်းအရွှေ့ကာလက အစ်ဗစ်ချ်အသင်းမှ ချဲလ်ဆီးအသင်းသို့ ပြောင်းရွှေ့ခဲ့သည့် ဒီလက်သည် ယခုနှစ်ဘောလုံးရာသီတွင် ဒဏ်ရာပြဿနာများနှင့် ကြုံတွေ့ကာ ရုန်းကန်နေရပြီး ပြိုင်ပွဲစုံ ၁၇ ပွဲတွင် သွင်းဂိုး နှစ်ဂိုးသွင်းယူပြီး ဂိုးဖန်တီးမှု တစ်ကြိမ်သာ ပြုလုပ်ထားနိုင်ခဲ့သည်။

ဒီလက်သည် ယခုနှစ်ဘောလုံးရာသီ အစပိုင်းတွင်လည်း တံကောက်ကြောဒဏ်ရာ ရခဲ့ပြီး နှစ်လခန့် အနားယူခဲ့ရကာ ယခုအခါတွင်လည်း ပခုံးဒဏ်ရာကြောင့် ထပ်မံ အနားယူရမည်ဖြစ်ကြောင်း သိရသည်။

**Ref : Talk Sports**

**Trs : STA**

# ဖြောင့်မတ်တည်ကြည်သောအနာဂတ်ကိုဖော်ဆောင်ဖို့ အဂတိတိုက်ဖျက်လူငယ်များနှင့် လက်ချင်းဆက်ကြပါစို့

**လူငယ်နှင့် အနာဂတ်ကမ္ဘာ**

အချိန်နှင့်ဒီရေသည် လူကိုမစောင့်ဆိုသည့် စကားနှင့်အညီ ကမ္ဘာကြီးကလည်း အချိန်နှင့်အမျှ တိုးတက်ပြောင်းလဲနေသည်။ ပြောင်းလဲနေသော ကမ္ဘာကြီးနှင့်အတူ နည်းပညာဖွံ့ဖြိုးမှုတို့ကလည်း အမီလိုက်လာနေကြသည်။ ထိုသို့ နည်းပညာဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ အနာဂတ်ကာလတွင် လူသားများအတွက် အကျိုးရှိနိုင်သည့် ဖွံ့ဖြိုးတိုးတက်မှုမျိုးစုံ ရှိသကဲ့သို့ စိန်ခေါ်မှုမျိုးစုံလည်းရှိသည်။ အတိတ်ကမ္ဘာကြီးကို ထိခိုက်ဆုံးရှုံးမှုမျိုးစုံပေးခဲ့သကဲ့သို့ လက်ရှိပစ္စုပ္ပန်ကာလတွင် လောကကြီး၏ ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေမည့် အဂတိလိုက်စားမှုများကလည်း ရှိနေနိုင်သည်။

လူငယ်တို့သည် အနာဂတ်ကို ဖန်တီးပုံဖော်ရမည့်သူများဖြစ်ပြီး ပခုံးပြောင်းတာဝန်ကို လက်ခံဆောင်ရွက်ရမည်ဖြစ်သည်။ ထိုတာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ပြီး အနာဂတ်ကမ္ဘာသာယာလှပစေရေး ကြိုးစားဆောင်ရွက်နိုင်သူများဖြစ်ရန်လိုသည်။ ဖွံ့ဖြိုးတိုးတက်သော၊ သာယာလှပသော၊ တည်ငြိမ်အေးချမ်းသော၊ လုံခြုံစိတ်ချရသော၊ မျှတသော၊ အဂတိလိုက်စားမှုကင်းစင်သော၊ ဘက်လိုက်မှုကင်းသောကမ္ဘာကြီးကို လူသားတိုင်းအလိုရှိကြသည်။ သာယာပျော်ရွှင်၍ တည်ငြိမ်အေးချမ်းသောဘဝကို ရယူပိုင်ဆိုင်လိုကြပြီး လူမှုစီးပွားဘဝတိုးတက်မှုကို လိုချင်ကြသည်။ ထိုဆန္ဒကို လက်တွေ့ဘဝတွင် ဖြစ်လာစေရေးအတွက် လက်ရှိကမ္ဘာနှင့် အနာဂတ်ကမ္ဘာတို့တွင် လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ ညီမျှခြင်း၊ ပျော်ရွှင်ခြင်း စသည်တို့နှင့် ပြည့်နှက်နေရမည်ဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်မှုအပါအဝင် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ လူမှုရေးဖြစ်စဉ်အားလုံးကို ကမောက်ကမဖြစ်စေသည့် အဂတိလိုက်စားမှုများကို ကမ္ဘာလောကကြီးအတွင်း ပျောက်ကွယ်သွားရန် ဆောင်ရွက်ရမည်ဖြစ်သည်။ အနာဂတ်ကမ္ဘာသာယာလှပစေရေးအတွက် တာဝန်ယူရမည့် လူငယ်များသည် မိမိနှင့် အနာဂတ်ကမ္ဘာ ဖွံ့ဖြိုးတိုးတက်စေရေး အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းများတွင် ပါဝင်ရန် လိုအပ်ပေသည်။

**တကယ်ခံစားရသည်**

လူငယ်တို့သည် အရာရာတွင် ရိုးသားစွာကြိုးစားလုပ်ကိုင်ဆောင်ရွက်ကြရမည်ဖြစ်ပေသည်။ ရိုးသားမှုနှင့်ကြိုးစားမှုတို့သည် လူငယ်တို့ အစဉ်ထိန်းသိမ်းစောင့်ရှောက်ထားသည့် ဂုဏ်ပုဒ်တစ်ခုပင်ဖြစ်သည်။ ဘဝခရီးလမ်းပေါ်တွင် ဖြောင့်မတ်တည်ကြည်စွာ လျှောက်လှမ်းကြသည့်လူငယ်များအတွက် မကောင်းမှုဆိုသည့်အရာများကို ရှောင်ကြဉ်ရမည်။ အဂတိလိုက်စားမှုများအပါအဝင် မကောင်းမှုများကို လူတိုင်းရှောင်ရမည်ဖြစ်သကဲ့သို့ ထိုမကောင်းမှုများ လူမှုပတ်ဝန်းကျင်မှ ပျောက်ကွယ်သွားစေရေး ကြိုးစားရမည်ဖြစ်သည်။ လာဘ်ပေးလာဘ်ယူမှုများ အပါအဝင် အဂတိလိုက်စားမှုများကို ကိုယ်တိုင်ထိတွေ့ခံစားရခြင်းမရှိသော်လည်း လူငယ်များအတွက် နိုင်ငံတော်မှထောက်ပံ့ပေးထားသည့် ပညာရေး၊ ကျန်းမာရေး၊ လူ့အခွင့်အရေး၊ လူမှုစီးပွားဖွံ့ဖြိုးရေး၊ အလုပ်အကိုင်အခွင့်အလမ်း ဖြစ်ပေါ်စေရေး စသည့်အရာများကို အဂတိလိုက်စားမှုများကြောင့် ဝေဝါးပျောက်ကွယ်သွားနိုင်သည်။ မိမိတို့နှင့် တိုက်ရိုက်မသက်ဆိုင်ဟု ထင်မှတ်မှားသည့်လူငယ်များအနေဖြင့် အဂတိလိုက်စားမှု၏ ဆိုးကျိုးသက်ရောက်မှုများကို သိရှိထားရန်လိုသည်။

အဂတိလိုက်စားမှုသည် လူ့ဘောင်လောကကို အရုပ်ဆိုးအကျည်းတန်စေပြီး ကောင်းမွန်သည့် လူမှုစီးပွားဘဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေသည့် မကောင်းမှုဒုစရိုက်တစ်ခုပင်ဖြစ်သည်။ ထို့ပြင် လန်းဆန်းတက်ကြွပြီး နိုင်ငံနှင့်လူမျိုးအကျိုးအတွက် သယ်ပိုးထမ်းရွက်သည့် လူငယ်တို့၏စိတ်ဓာတ်သည် အဂတိလိုက်စားမှုများကြောင့် ပျက်စီးသွားနိုင်သည်ကို သတိပြုသင့်ပေသည်။ မကောင်းမှုကျူးလွန်သူများကလည်း အပြစ်ပေးအရေးယူခြင်းမခံရဘဲ အဂတိလိုက်စားမှုဖြစ်စဉ်များနှင့် ဖုံးကွယ်ပစ်လိုက်သည့်အခါတွင် လူငယ်များ၏စိတ်တွင် ပြစ်မှုကျူးလွန်ခြင်းကို သာမန်ဖြစ်ရိုးဖြစ်စဉ်ဟု သတ်မှတ်သွားနိုင်သည်။ အခြားသူများ၏ပိုင်ဆိုင်မှုများကို မတရားရယူခြင်းသည်ပင် လောကဓမ္မတာဟုထင်မှတ်မှားကာ ဘဝလမ်းတိမ်းစောင်းသွားနိုင်သည်။ အဂတိလိုက်စားမှုများ၏ ဆိုးကျိုးသက်ရောက်မှုများကို လူငယ်များကိုယ်တိုင်နားလည်သိရှိထားမှသာ ရှောင်ရှားနိုင်မည်ဖြစ်သည်။ ငယ်ရွယ်သူများအနေဖြင့် လူမှုပတ်ဝန်းကျင်၌ဖြစ်ပေါ်နေသောအရာများကို သင်ယူလေ့လာတတ်ကြသဖြင့် လူငယ်တို့ရှင်သန်ရာပတ်ဝန်းကျင်တွင် အဂတိလိုက်စားမှုများကင်းစင်နေရန်လိုသည်။

**သူတို့တွေရဲ့လက်တွေ**

အနာဂတ်ကိုပုံဖော်မည့် လူငယ်တို့လက်တွင် ဖြောင့်မတ်တည်ကြည်မှု၊ ရိုးသားမှု၊ ကြိုးစားမှု၊ သန့်ရှင်းစင်ကြယ်မှု၊ ဘက်လိုက်ခြင်းကင်းမှု၊ လွတ်လပ်မှု၊ မျှတမှု၊ တာဝန်ယူမှုတာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှုစသည်တို့ရှိရန်လိုသည်။ သို့မှသာ အနာဂတ်ကမ္ဘာသည် သာယာလှပ၍ အေးချမ်းတည်ငြိမ်ဖွံ့ဖြိုးတိုးတက်နေမည်သာဖြစ်သည်။ ယနေ့လူငယ်တို့၏စိတ်ဓာတ်ခံယူချက်နှင့်လုပ်ရပ်တို့သည် မနက်ဖြန်အတွက် ပုံရိပ်တစ်ခုသာဖြစ်သဖြင့် ထိုလုပ်ရပ်တို့တွင် ကမ္ဘာကြီးကို ပျက်စီးစေမည့် အဂတိလိုက်စားမှုများမပါဝင်ရန်လိုသည်။ နိုင်ငံတိုင်း၏အဓိကတာဝန်ဖြစ်သည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီစနစ်ထွန်းကားရေး လုပ်ငန်းစဉ်တို့တွင် လူငယ်များစနစ်တကျပူးပေါင်းပါဝင်လာရန်လိုသည်။ ထိုဖြစ်စဉ်အားလုံးကို အရှိန်အဟုန်လျော့ကာ အားနည်းသွားစေမည့် အဂတိလိုက်စားမှုများကို တိုက်ဖျက်ရာတွင်လည်း လူငယ်များ၏စွမ်းအားကို မေ့ထား၍မရပေ။

နည်းပညာဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကောင်းမွန်နေသည့် ယနေ့ကမ္ဘာတွင် နည်းပညာကို တလွဲအသုံးချ၍ အဂတိလိုက်စားမှုများကို ကျူးလွန်ကြသည့် မသမာသူများလည်းရှိသည်။ ယနေ့လူငယ်များကို နည်းပညာများသင်ကြားပေးပြီး အဂတိလိုက်စားမှုကျူးလွန်သူများကို တန်ပြန်အရေးယူနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်သည်။

**လူငယ်တွေပါဝင်လာစေရေး**

ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး စသည့်နယ်ပယ်များသို့ ထောက်ပံ့ပေးနေသည့် အရင်းအမြစ်များ၊ ရန်ပုံငွေများသည် အဂတိလိုက်စားမှုများကြောင့် လမ်းလွဲလမ်းမှားသို့ ရောက်သွားနိုင်သည်။ လူငယ်များအတွက် အခြေခံပညာရေးအပါအဝင် ပညာရေးထောက်ပံ့ပေးမှုများက အားနည်းသွားနိုင်သည်။ အားနည်း၍ အရည်အသွေးမပြည့်ဝသော ပညာရေးစောင့်ရှောက်မှုအောက်တွင် အရည်အသွေးမပြည့်ဝသော၊ အရည်အချင်းနည်းသောလူငယ်များ ပေါ်ထွက်လာမည်ဖြစ်သည်။ ထိုလူငယ်များ၏လက်တွင် အနာဂတ်ကမ္ဘာသည်လည်း မှုန်ဝါးသွားမည်သာဖြစ်သည်။ အဂတိလိုက်စားမှုများကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ နည်းပါးသွားသည့်အခါ လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပျောက်ကွယ်သွားမည်သာဖြစ်သည်။ ဘက်လိုက်မှုများရှိနေသည့်အခါ လူငယ်များ၏ တီထွင်မှုများ ပျောက်ကွယ်သွားမည်ဖြစ်သည်။ သို့ဖြစ်ရာ လူငယ်များအနေဖြင့် မိမိတို့ဘဝအတွက် မကောင်းမှုများကိုဖြစ်စေမည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်သင့်ပေသည်။

လူငယ်များအနေဖြင့်ကိုယ်တိုင် အဂတိလိုက်စားမှုအကျင့်ဆိုးများကို ရှောင်ရှားရမည်ဖြစ်သကဲ့သို့ ကျင်လည်ရာပတ်ဝန်းကျင်တွင်လည်း အဂတိလိုက်စားမှုများမရှိစေရေး ကြိုးစားပေးရမည်ဖြစ်သည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအေဂျင်စီများအနေဖြင့်လည်း လူငယ်များပါဝင်လာစေရေး လမ်းဖွင့်ပေးထားရမည်ဖြစ်သည်။ လူငယ်များပါဝင်လာစေရေး ကြိုးစားဆောင်ရွက်ရာတွင် နည်းလမ်းပေါင်းစုံရှိနိုင်သော်လည်း ဖြောင့်မတ်တည်ကြည်မှုလူငယ်စခန်းများဖွင့်လှစ်ခြင်း၊ တက္ကသိုလ်ဒီဂရီကောလိပ်များ၊ စာသင်ကျောင်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အနုပညာနှင့်အားကစားပွဲတော်များမှတစ်ဆင့် အသိပညာပေးခြင်း၊ ပြိုင်ပွဲများ၊ သင်တန်းများဖွင့်လှစ်ပေးခြင်း၊ သတင်းမီဒီယာနှင့် လူမှုမီဒီယာများအသုံးပြု၍ အသိပညာပေးခြင်း၊ အေအိုင်ကဲ့သို့သောနည်းပညာများကိုအသုံးပြု၍ လူငယ်အသိပညာပေးလုပ်ငန်းများကိုဆောင်ရွက်ခြင်း စသည့်နည်းလမ်းများက အထိရောက်ဆုံးဖြစ်သည်။

**ငယ်စဉ်အခါ စိတ်ဓာတ်ပြုပြင်ပါ**

စိတ်ဓာတ်နှင့်ခံယူချက်ဆိုသည်ကား ပြုပြင်ဆောင်ရွက်ပေးနိုင်ပါက ကောင်းမွန်သောလုပ်ရပ်များကိုဖြစ်စေမည်ဖြစ်သကဲ့သို့ ထိန်းသိမ်းနိုင်ခြင်းမရှိသည့်အခါ မကောင်းမှုများကို လွယ်လင့်တကူ ကျူးလွန်လာတတ်သည်။ ပန်းပုရုပ်တစ်ရုပ်ကို စတင်ထုလုပ်စဉ်ကတည်းက မလိုအပ်သည့်အပိုင်းများ၊ မကောင်းသည့်အပိုင်းများကို ဖဲ့ထုတ်ပေးရသည်။ ကောင်းသည့်အပိုင်းများ၊ လိုအပ်သည့်အပိုင်းများကို စနစ်တကျချန်ထားနိုင်ခဲ့မှသာ မိမိလိုချင်သည့် အရုပ်တစ်ရုပ်ကို ပုံဖော်ရရှိနိုင်မည်ဖြစ်သည်။ ထို့အတူပင် လူငယ်များ၏ စိတ်ဓာတ်နှင့်ခံယူချက်များအနက် မရှိသင့်မရှိထိုက်သည့်ခံယူချက်များကို ဖဲ့ထုတ်ပေးပြီး ရှိသင့်ရှိထိုက်သည့်ခံယူချက်များကို ထည့်သွင်းပေးရန်လိုသည်။ သို့မှသာ ကောင်းမွန်သောပတ်ဝန်းကျင်ကိုဖန်တီးပုံဖော်နိုင်မည့် အနာဂတ်မျိုးဆက်သစ်များ ပေါ်ပေါက်လာမည်ဖြစ်သည်။

ပညာရေးစနစ်တွင် ဖြောင့်မတ်တည်ကြည်မှု စံတန်ဖိုးများ၊ ကျင့်ဝတ်စံတန်ဖိုးများကို စိမ့်ဝင်ပျံ့နှံ့အောင် ကြိုးစားဆောင်ရွက်ရန်လိုသည်။ ပညာသင်ကြားစဉ်ကာလပြီးမြောက်၍ လူ့ဘောင်နယ်ပယ်အတွင်းသို့ လျှောက်လှမ်းမည့်အချိန်တွင် လိုအပ်သည့်စိတ်ဓာတ်နှင့်ထည့်သွင်းပေးလိုသည်။ သို့မှသာ ကျင့်ဝတ်စံတန်ဖိုးမြင့်မားသော၊ ပွင့်လင်းမြင်သာမှုရှိသော၊ တာဝန်ယူမှုတာဝန်ခံမှုစံနှုန်းများ မြင့်မားနေသော အနာဂတ်လူမှုပတ်ဝန်းကျင်ကို ဖန်တီးပုံဖော်နိုင်မည်ဖြစ်သည်။

**အနာဂတ်ကာလ ဖြောင့်မတ်တည်ကြည်စေဖို့**

လူငယ်များ၏ဘဝကို ကောင်းမွန်စွာဖန်တီးပုံဖော်နိုင်သောနိုင်ငံများသည် တိုးတက်မှုအရှိန်အဟုန်ကောင်းကြသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများတွင်လည်း လူငယ်များ၏စွမ်းအားကို အလေးထားအသုံးချရမည်ဖြစ်သည်။ ထိုစွမ်းအားများတွင် ဖြောင့်မတ်တည်ကြည်သော၊ အဂတိလိုက်စားမှုကင်းစင်သောခံယူချက်များ ကိန်းအောင်းနေရန်လိုသည်။ လူငယ်များ၏ စိတ်ဓာတ်နှင့် ခံယူချက်များ ဖြောင့်မတ်တည်ကြည်နေမည်ဆိုပါက အနာဂတ်ကမ္ဘာသည်လည်း အဂတိလိုက်စားမှုများကင်းစင်၍ အစဉ်ထာဝရဖွံ့ဖြိုးသာယာလှပနေမည်သာဖြစ်သည်။ ကုလသမဂ္ဂက ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၉ ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားဆောင်ပုဒ်ကို **"ဖြောင့်မတ်တည်ကြည်သောအနာဂတ်ကိုဖော်ဆောင်ဖို့ အဂတိတိုက်ဖျက်လူငယ်များနှင့် လက်ချင်းဆက်ကြပါစို့"**ဟု ချမှတ်ထားသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံအနေဖြင့်လည်း ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်းတွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ၂၀၁၂ ခုနှစ်ကတည်းက ဝင်ရောက်ခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကိုဖွဲ့စည်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်နေသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များတွင် လူငယ်များပါဝင်လာစေရေးအတွက် အသိပညာပေးအစီအစဉ်များကိုလည်း ဆောင်ရွက်နေသည်။ ငယ်စဉ်ကတည်းက ဖြောင့်မတ်တည်ကြည်မှုစံတန်ဖိုးများကို လက်ကိုင်ထားနိုင်ရေးEdutainment အစီအစဉ်များ၊ လူငယ်စကားဝိုင်းများ၊ လူငယ်အသိပညာပေးအစီအစဉ်၊ ဆွေးနွေးပွဲများ၊ လူငယ်စခန်းများ စသည့်လုပ်ငန်းများကို အင်တိုက်အားတိုက်ဆောင်ရွက်နေသည်။ သို့ဖြစ်ရာ လူငယ်များ၏ ဖြောင့်မတ်တည်ကြည်မှုစံတန်ဖိုးများ မြင့်မားလာသည်နှင့်အမျှ နိုင်ငံအတွင်းတွင်လည်း အဂတိလိုက်စားမှုများကင်းစင်ကာ ဖွံ့ဖြိုးတိုးတက်မှုအလင်းရောင်များပိုမိုလင်းလက်တောက်ပလာမည်ဖြစ်ပါကြောင်း အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ကို ဂုဏ်ပြုရေးသားလိုက်ရပေသည်။

**ကိုးကား**

- နေ့စဉ်ထုတ်သတင်းစာများ။
- အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ဆောင်ပုဒ်ကြေညာချက်။

**လင်းလက်**

❖ လူငယ်များ၏ဘဝကို ကောင်းမွန်စွာဖန်တီးပုံဖော်နိုင်သော နိုင်ငံများသည် တိုးတက်မှုအရှိန်အဟုန်ကောင်းကြသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများတွင်လည်း လူငယ်များ၏ စွမ်းအားကို အလေးထားအသုံးချရမည်ဖြစ်သည်။ ထိုစွမ်းအားများတွင် ဖြောင့်မတ်တည်ကြည်သော၊ အဂတိလိုက်စားမှုကင်းစင်သော ခံယူချက်များ ကိန်းအောင်းနေရန်လိုသည်။ လူငယ်များ၏ စိတ်ဓာတ်နှင့် ခံယူချက်များ ဖြောင့်မတ်တည်ကြည်နေမည်ဆိုပါက အနာဂတ်ကမ္ဘာသည်လည်း အဂတိလိုက်စားမှုများကင်းစင်၍ အစဉ်ထာဝရ ဖွံ့ဖြိုးသာယာလှပနေမည်သာဖြစ်သည်။ ❖

# သူကြောက်ကိုယ်ကြောက်ရုပ်ရှင်ဇာတ်ကားကို ဒီဇင်ဘာ ၁၉ ရက်မှစတင်ကာ ကမ္ဘောဒီးယားနိုင်ငံရှိ ရုပ်ရှင်ရုံကြီးများတွင် ရုံတင်ပြသမည်ဖြစ်




**ရန်ကုန် ဒီဇင်ဘာ ၈**

ကုမုဒြာ ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် သူကြောက်ကိုယ်ကြောက် ရုပ်ရှင်ဇာတ်ကားကို ဒီဇင်ဘာ ၁၉ ရက်မှစတင်ကာ ကမ္ဘောဒီးယားနိုင်ငံရှိ ရုပ်ရှင်ရုံကြီးများတွင် ရုံတင် ပြသမည်ဖြစ်ကြောင်း သိရသည်။

သူကြောက်ကိုယ်ကြောက် ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့်ဇာတ်ညွှန်းကို ဒီဒီထက်အောင်က ရေးသားထားကာ ဒါရိုက်တာ နိုရာကိုက ကုမုဒြာ ရုပ်ရှင် ထုတ်လုပ်ရေးအတွက် တာဝန်ယူ ပုံဖော်ရိုက်ကူးပေးထားကြောင်း သိရသည်။

"ဒီရုပ်ရှင်ဇာတ်ကားက ပြီးခဲ့တဲ့ ဖွန်လတုန်းက ရုံတင်ပြသထားတဲ့ ရုပ်ရှင်ဇာတ်ကားဖြစ်ပါတယ်။ အခုလာမဲ့ ဒီဇင်ဘာ ၁၉ ရက်က စတင်ပြီးတော့ ကမ္ဘောဒီးယား ဘာသာ နောက်ခံစကားပြောနဲ့ ကမ္ဘောဒီယားနိုင်ငံအတွင်းက ရုပ်ရှင်ရုံပေါင်း ၂၀ ရုံမှာ ရုံတင်ပြသသွားမှာပါ။ ကမ္ဘောဒီယားနိုင်ငံမှာပထမဆုံးရုံတင်ပြသခွင့်ရတဲ့ မြန်မာရုပ်ရှင်ဇာတ်ကားလဲ ဖြစ်ပါတယ်" ဟု ဒါရိုက်တာ နိုရာကိုက ပြောပြသည်။

သူကြောက်ကိုယ်ကြောက် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် မြင့်မြတ်၊ ဖြိုးငွေစိုး၊ ချာလီ၊ အရိုင်း၊ ခင်လှိုင်၊ တင်မောင်ဆန်းမင်းဝင်း၊ နေ့သစ်အေးအောင်၊ ယမုံမြင့်မြတ်၊ တက္ကသိုလ်ဂွမ်းပုံ၊ လင်းလင်း၊ ကေညီနှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

# Avengers:Endgame ဇာတ်ကားကို ၂၀၂၆ ခုနှစ်တွင် ပြန်လည်ရုံတင်ပြသရန် စီစဉ်ထား

**နယူးယောက် ဒီဇင်ဘာ ၈**

Avengers : Endgame စူပါဟီးရိုးဇာတ်ကားကို ၂၀၂၆ ခုနှစ် ဧပြီလ ၂၅ ရက်တွင် ပြန်လည်ရုံတင်ပြသရန် မာဗယ်စတူဒီယိုက စီစဉ်ထားကြောင်း ဒီဇင်ဘာ ၇ ရက် သတင်းများအရ သိရသည်။

သို့ရာတွင် Avengers : Endgame ဇာတ်ကားကို မည်မျှကြာကြာ ရုံတင်ပြသမည်ကို မာဗယ်စတူဒီယိုက ထုတ်ဖော်ပြောကြားခြင်းမရှိသေးပေ။

မာဗယ်စတူဒီယိုသည် Avengers : Doomsday ဇာတ်ကားသစ်ကို ရုံမတင်မီ Avengers : Endgame ကို ပြန်လည်ရုံတင်ပြသရန် မာဗယ်စတူဒီယိုက စီစဉ်ထားခြင်းဖြစ်ကြောင်း သိရသည်။

မာဗယ်စတူဒီယို၏ Avengers: Endgame ဇာတ်ကားကို ၂၀၁၉ ခုနှစ် ဧပြီ ၂၆ ရက်တွင် ပထမဆုံးအကြိမ် ရုံတင်ပြသခဲ့ကြောင်း သိရသည်။

အဆိုပါဇာတ်ကားသည် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၄၁ ဘီလီယံထိ ရရှိခဲ့ရာ သမိုင်းတစ်လျှောက်ဝင်ငွေအများဆုံး အမေရိကန်ရုပ်ရှင်ဇာတ်ကားများစာရင်းတွင် ပါဝင်ခဲ့သည်။

Avengers : Endgame ဇာတ်ကားကို ဒါရိုက်တာ အန်တိုနီရုစ်ဆိုးနှင့် ဂျိုးရုစ်ဆိုးတို့က တာဝန်ယူ ရိုက်ကူးပေးခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



# တေးသံရှင်နီနီခင်ဇော်၏ December To Remember တေးဂီတဖျော်ဖြေပွဲကို ချမ်းအေးသာစံမြို့နယ်ရှိ The Square Theatre Bar တွင် ပြုလုပ်သွားမည်

**ရန်ကုန် ဒီဇင်ဘာ ၈**

တေးသံရှင် နီနီခင်ဇော်၏ December To Remember တေးဂီတဖျော်ဖြေပွဲကို မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် The Square Theatre Bar ၌ ဒီဇင်ဘာ ၁၈ ရက်တွင် ပြုလုပ်မည်ဖြစ်ကြောင်း တေးသံရှင် နီနီခင်ဇော်ထံမှ သိရသည်။

တေးသံရှင် နီနီခင်ဇော်၏ December To Remember တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင် နီနီခင်ဇော်၏ သီဆိုဖျော်ဖြေမှုများကို နာမည်ကျော် Daily Gita Band တေးဂီတအဖွဲ့က အကောင်းဆုံး ပံ့ပိုးတီးခတ် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"လာမဲ့ ဒီဇင်ဘာ ၁၈ ရက် ညမှာ မန္တလေးက The Square Theatre Bar မှာ Daily Gita Band တေးဂီတအဖွဲ့နဲ့အတူရှိနေပါမယ်။ Daily Gita Band တေးဂီတအဖွဲ့ရဲ့ ပံ့ပိုးမှုနဲ့အတူ မန်းမြေက ပရိသတ်ကြီးအတွက် သီချင်းအပုဒ် ၂၀ ကျော်ကို တဝကြီးသီဆိုဖျော်ဖြေပေးမှာမို့ ရင်တွင်းခံစားချက်တွေနဲ့ ထပ်တူစီးမျောဖို့အတွက် The Square Theatre Bar မှာ ဆုံကြရအောင်"ဟု တေးသံရှင် နီနီခင်ဇော်က ပြောပြသည်။




တေးသံရှင် နီနီခင်ဇော်၏ December To Remember တေးဂီတဖျော်ဖြေပွဲကို The Square Theatre Bar တွင် ဒီဇင်ဘာ ၁၈ ရက် ည ၇ နာရီမှစတင်ကာ ဖျော်ဖြေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Hannah Goes to Hell ဇာတ်ကား၌ ကာဆီဖော့၊ အက်ဒရီနီဘာဗျူးနှင့် အေရွန်အက်ဘရမ်တို့ပါဝင်မည်

**နယူးယောက် ဒီဇင်ဘာ ၈**

Hannah Goes to Hell အမည်ရှိ ထိတ်လန့်သည်းဖိုဇာတ်ကား၌ မင်းသမီး ကာဆီဖော့၊ အက်ဒရီနီဘာဗျူးနှင့် မင်းသား အေရွန်အက်ဘရမ်တို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဒီဇင်ဘာ ၇ ရက် သတင်းများအရ သိရသည်။

Hannah Goes to Hell ဇာတ်ကားကို အမျိုးသမီးဒါရိုက်တာ အန်နီဝဲလက်က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

အန်နီဝဲလက်သည် An Accidental Zombie Named Ted ထိတ်လန့်သည်းဖို ဇာတ်ကားကို ရိုက်ကူးခဲ့သည့် ဒါရိုက်တာဖြစ်ကြောင်း သိရသည်။

Hannah Goes to Hell ဇာတ်ကားကို ယခုလကုန်ပိုင်းတွင် လော့စ်အိန်ဂျလိစ် မြို့တော်၌ စတင်ရိုက်ကူးမည် ဖြစ်ကြောင်း သိရသည်။

Hannah Goes to Hell ဇာတ်ကားသည် သားအမိနှစ်ဦး ဇာတိမြို့ငယ်သို့ ပြန်ရောက်ချိန်တွင် ရင်ဆိုင်ရမည့် ချောက်ချားဖွယ်အဖြစ်များကို ဇာတ်ပုံရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကိုမင်းသမီး ကာဆီဖော့နှင့် ဒါရိုက်တာ အင်နီဝဲလက်တို့က ရေးသားပေးထားသည်။

Ref : Russia Today
Trs : KKO



# နိုင်ငံတစ်ဝန်းရှိ အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ဒီဇင်ဘာ ၁၂ ရက်၌ ရုံတင်ပြသမည့် မောင့်မိဖုရားရုပ်ရှင်ဇာတ်ကား Family Show အခမ်းအနားကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၈**

နိုင်ငံတစ်ဝန်းရှိ အဆင့်မြင့်ရုပ်ရှင်ရုံများ၌ ဒီဇင်ဘာ ၁၂ ရက်တွင် ရုံတင်ပြသမည့် မောင့်မိဖုရားရုပ်ရှင်ဇာတ်ကား၏ Family Show အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ နဝဒေးရုပ်ရှင်ရုံတွင် ဒီဇင်ဘာ ၇ ရက်က ကျင်းပပြုလုပ်ခဲ့ကြောင်း အဆိုပါ မောင့်မိဖုရားရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ခိုင်နှင်းဝေထံမှ သိရသည်။

အဆိုပါ မောင့်မိဖုရားရုပ်ရှင်ဇာတ်ကား၏ ဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဒါရိုက်တာ မယ်မင်းဘုံက ရေးသားထားကာ အောင်သိရိ ရုပ်ရှင် ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ မယ်မင်းဘုံကပင် တာဝန်ယူပုံဖော် ရိုက်ကူးထားကြောင်း သိရသည်။

"ဒီဇာတ်ကားမှာ ဒေါ်မြဲညို ကာရိုက်တာကို ပီပြင်အောင် အကောင်းဆုံးကြိုးစားထားတယ်။ အလှအပဆိုတာထက် ကိုယ့်ဇာတ်ရုပ်ပီပြင်ဖို့ပဲ။ မိတ်ကပ်အညိုတွေ လိမ်း၊ သွားတွေကအစပေါ့နော် ပြင်ဆင်ခဲ့တယ်။ ဒေါ်မြဲညိုက ပေးဆပ်စွန့်လွှတ် အနစ်နာခံတဲ့ မိခင်မျိုးဖြစ်အောင် ကြိုးစားထားပါတယ်။ အကယ်ဒမီကတော့ ပေးရင်တော့ လိုချင်တာပေါ့။ တကယ်တော့ ဒါက အနုပညာ သမားတိုင်းရဲ့ မှတ်တိုင်ပဲမို့ပါ" ဟု သရုပ်ဆောင် ခိုင်နှင်းဝေက ပြောပြသည်။

အဆိုပါ မောင့်မိဖုရားရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် တိုင်ရွှန်၊ ဗညားဟန်းပြည့်၊ သီဟတင်အောင်စိုး၊ မင်းသိခ္ခ၊ ထူးမြတ်၊ ရန်ပိုင်၊ စိုးမြတ်သူဇာ၊ ခိုင်နှင်းဝေ၊ ယုသန္တာတင်၊ ရတနာဗို၊ မြတ်ကေသီအောင်၊ ခင်စိုးပိုင်၊ ဝါဝါအောင်၊ အိမ့်ကြာဖြူ၊ ဒေါ်နန်းခမ်းဝါ၊ ဒေါ်ဒယ်ဘီ၊ စင်သီယာ၊ အေးမို့မို့ဇော်နှင့် သရုပ်ဆောင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Continued demolition of buildings used for online scams and gambling in KK Park area; 232 illegal foreign nationals arrested near Myawady

A single-storey residential building in Ward (3), Myawady town used for online gambling operations.



Before demolition.



After demolition.

A three-storey residential building in Ward (3), Myawady town used for online gambling operations.



Before demolition.



After demolition.

**Nay Pyi Taw December 8**

The government of Myanmar is carrying out clearance operations, systematic demolition, and sealing of illegal structures within the areas of Shwe Kokko and Myawady-Maehtawthalay (KK Park), where online scam and online gambling operations are most heavily concentrated. Joint teams, including security force members, administrative organizations, and local officials, are conducting these operations. To date, 341 illegal buildings within the KK Park area have been systematically demolished, and equipment used for online scam and gambling operations within the Shwe Kokko area has been systematically burned to prevent reuse.

Today, 8 more illegal buildings within Section (3) of the Myawady-Maehtawthalay (KK Park) area were demolished, comprising 6 two-storey building, 1 three-storey building, and 1 four-storey building. This brings the total number of buildings demolished in Section (3) to 193 out of 425. Overall, 341 out of a total of 635 illegal buildings within the KK Park area have been demolished.





Views of equipment used for online scams and gambling operations being incinerated and destroyed within the Shwe Kokko area.

Authorities are conducting extensive arrests and crackdowns against those involved in crimes including online gambling and online scams. Today, based on intelligence, joint security teams in Myawady city conducted inspections in surrounding areas and set up checkpoints at entry/exit points and road junctions. During these operations, they intercepted 4 ten-wheeled vehicles traveling from Lay Kayet Kaw towards Myawady on the Falu-Laykeikkaw-Myawady road, near Mitar Lin Myaing village. A total of 232 illegal entrants were apprehended from these vehicles, comprising 217 Chinese male nationals and 15 Chinese female nationals. Furthermore, within Ward (3) of Myawady town, 8 buildings (5 three-storey and 3 one-storey) used for online scam and gambling operations were discovered. Demolition was carried out to prevent their reuse. Today, an additional 2 three-storey buildings and 1 one-storey building were demolished, completing the demolition of all identified buildings in that location.

Additionally, equipment used for online scam and gambling operations within the KK Park and Shwe Kokko areas in Myawady Township was also systematically burned today to prevent its reuse.

Furthermore, guided by humanitarian and friendly considerations, the government is repatriating foreign nationals involved in illegal online gambling, online scams, and other crimes to their respective countries. Today, a total of 72 individuals—56 Indonesians, 7 Ethiopians, 4 Uzbeks, 4 Ghanaians, and 1 Kyrgyz national—were handed over in accordance with legal procedures via the Myanmar-Thailand Friendship Bridge No. (2).

The government, treating the suppression of online scam and gambling activities as a national duty, will continue its operations in collaboration with domestic forces and neighbouring governments to ensure these activities cannot take root within Myanmar. 100

# 377 schools in Cambodia closed due to border conflict with Thailand

**Phnom Penh December 8**

The Cambodian government said on Monday that a total of 377 schools in border provinces have been shut down due to the ongoing border conflict with Thailand.

"The closure has affected 78,585 students and 3,197 teachers," the Ministry of Education, Youth and Sport said in a post on its official Facebook page.

The main affected provinces are Oddar Meanchey, Preah Vihear, and Banteay Meanchey.

Cambodian Information Minister Neth Pheaktra said on Monday that four innocent Cambodian civilians have been killed in the conflict, with nine others wounded, as tens of thousands of people have fled their homes near the border for safe shelters.

"Three civilians were killed in Oddar Meanchey province and one was killed in Preah Vihear province," he told Xinhua by telephone.

Xinhua


# Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# More than 1,000 acres of kitchen crops grown in Pwintbyu Township


A kitchen crop plantation.

**Pwintbyu December 8**

According to the township Agriculture Department, local farmers planted 1,034 acres of kitchen crops as cold season crops in Pwintbyu Township of Magway Region this year.

In Pwintbyu Township, 2,438 acres of kitchen crops have been planned for cultivation during this year’s winter crop season. Planting began in October, and as of today, a total of 1,034 acres have been cultivated.

“In Pwintbyu Township, we planned to cultivate 2,438 acres of kitchen crops this winter season. So far, 1,034 acres have been cultivated. Efforts are underway to ensure the full targeted acreage is achieved. To support successful cultivation and to ensure the crops produced are healthy and of good quality, we are guiding farmers to follow GAP practices, and to use natural fertilizers and natural pesticides through proper agricultural techniques,” said Daw Moe Moe Wai, Head of the Pwintbyu Township Agriculture Department.

During this winter season, local farmers in Pwintbyu Township, under the supervision of the Township Agriculture Department, have been working to meet the targeted acreage for kitchen crops. As of today, 490 acres of dried chili, 520 acres of red onion, and 24 acres of garlic — totaling 1,034 acres — have been cultivated.

If kitchen crops are cultivated with food safety, high yield, and quality in mind, they can satisfy local consumption needs and generate additional income through the sale of surplus produce, contributing to improved socio-economic conditions in the township. Therefore, efforts should be made to expand kitchen-crop cultivation, according to Daw Moe Moe Wai.

Ye Win Naing (NyaungU)

# 7.6-magnitude earthquake strikes northern, north-eastern Japan, tsunami warning issued

**Tokyo December 8**

An earthquake with a preliminary magnitude of 7.6 struck northern and northeastern Japan on Monday, the country's weather agency said.

According to the Japan Meteorological Agency (JMA), the quake's epicenter was located off Aomori Prefecture at a latitude of 41.0 degrees north and a longitude of 142.3 degrees east.

The JMA has issued a tsunami advisory for the eastern coast of the prefecture and other areas along the Pacific coast. Xinhua

# Yinmabin District grow more than 15,000 acres of green gram

**Yinmabin December 8**

Statistics of Sagaing Region Agriculture Department mentioned that local farmers have planted more than 15,000 acres of green gram in Yinmabin District.

During the 2025–2026 winter crop season, Yinmabin District has planned to cultivate 18,075 acres of green gram. Planting began in October this year, and as of today, a total of 15,280 acres have been cultivated — 480 acres in Yinmabin Township, 7,300 acres in Kani Township, and 7,500 acres in Pale Township.

“The district has planned to grow 18,075 acres of green gram during the winter crop season. So far, more than 15,000 acres have already been cultivated. Efforts are underway to complete the full targeted acreage. Awareness activities are being carried out to expand cultivation and to promote the use of quality and pure seeds for better yields,” said Dr Tin Mar Mar Oo, Assistant Director of the Sagaing Region Agriculture Department.

For the 2025–2026 winter crop season, the green gram cultivation targets by township in Yinmabin District are 1,574 acres in Yinmabin Township, 7,500 acres in Kani Township, and 9,001 acres in Pale Township, totaling 18,075 acres.


A green gram plantation.

The respective township Agriculture Departments are providing farmers with guidance on suitable seed varieties, access to pure seeds, proper cultivation methods, pest prevention, systematic use of fertilizers, and improving yield performance.

During this year’s winter crop season, farmers growing various pulses are being supported through the provision of quality and pure seeds, necessary inputs, and post-harvest technologies in cooperation with the relevant departments to ensure good yield and quality. 206

# More than 4,000 acres of groundnut grown in Kawlin District

**Kawlin December 8**

Local farmers have grown more than 4,000 acres of groundnut as cold season crops in Kawlin District of Sagaing Region, according to the district Agriculture Department.

During the 2025–2026 winter crop season, Kawlin District has planned to cultivate 9,088 acres of groundnut. Planting began in October this year, and as of today, 4,985 acres have been cultivated — 3,278 acres in Kawlin Township and 1,707 acres in Pinlebu Township.

“For this year’s winter crop season, Kawlin District has planned to grow more than 9,000 acres of groundnut. So far, over 4,000 acres have been cultivated. Efforts are underway to reach the full targeted acreage. Groundnut cultivation is progressing successfully, and as an oil crop, it is performing well. Cultivation has been improving year by year,” said U Win Thein, Head of the Kawlin District Agriculture Department.

For the 2025–2026 winter crop season, the groundnut cultivation plan by township in Kawlin District is 6,100 acres in Kawlin Township, 2,355 acres in Wuntho Township, and 633 acres in Pinlebu Township, totaling 9,088 acres.

The cost of cultivating one acre of groundnut — including seed, labour charges, fertilizers, and pesticides — exceeds K200,000, and the expected yield is over 50 tins per acre.

This year, to ensure successful groundnut cultivation in Kawlin District, township Agriculture Department staff have been conducting field inspections, assessing pest and disease conditions, checking weed control status, and keeping field observation records. 206


A groundnut plantation.

# Groundnut in high trading at domestic market in Wakema Township

**Wakema December 8**

Groundnut is in high demand at the domestic market in Myaungmya Township of Ayeyawady Region, said Daw Htay Htay Myint, the owner of pulses and beans trading depot in Wakema Township.

Since the second week of November this year, the groundnut market in Wakema Township has improved steadily, and the increased trade is due to businesses producing groundnut oil buying more peanuts.

"Currently, the market includes both local peanuts and new peanuts brought in from other regions. The price of peanuts has risen to as high as K21,000 per viss. The improvement in groundnut oil production has contributed to better peanut sales. We expect the trade to improve even further. Even before the new summer peanuts arrive, the peanut market is performing well. Farmers, workers, and traders are all benefiting when purchasing this year’s peanuts," said Daw Htay Htay Myint, a local peanut trader in Wakema Township.

Business owners in Wakema Township purchase peanuts and process them into various products, including groundnut oil, peanut paste, and peanut snacks, which are then systematically packaged and distributed to buyer regions for sale.

Kyaw Kyaw Lin

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အိန္ဒိယ JSW ကုမ္ပဏီက အမေရိကန် Shield AI ကုမ္ပဏီနှင့်ပူးပေါင်းကာ V-BAT မောင်းသူမဲ့လေယာဉ်စက်ရုံ တည်ဆောက်နေ



အိန္ဒိယနိုင်ငံ ဂျန်ဒါဂါမြို့အခြေစိုက် ကန်ထရိုက်တာဖြစ်သည့် (JSW) ကုမ္ပဏီသည် အမေရိကန်နိုင်ငံ Shield AI ကုမ္ပဏီနှင့်ပူးပေါင်းကာ V-BAT မောင်းသူမဲ့လေယာဉ်များကို ပြည်တွင်း၌ ထုတ်လုပ်ရန်အတွက် အမေရိကန်ဒေါ်လာ သန်း ၉၀ တန် စက်ရုံအသစ်တစ်ခုကို စတင်တည်ဆောက်နေပြီဖြစ်သည်ဟု The Defense Post သတင်းဌာနက ဒီဇင်ဘာ ၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အိန္ဒိယနိုင်ငံ မဟက်ရ်ဝရမ်မြို့ရှိ အီလက်ထရွန်နစ်စက်ပစ္စည်းများ ထုတ်လုပ်ရန်တည်ရှိသော အခြေခံအဆောက်အအုံနေရာတွင် မောင်းသူမဲ့လေယာဉ်ထုတ်လုပ်ရေး၊ ထောက်လှမ်းရေး၊ စောင့်ကြည့်ရေးနှင့်ကင်းထောက်ရေး ပလက်ဖောင်းအဖြစ်အသုံးပြုနိုင်မည့် V-BAT မောင်းသူမဲ့လေယာဉ်ထုတ်လုပ်ခြင်း၊ တပ်ဆင်ခြင်းနှင့်စမ်းသပ်ခြင်းများ ပြုလုပ်သွားမည်ဖြစ်သည်။ အဆိုပါထုတ်လုပ်မှုသည် လာမည့် ၂၀၂၆ ခုနှစ်နှောင်းပိုင်းတွင် စတင်နိုင်မည်ဟု မျှော်မှန်းရသည်။

JSW ကုမ္ပဏီ၏အဆိုအရ ဤစီမံကိန်းသည် ကုမ္ပဏီကို နိုင်ငံအတွင်း V-BAT မောင်းသူမဲ့လေယာဉ်စနစ်ကို တည်ဆောက်ခွင့်နှင့် ပြည်တွင်းပံ့ပိုးရေးကွင်းဆက်တစ်ခုကို တိုးတက်ဖွံ့ဖြိုးစေမည့် ရေရှည်နည်းပညာလွှဲပြောင်းရေးသဘောတူညီချက်ဖြင့် ကျောထောက်နောက်ခံပြုပေးထားကြောင်း သိရှိရသည်။

ဤရင်းနှီးမြှုပ်နှံမှုသည် ကမ္ဘာလုံးဆိုင်ရာ လုပ်ဆောင်မှုအစီအစဉ် လိုင်စင်ထုတ်ပေးရေး အခြေခံအဆောက်အအုံနှင့် လုပ်သားအင်အား စွမ်းဆောင်ရည်မြှင့်တင်ရေး စသည့်လုပ်ဆောင်မှုများကို ပံ့ပိုးပေးနိုင်လိမ့်မည်ဖြစ်သည်။

JSW ကုမ္ပဏီမှ Parth Jindal က စက်ရုံပန္နက်တင် အခမ်းအနားတွင် ယနေ့အောင်မြင်မှု မှတ်တိုင်သည် နောက်မျိုးဆက်ကာကွယ်ရေး နည်းပညာများတွင် အိန္ဒိယနိုင်ငံ၏ ကိုယ့်အားကိုယ်ကိုးရေးအစီအစဉ်အတွက် အခန်းကဏ္ဍသစ်တစ်ခုကို ရဲရဲရင့်ရင့် ဖွင့်လှစ်လိုက်ခြင်းပင်ဖြစ်သည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၏ Shield AI နှင့် ပူးပေါင်းဆောင်ရွက်မှုသည် အိန္ဒိယနိုင်ငံသို့ အရေးပါသော ကမ္ဘာလုံးဆိုင်ရာ စံနှုန်းသတ်မှတ်ထားသော စွမ်းဆောင်ရည်များကို ယူဆောင်လာရန် ကျွန်တော်တို့၏ ဘုံရည်မှန်းချက်ကို ထင်ဟပ်စေသည်ဟု ထည့်သွင်းပြောဆိုခဲ့သည်။

အမေရိကန် Shield AI ကုမ္ပဏီ၏ အိန္ဒိယနိုင်ငံဆိုင်ရာ မန်နေးဂျင်းဒါရိုက်တာ Sarjan Shah ကလည်း ဤစက်ရုံအသစ်သည် အဖွဲ့၏ယုံကြည်မှု၊ ပွင့်လင်းမြင်သာမှုနှင့် ဘုံမဟာဗျူဟာမြောက်ဦးစားပေးမှုများပေါ်တွင် တည်ဆောက်ထားသော အိန္ဒိယ-အမေရိကန်ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုနက်ရှိုင်းစေရန် ပူးတွဲမျှော်မှန်းချက်ကို ရှေ့ရှုဆောင်ရွက်ပေးလိမ့်မည်ဟု ထပ်လောင်းပြောကြားခဲ့ကြောင်း သိရသည်။

Shield AI ကုမ္ပဏီထုတ် V-BAT မောင်းသူမဲ့လေယာဉ်တွင် ဒေါင်လိုက်ပျံတက်ခြင်းနှင့် ဆင်းသက်ခြင်း (VTOL) စွမ်းရည်ရှိသော တောင်ပံပုံသေတပ်လေယာဉ်ကိုယ်ထည် တပ်ဆင်ထားသည်။ ၎င်းကို အမေရိကန်မရိန်းတပ်ဖွဲ့နှင့် ကမ်းခြေစောင့်တပ်ဖွဲ့အပါအဝင် နိုင်ငံတချို့တွင်လည်း လက်ရှိအသုံးပြုနေပြီဖြစ်သည်။ ကိုးပေ (သုံးမီတာ) အရွယ် မောင်းသူမဲ့လေယာဉ်ကို ပစ်ကပ်ထရပ်ကား သို့မဟုတ် ရဟတ်ယာဉ်ဖြင့် သယ်ယူနိုင်ပြီး အထူးကျွမ်းကျင်သူနှစ်ဦးဖြင့် မိနစ် ၂၀ အတွင်း ဖြန့်ကြက်နိုင်ကာ payload အလေးချိန် ၂၅ ပေါင်ထိ သယ်ဆောင်နိုင်သည်။ အလေးချိန် ၁၂၅ ပေါင်ရှိသော ဤမောင်းသူမဲ့လေယာဉ်တွင် မြင်းကောင်ရေ ၂၄ အားပါသော အင်ဂျင်ကို တပ်ဆင်ထားပြီး အများဆုံး ၅၆ အမြန်နှုန်းမိုင်၊ ကီလိုမီတာ ၉၀ နာရီနှင့် အမြင့်ပေ ၂၀၀၀၀ ထိ ပျံသန်းစစ်ဆင်နိုင်စွမ်းရှိကြောင်း သိရသည်။

**India's JSW Breaks Ground on $90M Shield AI V-BAT Factory in Hyderabad** ကို ဘာသာပြန်ဆိုထားပါသည်။

## ဂျာမနီနိုင်ငံက အစ္စရေးနိုင်ငံမှ Arrow 3 ဒုံးကျည်ကာကွယ်ရေးစနစ်များ လက်ခံရရှိခဲ့

ဂျာမနီနိုင်ငံသည် အစ္စရေးနိုင်ငံမှ Arrow 3 ဒုံးကျည်ကာကွယ်ရေးစနစ်များကို လက်ခံရရှိခဲ့ပြီး ၎င်းသည်အဆင့်မြင့်ပဲ့ထိန်းဒုံးကျည်တိုက်ဖျက်ရေး လက်နက်ကို အစ္စရေးနိုင်ငံပြင်ပတွင် ပထမဆုံး အသုံးပြုသည့် နိုင်ငံဖြစ်လာကြောင်း ဒီဇင်ဘာ ၃ ရက်တွင် Defence-Blog သတင်းဌာနက ရေးသားဖော်ပြထားသည်။

ဤပေးပို့မှုသည် ဂျာမနီနိုင်ငံအတွက် ဒုံးကျည်ကာကွယ်ရေးအနေအထားတွင် အဓိကခြေလှမ်းတစ်ရပ်ကို ဖော်ပြနေပြီး ဥရောပနှင့် NATO လုံခြုံရေးအတွက် ၎င်း၏ အခန်းကဏ္ဍကို ချဲ့ထွင်နေခြင်းလည်းဖြစ်သည်။

Arrow 3 ကို Israel Aerospace Industries (IAI) နှင့် Boeing ကုမ္ပဏီတို့ ပူးတွဲတီထွင်ထားပြီး ကမ္ဘာ့လေထုပြင်ပရှိ အာကာသအတွင်း၌ တိုက်ချင်းပစ်ပဲ့ထိန်းဒုံးကျည်များကို ကြားဖြတ်တိုက်ခိုက်ရန် ဒီဇိုင်းထုတ်ထားသည်။ အစ္စရေးအရာရှိများ၏ အဆိုအရ ဤလွှဲပြောင်းပေးအပ်မှုသည် လွန်ခဲ့သောနှစ်နှစ်က ချုပ်ဆိုခဲ့သော အမေရိကန်ဒေါ်လာ ၃ ဒသမ ၉ ဘီလီယံတန်ဖိုးရှိ ဝယ်ယူရေးစာချုပ်အရ ပေးပို့ခြင်းဖြစ်ကြောင်းသိရှိရသည်။

ဂျာမနီသည် Arrow 3 ဒုံးကျည်ကာကွယ်ရေးစနစ်များကို ဘာလင်မြို့တောင်ဘက် ကီလိုမီတာ ၁၂၀ ခန့်အကွာရှိ Holzdorf လေတပ်စခန်းတွင် ဖြန့်ကြက်ရန်စီစဉ်ထားသည်။ ထပ်ဆောင်းစနစ်များကို အနောက်မြောက်ပိုင်းနှင့်တောင်ပိုင်းဂျာမနီရှိ နေရာများတွင် တပ်ဆင်ရန် မျှော်မှန်းထားသည်။ အစ္စရေးနှင့် ဂျာမနီကာကွယ်ရေးအရာရှိများ၏ အဆိုအရ ပထမဆုံး Arrow 3 စနစ်များကို ၂၀၂၆ ခုနှစ်အစောပိုင်းတွင် စတင်လည်ပတ်နိုင်ရန် စီစဉ်ထားသည်။

ဂျာမနီကာကွယ်ရေးဝန်ကြီးဌာနသည် ဤစနစ်ကို NATO ၏ ဒုံးကျည်ကာကွယ်ရေးကွန်ရက်ထဲသို့ ပေါင်းစည်းမည်ဟု အတည်ပြုထားသည်။ Arrow 3 ဒုံးကျည်ကာကွယ်ရေးစနစ်၏ ဖြန့်ကြက်မှုသည် ဥရောပ၏ နယ်နိမိတ်ပြင်ပမှ ခြိမ်းခြောက်မှုများကို တန်ပြန်ရန်အတွက် အမြင့်ပေမြင့်မားသော တာဝေးပစ်ကြားဖြတ် ဖျက်ဆီးနိုင်စွမ်း၏မဟာဗျူဟာမြောက် အလွှာသစ်တစ်ခုကို ပံ့ပိုးပေးရန်ရည်ရွယ်သည်။

ဂျာမနီသည် ၂၀၂၂ ခုနှစ်တွင် ဥရောပ တစ်လွှားစစ်ရေးအသင့်ပြင်မှုနှင့် လေကြောင်းရန် ကာကွယ်ရေးလိုအပ်ချက်များကို ကျယ်ကျယ်ပြန့်ပြန့် ပြန်လည်သုံးသပ်မှုများဖြစ်ပေါ်လာပြီးနောက် Arrow 3 ဒုံးကျည်ကာကွယ်ရေးစနစ်ကို ရွေးချယ်ခဲ့သည်။ ဤစနစ်ဝယ်ယူမှုသည် NATO



ဦးဆောင်သော ခေတ်မီရေးကြိုးပမ်းမှုများတွင် ဂျာမနီ၏ အဓိကကာကွယ်ရေး ဝယ်ယူမှုများထဲမှ တစ်ခုဖြစ်သည်။

အစ္စရေးကာကွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ Arrow 3 ဒုံးကျည်ကာကွယ်ရေးစနစ်သည် ယခုနှစ်အစောပိုင်းက အီရန်နှင့် ၁၂ ရက်ကြာ တိုက်ခိုက်မှုများအတွင်း အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့ကြောင်း သိရသည်။ ပဋိပက္ခအတွင်း ဤစနစ်သည် တာဝေးပစ်ဒုံးကျည်များကို ၈၆ ရာခိုင်နှုန်းဖြင့် အောင်မြင်စွာ ကြားဖြတ်တိုက်ခိုက်နိုင်ခဲ့ကြောင်း သိရှိရသည်။

အစ္စရေးအရာရှိများ၏ အဆိုအရ ဂျာမနီတို့မှ ပစ်လွှတ်သော ဒုံးကျည်တိုက်ခိုက်မှုများကို ကြားဖြတ်တိုက်ခိုက်ရာတွင်လည်း Arrow 3 ဒုံးကျည်ကာကွယ်ရေးစနစ်ကို အသုံးပြုခဲ့ကြောင်း သိရသည်။

**Germany gets Arrow 3 missile defense system from Israel.** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# စစ်ကိုင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၁၆၄၁ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဒီဇင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၁၆၄၁ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းခရိုင်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ငရုတ် ၂၃၇၃ ဧက ထိ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလ တတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ စစ်ကိုင်းမြို့နယ်တွင် ၆၅၆ ဧက၊ မြင်းမူမြို့နယ်တွင် ဧက ၃၄၀ နှင့် မြောင်မြို့နယ်တွင် ၆၄၅ ဧက စုစုပေါင်း ၁၆၄၁ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ စစ်ကိုင်းခရိုင်မှာ ငရုတ် ၂၃၇၃ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၁၆၄၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးနေပါတယ်။ ငရုတ်သီးစိုက်ပျိုးမှုတွေကတော့ အခြေအနေကောင်းမွန်ပါတယ်" ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

စစ်ကိုင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ်သီးနှံ စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ၁၁၅၂ ဧက၊ မြင်းမူမြို့နယ်တွင် ဧက ၄၅၀နှင့် မြောင်မြို့နယ်တွင် ၇၇၁ ဧက စုစုပေါင်း ၂၃၇၃ ဧက တို့ဖြစ်ကြောင်း သိရသည်။

ငရုတ်သီးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ငရုတ်သီးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးကြရမည်ဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ကန်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စပါး ၅၂၅၉၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်

**ပုသိမ် ဒီဇင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးထားသည့် စပါး ၅၂၅၉၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၁၄၃၉၆၀ ထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သည့် မိုးစပါးစိုက်ခင်းများကို ယခုနှစ် အောက်တိုဘာ ပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် စပါး ၅၂၅၉၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၁၁ ဒသမ ၁၇ တင်း ထွက်ရှိကြောင်း သိရသည်။

"မိုးသီးနှံ စိုက်ပျိုးရာသီက မိုးစပါးတွေကို အခက်အခဲမရှိ စိုက်နိုင်ဖို့၊ စိုက်နည်းစနစ်တွေ မှန်ကန်စေဖို့နဲ့ မြေဆီလွှာပြုပြင်တဲ့လုပ်ငန်းတွေကို ကွင်းဆင်း သရုပ်ပြတာ၊ ဓာတ်မြေသြဇာ အသုံးပြုနည်းစနစ်တွေ မှန်ကန်စေဖို့ ဆောင်ရွက်ပေးတာစတဲ့ နည်းပညာပေး လုပ်ငန်းတွေကို ကြိုတင် စီမံဆောင်ရွက်ပေးခဲ့ပါတယ်။ အခုနှစ် စပါးစိုက်ပျိုးရာသီမှာစပါးလျာထားဧက ၁၄၃၀၀၀ ကျော်ထိ လျာထားစိုက်ပျိုးခဲ့တာဖြစ်တယ်" ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။



ကန်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် မိုးစပါးများရာနှုန်းပြည့် စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန စသည့်ဌာနများက ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါကဒေသတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကိုပြည်ပသို့ ပို့ကုန်အဖြစ် တင်ပို့ရောင်းချနိုင်မည် ဖြစ်သောကြောင့် စပါးကို ဒေသမရွေးပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူထံမှ သိရသည်။

**ကျော်ကျော်လင်း**

# သနပ်ပင်မြို့နယ် မိုးခိုင်လေးကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သနပ်ပင် ဒီဇင်ဘာ ၈**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုးခိုင်လေးကျေးရွာအုပ်စု မိုးခိုင်လေးကျေးရွာ၌ ကျေးရွာမတည်စီမံကိန်း (VRFP) ရန်ပုံငွေ ဆင့်မအကြိမ် ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သနပ်ပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းက ကျေးရွာတာဝန်ရှိသူများ၊ VRFP စီမံကိန်း အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း အကောင်အထည်ဖော်ရခြင်း၏ ရည်ရွယ်ချက်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းနှင့် ဝန်ထမ်းများက VRFP စီမံကိန်းရန်ပုံငွေ ကြီးကြပ်မှု ကော်မတီဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် သိန်း ၄၄၀ ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မိုးခိုင်လေးကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ကြီးကြပ်မှု ကော်မတီဝင်များနှင့်အတူ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူဦးရေ ၈၀ ကို ငွေကျပ် ၃၀၇ ဒသမ ၈ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၃၇ ဦးကို ငွေကျပ် ၁၃၂ ဒသမ ၂သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၇ ဦးအတွက် VRFP စီမံကိန်းရန်ပုံငွေကျပ် သိန်း ၄၄၀ ကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**နွဲ့ယဉ်**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မိဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# ဘားအံမြို့နယ် လှိုင်-ကျောက်ကလပ်ကျေးရွာချင်းဆက်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး



**ဘားအံ ဒီဇင်ဘာ ၈**

ကရင်ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဘားအံခရိုင် ဘားအံမြို့နယ်အတွင်း ကျေးရွာနေပြည်သူများ သွားလာရေး အဆင်ပြေစေရန်ရည်ရွယ်၍ လှိုင် - ကျောက်ကလပ်ကျေးရွာချင်းဆက်လမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဒီဇင်ဘာ ၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဒေါ်ခင်ဇာဝင့်၊ ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဒေါ်နန်းအဲဖောင်အွာနှင့် မြို့နယ်မှတာဝန်ရှိသူများက တာဝန်ယူဖောက်လုပ်သော ကုမ္ပဏီ၊ ကွန်ကရစ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ လှိုင်- ကျောက်ကလပ်ကျေးရွာချင်းဆက်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ) ဒေါ်ခင်ဇာဝင့်က ဆောင်ရွက်ပြီး လုပ်ငန်းများအား ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် ကျေးရွာမှ တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သိရသည်။

လှိုင်-ကျောက်ကလပ် ကျေးရွာချင်းဆက်လမ်းသည် အရှည် ၆ ဖာလုံ၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မလမ်းဖြစ်ပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရခွင့်ပြုငွေကျပ် ၁၈၃ ဒသမ ၇၄၂ သန်းဖြင့် တင်ဒါ အောင်မြင်သော သိန်းရတနာလုနှင့် နေ့သစ်အောင် ကုမ္ပဏီများက ၂၀၂၅ ခုနှစ် ဇွန်လ တတိယပတ်က စတင်တာဝန်ယူ ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်သဖြင့် အဆိုပါ ကျေးရွာမှ ကျေးရွာနေပြည်သူများ ယခင်ထက် သွားလာရေး အဆင်ပြေလျက်ရှိကြောင်း ဒုတိယ ညွှန်ကြားရေးမှူး (နည်းပညာ) ဒေါ်ခင်ဇာဝင့်က ဆက်လက်ပြောပြ၍ သိရသည်။

**ကိုသက်**


တိုဗမ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှုလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ကာတာနိုင်ငံ၏ အမျိုးသားနေ့အထိမ်းအမှတ် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၈**

ကာတာနိုင်ငံ၏ အမျိုးသားနေ့အထိမ်းအမှတ် ညစာစားပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ Lotte Hotel ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော နှင့်ဇနီး တက်ရောက်သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ နိုင်ငံခြားရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော်၊ တိုင်း ဒေသကြီးဝန်ကြီးများနှင့် နိုင်ငံခြားသံရုံးများ မှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံ များ၊ကုလသမဂ္ဂဆိုင်ရာဌာနေကိုယ်စားလှယ် များနှင့် ဖိတ်ကြားထားသူများ တက်ရောက် ကြသည်။

ဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများ ကို မြန်မာနိုင်ငံဆိုင်ရာ ကာတာနိုင်ငံသံရုံး တာဝန်ခံ Mr. Ahmad Ali R.A. AL-Marri နှင့် တာဝန်ရှိသူများက ရင်းရင်းနှီးနှီးကြိုဆို နှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်သီချင်းနှင့် ကာတာနိုင်ငံတော် သီချင်းတို့ဖြင့် အခမ်းအနားကိုဖွင့်လှစ်ကြပြီး ကာတာနိုင်ငံ သံရုံးတာဝန်ခံက နှုတ်ခွန်း ဆက်စကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကာတာနိုင်ငံ သံရုံးတာဝန်ခံတို့သည် အထိမ်း အမှတ်ကိတ်ကို လှီးဖြတ်ပေးကြပြီး တက် ရောက်လာကြသူများနှင့်အတူ စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများကို ကာတာ နိုင်ငံ သံရုံးတာဝန်ခံက ကာတာနိုင်ငံ၏ အမျိုးသားနေ့အထိမ်းအမှတ် ညစာစားပွဲ ဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်း ရရှိသည်။ (၅၀၁)




နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၄၂၀၀ ခန့်ကို ဖန်တီးပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၁၄ ခုကို ခွင့်ပြု



**နေပြည်တော် ဒီဇင်ဘာ ၈**

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၆/၂၀၂၅)ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင်နေပြည်တော်ရှိရုံးအမှတ် (၅)အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာ နိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက် ကြသည်။

အစည်းအဝေးတွင် လက်ရှိဆောင်ရွက် ဆဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ခြောက်ခုမှ မတည် ငွေရင်း တိုးမြှင့်ခြင်းအပါအဝင် စက်မှုကဏ္ဍမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအသစ် ငါးခုနှင့် စက်မှုကဏ္ဍ ဟိုတယ်နှင့် ခရီးသွား ကဏ္ဍနှင့်ဝန်ဆောင်မှုကဏ္ဍတို့မှ မြန်မာ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ကိုးခု ကို ခွင့်ပြုပေးခဲ့သည်။

အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှု ပမာဏမှာအမေရိကန်ဒေါ်လာ ၅၇ ဒသမ ၂၉၅ သန်းနှင့် ကျပ် ၄၅၅၀၂ ဒသမ ၉၇၈ သန်းဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၄၁၁၉ ဦး ကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ယနေ့အစည်းအဝေးက ခွင့်ပြုပေးသည့် လုပ်ငန်းများတွင် နိုင်ငံအတွက် အဓိကလိုအပ် လျက်ရှိသည့် လျှပ်စစ်သုံး နှစ်ဘီး၊ သုံးဘီး မော်တော်ဆိုင်ကယ်တပ်ဆင်ထုတ်လုပ်ခြင်း လုပ်ငန်း၊ မော်တော်ယာဉ်အမျိုးမျိုးတပ်ဆင် ထုတ်လုပ်ခြင်းလုပ်ငန်းများနှင့် ပညာရေး ဝန်ဆောင်မှုလုပ်ငန်းများ၊ စားသောက်ကုန် ထုတ်လုပ်ငန်းများနှင့် အလုပ်အကိုင်အခွင့် အလမ်းများစွာ ဖန်တီးပေးနိုင်မည့် အထည် ချုပ်လုပ်ငန်းများလည်း ပါဝင်သည်။

၂၀၂၅ ခုနှစ် နိုဝင်ဘာလကုန်ထိ မြန်မာ နိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ၊ ဒေသ ပေါင်း ၅၃ ခုအနက် ရင်းနှီးမြှုပ်နှံမှုအများဆုံး ပြုလုပ်သော နိုင်ငံ၊ ဒေသများမှာ စင်ကာပူ နိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်ပြီး စီးပွားရေးကဏ္ဍ ၁၂ ခုအနက် အများဆုံး ရင်းနှီးမြှုပ်နှံထားသည့်ကဏ္ဍများမှာ လျှပ်စစ် ဓာတ်အားကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံ မှု၏ ၂၈ ဒသမ ၂၈ ရာခိုင်နှုန်းဖြင့် လည်း ကောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၄ ဒသမ ၆၅ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ စက်မှုကဏ္ဍ တွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၆၀ ရာခိုင်နှုန်းဖြင့်လည်းကောင်း အသီးသီး ရင်းနှီးမြှုပ်နှံထားသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် သည် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများ ကတင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုအဆိုပြု ချက်များကို စိစစ်ခွင့်ပြုခြင်းနှင့် လက်ရှိ ဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ဆောင်မှုများကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် အညီ ပံ့ပိုးကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**○ မြန်မာအမျိုးသမီးဘောလုံးအသင်းမှ** သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါ အမျိုးသမီးဘောလုံးပြိုင်ပွဲသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော် တောင်၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးဇော်ဇော်စိုး၊ စစ်သံမှူး ဗိုလ်မှူးချုပ်ဝင်းသူလင်း၊ ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ မြန်မာအားကစားအဖွဲ့ ခေါင်းဆောင်နှင့် အုပ်ချုပ်မှုအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာ နိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ နှင့် တာဝန်ရှိသူများအပါအဝင် အားကစား ဝါသနာရှင် ပရိသတ်အင်အား ၃၁၆၆ ဦးခန့် တစ်ခဲနက် ကြည့်ရှုအားပေးကြသည်။

ပွဲစဉ်ပထမပိုင်း ၄၅ မိနစ်တွင် ဦးဆောင် ဂိုးရရှိရေးအတွက် အကြိတ်အနယ်ယှဉ်ပြိုင် ကစားခဲ့ပြီး ၂၆ မိနစ် ၃၉ စက္ကန့်တွင် မြန်မာ အသင်းမှ ကျောနံပါတ်(၈) စန်းသော်သော်က ဦးဆောင်ဂိုး သွင်းယူခဲ့ပြီး ၃၅ မိနစ် ၂၉ စက္ကန့် တွင် မြန်မာအသင်းမှ ကျောနံပါတ် (၁၃) တိုက်စစ်မှူး မေထက်လူက ဒုတိယဂိုးထပ်မံ သွင်းယူခဲ့ရာ မလေးရှားအသင်းက ချေပဂိုး ပြန်လည်ရရှိရေးနှင့် မြန်မာအသင်းက အနိုင် ဂိုးများ ထပ်မံသွင်းယူနိုင်ရေးတို့အတွက် အကြိတ်အနယ်ယှဉ်ပြိုင်ကစား၍ ပထမပိုင်း ၄၅ မိနစ်အပြီး အချိန်ပို ငါးမိနစ်ထိ ဆက်လက် ယှဉ်ပြိုင်ကစားခဲ့သည်။

ဆက်လက်၍ ဒုတိယပိုင်း ၄၅ မိနစ်ကို ယှဉ်ပြိုင်ကစားကြရာ ၆၅ မိနစ် ၄ စက္ကန့်တွင် မြန်မာအသင်းမှ ကျောနံပါတ်(၇) ဝင်းသီဂီ ထွန်းက မြန်မာအသင်းအတွက် တတိယ မြောက်အနိုင်ဂိုး ထပ်မံသွင်းယူနိုင်ခဲ့ပြီး ပြိုင်ပွဲပြီးဆုံးချိန်တွင် မြန်မာအသင်းက မလေးရှားအသင်းကို သုံးဂိုး ဂိုးမရှိဖြင့် ယှဉ်ပြိုင် အနိုင်ရရှိခဲ့သည်။

မြန်မာအမျိုးသမီးဘောလုံးအသင်းသည် အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု(ခ)တွင် ဖိလစ်ပိုင်၊ မလေးရှားနှင့် ဗီယက်နမ်အသင်း တို့နှင့်အုပ်စုအတူကျရောက်ပြီး မြန်မာ အသင်းအနေဖြင့် ဒီဇင်ဘာ ၅ ရက်တွင် ဖိလစ်ပိုင်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ ယနေ့တွင် မလေးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားမှုတွင် သုံးဂိုးပြတ်ဖြင့်လည်းကောင်း အသီးသီးအနိုင် ရရှိခဲ့ပြီး ဒီဇင်ဘာ ၁၁ ရက်တွင် မြန်မာ အသင်းသည် တတိယပွဲစဉ်အဖြစ် ဗီယက်နမ် အသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ကစားရ မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)



မြန်မာအမျိုးသမီးအသင်းနှင့် မလေးရှားအမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

# ရှမ်းပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ကြည့်ရှုစစ်ဆေး





နေပြည်တော် ဒီဇင်ဘာ ၈

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်သည် ရှမ်းပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိန်ဝင်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မိုင်းဆတ်မြို့ရှိ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ ဝန်ထမ်းများ၊ နည်းပြများနှင့် သင်တန်းသူများကိုတွေ့ဆုံ၍ ချီးမြှင့်ငွေများပေးအပ်ကာ လက်တွေ့လေ့ကျင့်သင်ကြားနေမှု၊ အိပ်ဆောင်၊ စားရိပ်သာ၊ ဂါလန် ၂၀၀၀၀ ဆံ့ ရေသိုလှောင်ကန်နှင့် သင်တန်းကျောင်းက ဖွင့်လှစ်ထားသည့် အပ်ချုပ်ဆိုင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ပြည်ထောင်စုဝန်ကြီးသည် အဖွဲ့ဝင်များနှင့်အတူ မိုင်းဆတ်မြို့နယ် ဝမ်ဟုန်ကျေးရွာ ဝမ်ဟုန်- ဖာဖဲကျေးရွာချင်းဆက်လမ်းပေါ်၌ ၁၅၀x၁၃ ပေရှိ ကြိုးတံတားတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကာ မိုင်းတုံမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် လင်းခေးမြို့နယ် နောင်လုံကျေးရွာအုပ်စု နောင်လုံကျေးရွာအဝင်လမ်း နှစ်မိုင် နှစ်ဖာလုံအနက် တစ်မိုင် ကျောက်ခင်းခြင်းလုပ်ငန်းနှင့် Box Culvert လေးစင်း တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုနှင့်လမ်းဖောက်လုပ် ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင်ဆောင်ရွက်ရန်နှင့် လမ်းရေရှည်တည်တံ့ခိုင်မြဲစေရေး ဒေသခံပြည်သူများအနေဖြင့် ဝိုင်းဝန်းထိန်းသိမ်းသွားကြရန် မှာကြားကာ ဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် မိုးနဲ-ကင်တုံ-လုံစံ ကျေးရွာချင်းဆက်လမ်းတွင် ၃၀ x ၁၄ ပေ ကွန်ကရစ်တံတားတစ်စင်းတည်ဆောက်နေမှု၊ချဉ်းကပ်လမ်းနှင့် ကျောက်စီမြေထိန်းနံရံဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# တာမွေမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် One Stop Service ဖြင့် ဆောင်ရွက်ပေးနေမှုကို ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် လှည့်လည်ကြည့်ရှု



နေပြည်တော် ဒီဇင်ဘာ ၈

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွန်းဦး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်သို့ သွားရောက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တာမွေမြို့နယ်ဦးစီးမှူးရုံး၌ ဝန်ထမ်းများက အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် ပျက်စီး၊ ပျောက်ဆုံးသွားသည့် ဒေသခံပြည်သူများနှင့် နိုင်ငံသားစိစစ်ရေးကတ် မရရှိသေးသူများအား ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့်ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးကာ လာရောက်ဆောင်ရွက်ကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒေသခံပြည်သူများကို ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်၍ One Stop Service ဖြင့် လုပ်ငန်းစဉ်အဆင့်ဆင့် ဆောင်ရွက်နေမှုနှင့် နိုင်ငံသားစိစစ်ရေးကတ် ရရှိပြီးသူများကို e-ID စနစ်ဖြင့် Biographic/ Biometric ကောက်ယူကာ Unique ID နံပါတ် တစ်ပါတည်းဆောင်ရွက်ထုတ်ပေးနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် မြို့နယ်ရုံး၊ ရုံးခန်းများအတွင်း ရုံးစာရွက်စာတမ်းများနှင့် ရုံးသုံးပစ္စည်းများထိန်းသိမ်းထားရှိမှု၊ မှတ်တမ်းခန်းအတွင်း ကိုယ်ရေးမှတ်တမ်းများ စနစ်တကျထိန်းသိမ်းထားရှိမှု အခြေအနေများ လှည့်လည်ကြည့်ရှုစစ်ဆေးကာ စာရွက်စာတမ်းနှင့် စက်ပစ္စည်းကိရိယာများ လုံခြုံမှုရှိစေရေး၊ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဌာနနှင့်ပတ်သက်သည့် လက်ငင်းဦးစားပေးလုပ်ငန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးရေးတို့အတွက် ဆက်စပ်ဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရေး မှာကြားကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများပေးအပ်သည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးရုံးခန်း၌ ခရိုင်နှင့်မြို့နယ်အဆင့်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများကို တွေ့ဆုံကာ မကြာမီကျင်းပတော့မည့် ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်စာရင်းတိကျမှန်ကန်ရေးနှင့် ရွေးကောက်ပွဲအောင်မြင်ရေးတို့အတွက် ဆက်စပ်ဌာနအချင်းချင်း ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ကြရေး မှာကြားကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# သွားလာရေးနှင့် လူမှုရေးခက်ခဲသောဒေသများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ခြောက်ခုတို့မှ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သည့် ကျောင်းသား၊ ကျောင်းသူများကို ဆေးတက္ကသိုလ်ဝင်ခွင့်လျှောက်လွှာခေါ်ယူသည့် ကြေညာချက်

နေပြည်တော် ဒီဇင်ဘာ ၈

၂၀၂၅ ပညာသင်နှစ် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ဆေးတက္ကသိုလ်များအတွက် နိုင်ငံတော်က ထုတ်ပြန်ထားသော ဒေသစရိတ်ခံစားခွင့်ရှိသည့် သွားလာရေးနှင့် လူမှုရေးခက်ခဲသော ဒေသများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ခြောက်ခု (နာဂ၊ ဓနု၊ ပအိုဝ်း၊ ပလောင်၊ ကိုးကန့်၊ “ဝ”)တို့မှ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး အခြေခံပညာသင်တန်း(GRADE-10, GRADE-11, GRADE-12)များကို ၎င်းဒေသများတွင် ဆက်တိုက်ပညာသင်ကြားခဲ့သော ကျောင်းသား၊ ကျောင်းသူများကို ဆေးတက္ကသိုလ်ဝင်ခွင့် လျှောက်လွှာခေါ်ယူထားကြောင်း၊ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ကြောင်း ဖော်ပြအပ်ပါသည်။

လျှောက်လွှာများကို ဒီဇင်ဘာ ၁၈ ရက်နောက်ဆုံးထား၍ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနသို့ တိုက်ရိုက်ပေးပို့လျှောက်ထားရမည်ဖြစ်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန Website www.moh.gov.mm နှင့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန Website www.hrh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း ကြေညာအပ်ပါသည်။

# ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အတွက် ကုလသမဂ္ဂလူငယ်ရေးရာ လက်ထောက်အတွင်းရေးမှူးချုပ်၏ သဝဏ်လွှာ

၁။ အဂတိလိုက်စားမှုသည် အမြဲတမ်းသိသာမြင်သာသော ကိစ္စရပ်တစ်ခုမဟုတ်သော်လည်း ၎င်း၏အကျိုးသက်ရောက်မှုမှာ နေရာတိုင်းတွင် တည်ရှိနေပါသည်။ ၎င်းသည် အစိုးရအဖွဲ့အစည်းများကို အားနည်းစေပြီး လူသားအားလုံးကို ထိခိုက်စေကာ မညီမျှမှုများကို တိုးပွားစေပြီး အများပြည်သူ၏ယုံကြည်မှုကို တိုက်စားပျက်စီးစေပါသည်။ အဂတိလိုက်စားမှုပုံနှိပ်များပြားလာသောအခါ လူ့အဖွဲ့အစည်းအတွင်း တင်းမာမှုများ ပိုမိုနက်ရှိုင်းလာပြီး လူမှုအသိုက်အဝန်းသည်လည်း ပဋိပက္ခဖြစ်ပွားရန် ထိလွယ်ရှလွယ်ဖြစ်လာပါသည်။

၂။ ယခုအပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့တွင် ကမ္ဘာတစ်ဝန်းရှိလူငယ်များသည် ဤစိန်ခေါ်မှုများကို သိရှိနားလည်ပြီး အခြေအနေမှန်များကို ရှင်းရှင်းလင်းလင်းသိမြင်ကြောင်းကို ကျွန်ုပ်တို့ လက်ခံအသိအမှတ်ပြုပါသည်။ ၎င်းတို့သည် ပိုမိုပွင့်လင်းမြင်သာမှုရှိသော၊ တရားမျှတသော၊ တာဝန်ယူမှုရှိသောစနစ်များကို တောင်းဆိုနေကြပါသည်။ ၎င်းတို့၏ ဖြောင့်မတ်တည်ကြည်မှုအတွက် တောင်းဆိုချက်သည် တည်ငြိမ်မှု၊ အားလုံးပါဝင်မှုနှင့် ငြိမ်းချမ်းရေးအတွက် ပိုမိုကျယ်ပြန့်သော ရည်မှန်းချက်တစ်ခု ဖြစ်ပါသည်။

၃။ ဤသတင်းစကားသည် ယခုအချိန်တွင် အလွန်ပင်သင့်လျော်သည့် သတင်းစကားတစ်ခုဖြစ်ပါသည်။ အကြောင်းမှာ ယခုနှစ် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့သည် လူငယ်၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်၏ ၁၀ နှစ်မြောက်နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုကျင်းပသောကြောင့်ဖြစ်ပါသည်။ ထိုဆုံးဖြတ်ချက်သည် ပဋိပက္ခများကို တားဆီးကာကွယ်ခြင်းနှင့် ငြိမ်းချမ်းရေးကို ရေရှည်တည်တံ့စေခြင်းတို့တွင် လူငယ်များ၏ အခန်းကဏ္ဍကို ချိတ်ဆက်အတည်ပြုပေးခဲ့သည့် မှတ်တိုင်တစ်ခု ဖြစ်ပါသည်။

၄။ ဆယ်စုနှစ်တစ်ခုအကြာတွင် အပြည်ပြည်ဆိုင်ရာအသိုက်အဝန်းသည် **“လူငယ်များ၏ ထိရောက်တက်ကြွသော ပါဝင်မှုမရှိပါက ငြိမ်းချမ်းရေးရရှိရန် မဖြစ်နိုင်ပါ”** ဟူသော ရိုးရှင်းသည့် အမှန်တရားတစ်ခုကို အသိအမှတ်ပြုခဲ့ပါသည်။ ယနေ့တွင် ၎င်းတို့၏အခန်းကဏ္ဍသည် ပိုမိုရှင်းလင်းမြင်သာလာပါသည်။ ရိုးသားဖြောင့်မတ်မှုနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးတို့သည် လူငယ်၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ မူဘောင်များအပေါ် တိုက်ရိုက်သက်ရောက်မှုရှိသော တည်ငြိမ်ရေးဆိုင်ရာ အစီအစဉ်၏ ဗဟိုအချက်အချာဖြစ်ပါသည်။

၅။ လူငယ်များသည် ကျင့်ဝတ်နှင့်ညီသော ခေါင်းဆောင်မှု၊ အားလုံးပါဝင်သော စီမံအုပ်ချုပ်မှုနှင့် ပိုမိုတရားမျှတသော အဖွဲ့အစည်းများ ဖြစ်ပေါ်စေရန် တွန်းအားပေးဆောင်ရွက်ခြင်းအားဖြင့် ပဋိပက္ခများ မဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ရန် အထောက်အကူဖြစ်စေပါသည်။ လူငယ်များသည် ရေရှည်တည်တံ့သောငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့၏ အခြေခံအုတ်မြစ်များကို တည်ဆောက်နေကြပါသည်။ ရပ်ရွာအခြေပြုအစီအစဉ်များကို ဦးစီးဆောင်ရွက်ခြင်းမှစ၍ ပွင့်လင်းမြင်သာမှုအတွက် ဆန်းသစ်သောဒစ်ဂျစ်တယ်ကိရိယာများ ဖန်တီးခြင်းထိ အများပြည်သူဘဝအတွက် လမ်းညွှန်မှုအခြေခံမူများဖြစ်သည့် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှုရှိသော အနာဂတ်ကို လူငယ်များက ပုံဖော်နေကြပါသည်။ ၎င်းတို့၏ဆောင်ရွက်ချက်များသည် **“ဖြောင့်မတ်တည်ကြည်မှု မြင့်မားပါက ငြိမ်းချမ်းရေးရရှိနိုင်မှုမြင့်မားစေမည်”** ဟူသည့်အချက်ကို ဖော်ပြနေခြင်းဖြစ်သည်။

၆။ သို့ရာတွင် ဤကဲ့သို့သောအနာဂတ်ကို ဖန်တီးပုံဖော်ခြင်းသည် လူငယ်များတွင်သာ တာဝန်ရှိသည်မဟုတ်ဘဲ လူသားတိုင်း၏ တာဝန်ဖြစ်ပါသည်။ အနာဂတ်ကိုဖန်တီးရာတွင် ပွင့်လင်းမြင်သာသော ဆွေးနွေးညှိနှိုင်းမှု၊ ပူးပေါင်းဆောင်ရွက်မှု၊ မတူကွဲပြားသောအမြင်များကို လေးစားမှုနှင့် အပြန်အလှန်ယုံကြည်မှုတည်ဆောက်ရန် ကတိကဝတ်ပြုမှုတို့ လိုအပ်ပါသည်။ ဖြောင့်မတ်တည်ကြည်မှု၊ ပွင့်လင်းမြင်သာမှုနှင့် ကျင့်ဝတ်သိက္ခာရှိသောအပြုအမူကို ပံ့ပိုးခြင်းသည် လူတိုင်းအတွက် အကျိုးရှိစေမည်ဖြစ်ပါသည်။

၇။ ကျွန်ုပ်တို့သည် လူငယ်များနှင့်အတူ ရပ်တည်ပြီး ဤတန်ဖိုးများကို မြှင့်တင်ပေးခြင်းဖြင့် ယုံကြည်မှု၊ ခံနိုင်ရည်ရှိမှုနှင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးတို့ဖြင့် အခြေခံထားသော လူမှုအသိုက်အဝန်းများကို ဖန်တီးနိုင်မည်ဖြစ်ပါသည်။ ငြိမ်းချမ်းရေးရှိမှသာ လူငယ်လူရွယ်တိုင်း အောင်မြင်မှုပန်းတိုင်သို့ ရောက်ရှိနိုင်မည်ဖြစ်ပြီး ဂုဏ်သိက္ခာရှိစွာ ပြုမူနေထိုင်နိုင်သည့် ကမ္ဘာတစ်ခုကို ဖန်တီးနိုင်မည်ဖြစ်ပါသည်။

# Mandalay Climate and Earthquake Forum ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် တက်ရောက်

**မန္တလေး ဒီဇင်ဘာ ၈**

Mandalay Climate and Earthquake Forum ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမတွင် ကျင်းပသည်။



အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ သက်ဆိုင်ရာကဏ္ဍအသီးသီးမှ ကျွမ်းကျင်ပညာရှင်များ၊ မြန်မာနိုင်ငံမြေငလျင်ကော်မတီမှ ဒုတိယဥက္ကဋ္ဌ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့အစည်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် သဘာဝကြောင့်ဖြစ်ပေါ်လာသည့် ဘေးအန္တရာယ်များသည် ကြိုတင်ခန့်မှန်း၍မရသော်လည်း ကြိုတင်ပြင်ဆင်ကာကွယ်ခြင်းသည် ထိခိုက်မှုလျော့နည်းအောင် ဆောင်ရွက်ရာတွင် များစွာ အထောက်အကူဖြစ်ပါကြောင်း၊ ရာသီဥတုပြောင်းလဲလာမှုနှင့် ဘေးအန္တရာယ်ကျရောက်နိုင်မှု အခြေအနေများအပေါ် အရေးပေါ် တုံ့ပြန်ဆောင်ရွက်မှုများတွင် ပိုမိုပူးပေါင်း ဆောင်ရွက်မှုများရရှိနိုင်ရန် ရည်ရွယ်ပြီး ယခုကဲ့သို့ ဆွေးနွေးပွဲများ ကျင်းပပေးခြင်းဖြင့် ကူညီဖြေရှင်းနိုင်မည့် နည်းလမ်းများ၊ ထိခိုက်မှုလျှော့ချနိုင်မည့် နည်းလမ်းများ ရရှိလာနိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ ယခုဆွေးနွေးပွဲသည် တတိယအကြိမ်မြောက်ကျင်းပသည့် ဆွေးနွေးပွဲဖြစ်ပါကြောင်း၊ ဆွေးနွေးပွဲကရရှိလာမည့် ရလဒ်များကိုအခြေခံပြီး ရာသီအလိုက် ကြိုတင်ပြင်ဆင်၍ ကောင်းမွန်ထိရောက်သည့်အစီအမံများနှင့် စီမံချက်များကို ဝိုင်းဝန်းရေးဆွဲသွားကြရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်မိုးဦးက ယခင်နှစ်များက Mandalay Climate Forum ကျင်းပခဲ့ပြီး ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကိုသာ ဆွေးနွေးခဲ့ရာမှ ယခု တတိယအကြိမ်မြောက်တွင် Mandalay Climate and Earthquake Forum အဖြစ် ပြောင်းလဲကျင်းပပြီး မြန်မာနိုင်ငံမြေငလျင်ကော်မတီမှ ကျွမ်းကျင်ပညာရှင်များ၏ ဆွေးနွေးပါဝင်မှုများ စသည့် Mandalay Climate and Earthquake Forum နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာနှင့် မြေငလျင်ဆိုင်ရာလုပ်ငန်းစဉ်များတွင် အသုံးပြုသည့် စက်ကိရိယာပစ္စည်း ခင်းကျင်းပြသထားမှုများကို ကြည့်ရှုအားပေးခဲ့ပြီး Mandalay Climate and Earthquake Forum ကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များ ထိန်းသိမ်းထားသိုပြင်ဆင်ထားရှိမှုကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၈**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးရှိ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အသုံးပြုမည့် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)များ ထိန်းသိမ်းထားသို ပြင်ဆင်ထားရှိမှုများကို ယနေ့မွန်းလွဲပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အတွင်းရေးမှူးက စက်များကို Control Unit ပိုင်း ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ Ballot Unit ပိုင်း ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ထိန်းသိမ်းထားသိုမှုတို့နှင့် ပက်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(မြဝ၁)

ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုမည့် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)များ ထိန်းသိမ်းထားသို ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။









# South East Asia Games Federation Council Meeting (SEAGF) သို့ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် တက်ရောက်

**ဗန်ကောက် ဒီဇင်ဘာ ၈**

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၉ ရက်မှ ၂၀ ရက်ထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ချွန်ဘူရီနှင့် ချင်းမိုင်မြို့တို့တွင် ကျင်းပမည့် ၃၃ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် South East Asia Games Federation Council Meeting(SEAGF) အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် Grand Four Winds Hotel ၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ် ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ မြန်မာအားကစားအဖွဲ့ ခေါင်းဆောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။




အစည်းအဝေးတွင် CEO SEAGF Office H.E.Dato' Seri Chaiyapak Siriwat က အဖွင့်အမှာစကားပြောကြားကာ ထိုင်းနိုင်ငံ ခရီးသွားလာရေးနှင့်အားကစားဝန်ကြီးဌာန ဝန်ကြီး H.E.Atthakorn Sirilatthayakorn, Minister of Tourism and Sports Thailand နှင့် South East Asia Games Federation Council ဥက္ကဋ္ဌ ထိုင်းအမျိုးသားအိုလံပစ်ကော်မတီဥက္ကဋ္ဌ The Honourable Asst.Prof.Pimol Srivikorn တို့က နှုတ်ခွန်းဆက်အမှာစကားပြောကြားကြပြီး ဆုတံဆိပ်များ ပေးအပ်သည်။

ထို့နောက် နိုင်ငံ ၁၁ နိုင်ငံမှ အကြီးအကဲများက ၃၃ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လိုအပ်သည်များကို ဆွေးနွေးကြသည်။

ထို့အတူ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးငွေအောင်နှင့်အတူ ဗန်ကောက်မြို့ National Broadcasting Service of Thailand သို့သွားရောက်ပြီး ပြိုင်ပွဲများ ကျင်းပနေမှုများကို MRTV၊ MRTV 4 နှင့် Hey Play တို့မှ သတင်းရယူထုတ်လွှင့်နိုင်ရေးအတွက် ချိတ်ဆက်ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုပြီး အားကစားနည်းအလိုက် ပြိုင်ပွဲယှဉ်ပြိုင်မှု သတင်း များကို မြန်မာနိုင်ငံမှပြည်သူများ အားပေးနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ပြသပေးနိုင်ရန် အတူတကွ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားရန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

ရှေ့ဖုံးမှအဆက်

ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၃ ဦးနှင့် ခါတ်ခွဲစမ်းသပ်လူနာ ၅၁ ဦးတို့ကို ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးကြသည်။



အဆိုပါ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့သည် ရောဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် ရောက်ရှိနေခြင်းဖြစ်ပြီး ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုကဲ့သို့ ကြားသိရပါသည် -





တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့က ဘိုကလေးမြို့နယ်နှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

“အဘနာမည်က ဦးသိန်းထောင်ပါ။ အသက် ၈၅ နှစ်ရှိပြီ။ အခုပါရဂူကြီးတွေ ကိုယ်တိုင်လာပြီးတော့ ပရဟိတကုသပေးတာ တစ်ခါမှမတွေ့ခဲ့ဖူးဘူး။ အဘ ခြေထောက်ကတော့ ကုမရတော့ဘူး လို့တွက်ထားတာ။ အခုကတော့ အဘက တော်တော်ဝမ်းသာပါတယ်။ ဘယ်လို ဝမ်းသာရမှန်းကိုမသိဘူး။ ကျေးဇူးတင်ပါတယ်။ အဘပြောရင်းနဲ့တောင် မျက်ရည်ကျမိပါတယ်။ ဝမ်းသာတာ ဝမ်းသာတာ ဒီလိုကုပေးတယ်ဆိုတာ တစ်ခါမှ မကြားဖူးဘူး။ တွေ့လဲ မတွေ့ဖူးဘူး။ ဒီနေ့လက်တွေ့ကုသဖူးခဲ့ပါပြီ” ဟု ပြောသည်။



“အန်တီကတော့ ခင်မိုးမိုးအေးလို့ ခေါ်ပါတယ်။ အခုလက်ကို အဆီကျိတ်လာပြတာပါ။ ဆရာဝန်ကြီးတွေကလဲ သေသေချာချာ အန်တီကို ခွဲစိတ်ကုသ



ပေးပါတယ်။ ကျေးဇူးလဲတင်ပါတယ်။ တော်တော်ကြာပါပြီ။ တစ်နှစ်နီးပါး လောက်တော့ရှိပြီပေါ့နော်။ ဒီမှာပြတာ အကုန်လုံးသက်သာတယ်။ လူအင်အားလဲ သက်သာတယ်။ ငွေရေးကြေးရေးလဲ သက်သာတယ်။ အသွားအလာခရီးစရိတ်လဲ သက်သာတယ်။ အားလုံးအဆင်ပြေပါတယ်။ လာရောက်ပြီးတော့ ကုသပေးတဲ့ ဆရာဝန်ကြီးတွေလဲ ကျန်းမာချမ်းသာပြီး အန္တရာယ်ကင်း ဘေးကင်းပါစေ၊ ရာထူးတွေလဲ တိုးတက်ပါစေ၊ အန်တီဆုတောင်းမေတ္တာပို့ပါတယ်။ ကျန်တဲ့ ခုနစ်ရက်သားသမီးတွေလဲ လာပြီးပြစေချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။ ဝမ်းသာပါတယ်။ နောင်လဲအခုလိုမျိုး လာရောက်ပြီးတော့ ကုသပေးနိုင်ဖို့ ဖိတ်ခေါ်ကြိုဆိုပါတယ်” ဟု ပြောသည်။

(၅၀၁)

# မဟာလောကရန်နိမ့်အောင်တော်မူမြတ်စွာဘုရား ၁၄၁ ကြိမ်မြောက် ဗုဒ္ဓပူဇနိယဘုရားပွဲတော် ဆွမ်းသပိတ်နှင့် စာရေးတံမဲများလောင်းလှူပွဲ ကျင်းပ



**မန္တလေး ဒီဇင်ဘာ ၈**

သီပေါဘုရင်မင်းမြတ် တည်ထားကိုးကွယ်ခဲ့သော အရှေ့ပြင်နယ်လုံးဆိုင်ရာ မဟာလောကရန်နိမ့် အောင်တော်မူမြတ်စွာဘုရား ၁၄၁ ကြိမ်မြောက် ဗုဒ္ဓပူဇနိယဘုရားပွဲတော် ဆွမ်းသပိတ်နှင့် စာရေးတံမဲများ ဆက်ကပ်လောင်းလှူပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မဟာလောကရန်နိမ့် အောင်တော်မူမြတ်စွာဘုရား ပရိဝုဏ်တွင်ကျင်းပရာ အောင်တော်မူမြတ်စွာဘုရား ရေတော်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုလသရာလင်္ကာရာဘိဝံသ အမှူးပြုပြီး မန္တလေးမြို့ လေးပြင်လေးရပ်မှ ပင့်သံဃာတော် အပါး ၃၅၀ ကြွရောက်ချီးမြှင့်တော်မူကြသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်လှမြင့်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မဟာလောကရန်နိမ့်အောင်တော်မူမြတ်စွာဘုရားအား ဖူးမြော်ကြည်ညို၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ အလှူရှင်များက ဘုရားအမှူးပြုပြီး အောင်တော်မူမြတ်စွာဘုရား ရေတော်ဆရာတော်နှင့် မန္တလေးမြို့ လေးပြင်လေးရပ်မှ ပင့်သံဃာ အပါး ၃၅၀ အား ဆွမ်းသပိတ်နှင့် စာရေးတံမဲများ ဆက်ကပ် လောင်းလှူခဲ့ကြကြောင်း သတင်းရရှိသည်။

မျိုးကျော်

# မော်လမြိုင်မြို့ပေါ်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၈**

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးကဏ္ဍတိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းက ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ပေါ်ရှိသံဃာတော်များအား အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မော်လမြိုင်မြို့ရှိ မြစေတီစာသင်တိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် အပါး ၃၀၀ တို့ကို ဖျားနာရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ မျက်စိရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သံဃာတော်များအား မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင်နှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မြစေတီစာသင်တိုက် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)



သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင် ကြည့်ရှုအားပေးစဉ်။

## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"ကြိုတင်မြော်တွေးချက်နဲ့ ပြည်သူ့အကျိုးအတွက် နွေးထွေးတဲ့ကမ်းလင့်ချက်"** ခေါင်းစဉ်ဖြင့် ၁၀-၁၂-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၁၇-၁၂-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် **"ရွေးကောက်ပွဲမကျင်းပနိုင်ရေး နှောင့်ယှက်ဖျက်ဆီးရုံမက အကြမ်းဖက်ဝါဒစွဲကိုင်ပြီး ဒလန်ခေါင်းစဉ်တပ် ဖျက်ဆီးသတ်ဖြတ်နေတဲ့ အကြမ်းဖက် PDF"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## ထူးခြားသည့် ညအပူချိန်များ (၈ - ၁၂ - ၂၀၂၅)

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ဟားခါး | ၁ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် | နမ့်စန် | ၇ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၄ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် | ပင်လောင်း | ၇ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုး | ၅ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် | မိုင်းယန်း | ၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပူတာအို | ၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် | မချမ်းဘော့ | ၈ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၅ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် | လားရှိုး | ၈ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |

## ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၈ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၉၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## အိမ်ပြင်ပ၌ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။

## နိုဝင်ဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၇ရက်ထိ ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

**နေပြည်တော် ဒီဇင်ဘာ ၈**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၃၀ ရက် ည ၈ နာရီမှ ဒီဇင်ဘာ ၇ ရက် ည ၈ နာရီထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၁၁၂ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်- ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား၊ သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊ ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များ(ကိုယ်ဝန်ဆောင်ကာလ သုံးလနှင့်အထက်)ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်- ၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးနေပြီဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်- ၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန

# ပြည်ပရောက်မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေး

**နေပြည်တော် ဒီဇင်ဘာ ၈**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် ပြည်ပရောက် မြန်မာနိုင်ငံသားများ ကြိုတင်မဲပေးနိုင်ရန် မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ၅၀ တို့တွင် သတ်မှတ်ရက်များအလိုက် မဲရုံများဖွင့်လှစ်၍ ကြိုတင်ဆန္ဒမဲပေးခြင်းအစီအစဉ်များကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့ထိ မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ၄၁ ရုံးတို့တွင် ကြိုတင်မဲပေးခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

ပြည်ပရောက် မြန်မာနိုင်ငံသားများ ကြိုတင်မဲများ ဆက်လက်ပေးနိုင်ရေးအတွက် ကျန်ရှိသောရုံးများအနေဖြင့် သတ်မှတ်နေ့ရက်များထိ မဲရုံများ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



ဂျပန်နိုင်ငံရှိ မြန်မာသံရုံး တိုကျိုမြို့တွင် ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မြန်မာနိုင်ငံသားများ ကြိုတင်မဲပေးရန် မဲလက်မှတ်ထုတ်ယူနေသည့် မှတ်တမ်းဓာတ်ပုံ။



ထိုင်းနိုင်ငံရှိ မြန်မာသံရုံး ဗန်ကောက်မြို့၌ ကြိုတင်ဆန္ဒမဲပေးသည့် မှတ်တမ်းဓာတ်ပုံ။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

**(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

**(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

**(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

**(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

**(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

**(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

**(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

**(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

**(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

**(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

**(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

**(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

**(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

**(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

**(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

**(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန(https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန(https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန(https://www.moi.gov.mm)
၄။ Myawady Webportal(https://myawady.net.mm)
၅။ Myanmar National Portal(https://myanmar.gov.mm)



KK Park နယ်မြေ အပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် လေးထပ်တိုက်အမှတ် H 1 လူနေအဆောက်အအုံ မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံ။



KK Park နယ်မြေ အပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် သုံးထပ်တိုက် လူနေအဆောက်အအုံ မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံ။

**☆ ကျောဖုံးမှအဆက်**

စနစ်တကျ မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ယနေ့တွင် မြဝတီ-မဲ့ထော်သလေး (KK Park) အပိုင်း(၃) နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများဖြစ်သော နှစ်ထပ်အဆောက်အအုံ ခြောက်လုံး၊ သုံးထပ်အဆောက်အအုံ တစ်လုံး၊ လေးထပ်အဆောက်အအုံ တစ်လုံး စုစုပေါင်း တရားမဝင်အဆောက်အအုံ ရှစ်လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် အပိုင်း(၃) နယ်မြေအတွင်းရှိ အဆောက်အအုံ ၄၂၅လုံး အနက် ယနေ့ထိ ၁၉၃ လုံး ဖြိုချဖျက်ဆီးခဲ့ကြောင်းနှင့် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံး အနက် ၃၄၁ လုံးကို ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

အွန်လိုင်း လောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ အပါအဝင် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသူများကို အင်တိုက်အားတိုက်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဖမ်းဆီးရှာဖွေအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီမြို့ရှိ လုံခြုံရေးပူးပေါင်းအဖွဲ့များက သတင်းအရ မြဝတီမြို့ဝန်းကျင်တွင် ရှောင်တခင်စစ်ဆေးခြင်းများ၊ မြဝတီမြို့အဝင်၊ အထွက်လမ်းကြောင်းနေရာများနှင့် လမ်းဆုံလမ်းခွနေရာများတွင် ပိတ်ဆို့စစ်ဆေးရှာဖွေခြင်းများ ဆောင်ရွက်ခဲ့ရာ ဖလူး-လေးကေ့ကော်-မြဝတီသွား ကားလမ်းပေါ်ရှိ မေတ္တာလင်းမြိုင်ကျေးရွာအနီး လေးကေ့ကော်ဘက်မှ မြဝတီမြို့ဘက်သို့ မောင်းနှင်လာသော ၁၀ ဘီးယာဉ် လေးစီးပေါ်တွင် တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား အမျိုးသား ၂၁၇ ဦး၊ အမျိုးသမီး ၁၅ ဦး စုစုပေါင်း ၂၃၂ ဦးတို့ကို ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။ ထို့ပြင် မြဝတီမြို့ အမှတ်(၃) ရပ်ကွက်အတွင်းရှိ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားလုပ်ငန်းများလုပ်ကိုင်ရာတွင် အသုံးပြုနေထိုင်လုပ်ကိုင်ခဲ့ကြသည့် သုံးထပ်အဆောက်အအုံ ငါးလုံး၊ တစ်ထပ် အဆောက်အအုံ သုံးလုံး စုစုပေါင်း ရှစ်လုံးတို့ကို စစ်ဆေးတွေ့ရှိခဲ့ရပြီး ၎င်းတို့အား ပြန်လည်အသုံးချမှုမရှိစေရေးအတွက် ဖြိုချဖျက်ဆီးခြင်းများကို ဆောင်ရွက် ခဲ့ရာ ယနေ့တွင်လည်း သုံးထပ်အဆောက်အအုံ နှစ်လုံး၊ တစ်ထပ်အဆောက်အအုံ တစ်လုံးကို ထပ်မံဖြိုချဖျက်ဆီးနိုင်ခဲ့သဖြင့် အဆောက်အအုံအားလုံး ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

၎င်းအပြင် မြဝတီမြို့နယ်အတွင်းရှိ KK Park နယ်မြေနှင့် ရွှေကုက္ကိုလ်နယ်မြေတို့၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့်ပစ္စည်းများအား ထပ်မံ၍ အသုံးပြုနိုင်ခြင်းမရှိစေရန်အတွက် ယနေ့တွင်လည်း စနစ်တကျမီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ထို့ပြင် လူသားချင်းစာနာထောက်ထားမှုနှင့် ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ အပါအဝင် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်လျက်ရှိရာ ယနေ့တွင် အင်ဒိုနီးရှားနိုင်ငံသား ၅၆ ဦး၊ အီသီယိုးပီးယားနိုင်ငံသား ခုနစ်ဦး၊ ဥဇဘက်ကစ္စတန်နိုင်ငံသား လေးဦး၊ ဂါနာနိုင်ငံသား လေးဦး၊ ကာဂျစ်စတန်နိုင်ငံသား တစ်ဦး စုစုပေါင်း ၇၂ ဦးတို့ကို ဥပဒေလုပ်ထုံးလုပ်နည်း များနှင့်အညီ မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ထပ်မံလွှဲပြောင်းပေးအပ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် Online လိမ်လည်လောင်းကစားမှု ကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)



KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့်ပစ္စည်းများ မီးရှို့ဖျက်ဆီးမှုကို တွေ့ရစဉ်။



ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့်ပစ္စည်းများ မီးရှို့ဖျက်ဆီးမှုကို တွေ့ရစဉ်။

# အင်ဒိုနီးရှားနိုင်ငံ ဆူမတြားဒေသတွင် ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများကြောင့် သေဆုံးသူဦးရေ ၉၁၀ ရှိပြီး ၂၇၄ ဦး ပျောက်ဆုံးနေဆဲဖြစ်



**ဂျကာတာ ဒီဇင်ဘာ ၈**

အင်ဒိုနီးရှားနိုင်ငံ ဆူမတြားဒေသတွင် ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများကြောင့် ယနေ့တွင် သေဆုံးသူ ဦးရေ ၉၁၀ ရှိပြီး ၂၇၄ ဦး ပျောက်ဆုံးနေဆဲဖြစ်ကြောင်း အမျိုးသား သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးအေဂျင်စီ(BNPB) ၏ ယနေ့ ထုတ်ပြန်ချက်အရ သိရသည်။

ဆူမတြားဒေသ၏ အရှေ့မြောက် ကမ်းရိုးတန်းရှိ အာချေး အပါအဝင် အင်ဒိုနီးရှားနိုင်ငံရှိ ပြည်နယ်သုံးခုတွင် ဆိုင်ကလုန်း မုန်တိုင်းကြောင့် ရေကြီးရေလျှံမှု နှင့် မြေပြိုမှုများဖြစ်ပေါ်လျက် ရှိကာ သေဆုံးသူဦးရေမှာ နေ့စဉ် နှင့်အမျှ မြင့်တက်လာကြောင်း သိရသည်။

အာချေးဒေသသည် ဝေးလံခေါင်ဖျား ဖြစ်နေသောကြောင့် အသက်ရှင်ကျန်ရစ်သူ ဒေသခံများသည် မုန်တိုင်းကြောင့် ဖြစ်ပေါ်ခဲ့ရသည့် အပျက်အစီးများ၊ ပြန့်ကျဲနေသော သစ်ပင်အပိုင်းအစများကို ကျော်ဖြတ်ပြီး တစ်နာရီကြာ လမ်းလျှောက်ပြီးမှသာ စေတနာ့ဝန်ထမ်းများ ဖွင့်လှစ်ထားသော သဘာဝဘေးဒဏ်သင့်ပြည်သူများ အကူအညီပေးရေးဌာနသို့ ရောက်ရှိကြောင်း၊ လက်ရှိတွင် အာချေး ဒေသခံပြည်သူများသည် ၎င်းတို့ ယာယီနေထိုင်ရာ နေရာများတွင် စားဝတ်နေရေး အခက်အခဲများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

ထို့ကြောင့် စေတနာ့ဝန်ထမ်းများသည် သန့်ရှင်းသော အဝတ်၊ အစားအစာ၊ ဆေးဝါးနှင့် သောက်ရေသန့်များကို လိုက်ပါပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ဆူမတြားရှိ ဒေသဆိုင်ရာ အစိုးရအရာရှိများက မုန်တိုင်းဒဏ်သင့် ပြည်နယ်များတွင် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ရန်ပုံငွေအဖြစ် အမေရိကန်ဒေါ်လာ ၃ ဒသမ ၁ ဘီလီယံကျော် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု သိရသည်။

Ref : Sputnik News
Trs : KZ

# အမေရိကန်နိုင်ငံ အလက်စကားပြည်နယ်တွင် ပြင်းအား ၇ မဂ္ဂနီကျူရှိသည့် မြေငလျင်လှုပ်ခတ်မှုကြောင့် လမ်းများပျက်စီးခဲ့

**ဝါရှင်တန် ဒီဇင်ဘာ ၈**

အမေရိကန်နိုင်ငံ အလက်စကားပြည်နယ်တွင် ဒီဇင်ဘာ ၆ ရက်တွင် ပြင်းအား ၇ မဂ္ဂနီကျူရှိသည့် မြေငလျင် လှုပ်ခတ်ခဲ့ကြောင်း US Geological Survey က ထုတ်ပြန်ခဲ့သည်ဟု ဒီဇင်ဘာ ၇ ရက် သတင်းများတွင် ဖော်ပြထားသည်။

မြေငလျင် ဗဟိုပြုလှုပ်ခတ်ခဲ့သည့် ဧရိယာသည် အမေရိကန်နိုင်ငံနှင့် ကနေဒါနိုင်ငံ၏ နယ်စပ်ဧရိယာတွင်ဖြစ်ပြီး မြေငလျင်လှိုင်းသည် အလက်စကားပြည်နယ်အပြင် ကနေဒါနိုင်ငံဘက်ခြမ်း ယူကွန်ဒေသသို့လည်း ရိုက်ခတ်မှုဖြစ်ပွားခဲ့ကြောင်း၊ မြေငလျင်လှိုင်းကြောင့် လမ်းများဆိုးဆိုးရွားရွား ပျက်စီးခဲ့ပြီး အရေးပေါ် ကယ်ဆယ်ရေးအဖွဲ့အစည်းများက မြေငလျင်လှိုင်းဒဏ်သင့် ဧရိယာများသို့ သွားရောက်စစ်ဆေးမှု ပြုလုပ်နေပြီး ပျက်စီးဆုံးရှုံးမှုပမာဏကို စိစစ်နေဆဲဖြစ်ကြောင်း အလက်စကားပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။



"မြေငလျင်လှိုင်းရိုက်ခတ်မှုကြောင့် ယူကွန်ဒေသမှာ လမ်းပိုင်းတချို့ ပျက်စီးခဲ့သလို လူနေအိမ်ခြေတွေလဲ ပျက်စီးမှုတွေရှိခဲ့ပါတယ်။ မြေငလျင်ပြင်းအားများတဲ့အတွက် မြေငလျင်ဒဏ်သင့်ခဲ့တဲ့ ဧရိယာအတွင်း နေထိုင်သူတွေ အရေးပေါ် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ကြရပါတယ်။ ပျက်စီးမှုပမာဏကိုတော့ စိစစ်နေဆဲဖြစ်ပါတယ်"ဟု Natural Resources Canada မှ ပြောရေးဆိုခွင့်ရှိသူ အလစ်ဆင်ဘတ်က ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

# ဩစတြေးလျနိုင်ငံ နယူးဆောက်ဝေးပြည်နယ်တွင် လောင်ကျွမ်းနေသောတောမီးကြောင့် သဘာဝဘေးအန္တရာယ် အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်

**ကင်ဘာရာ ဒီဇင်ဘာ ၈**

ဩစတြေးလျနိုင်ငံ နယူးဆောက်ဝေးပြည်နယ်တွင် လောင်ကျွမ်းနေသော တောမီးသည် ဒီဇင်ဘာ ၆ ရက်မှ စတင်၍ လူနေအိမ်ခြေများဆီသို့ ကူးစက်လောင်ကျွမ်းနေပြီး ထိန်းချုပ်ရခက်သည့်အဆင့်သို့ရောက်ရှိနေသဖြင့် ဒီဇင်ဘာ ၇ ရက်မှစတင်၍ သဘာဝဘေး အန္တရာယ် အရေးပေါ်အခြေအနေ အဖြစ် သတ်မှတ်လိုက်ကြောင်း နယူးဆောက်ဝေး ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

လူနေအိမ်ခြေ ၁၂ လုံး ပျက်စီးသွားခဲ့ကာ အခြေခံအဆောက်အအုံများလည်း ပျက်စီးမှုများရှိနေပြီး ဒီဇင်ဘာ၇ရက်ထိ တောမီးလောင်ကျွမ်းမှုဖြစ်ပွားသည့် နေရာပေါင်း ၆၀ ကျော်ထိ ရှိလာပြီဖြစ်ကြောင်း၊ အန္တရာယ်ရှိသည့် တောမီးလောင်ကျွမ်းမှုဖြစ်သည့်အတွက် ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရကြောင်း နယူးဆောက်ဝေး ပြည်နယ်အာဏာပိုင်အဖွဲ့အစည်း က ထုတ်ပြန်ခဲ့သည်။

"အပူလှိုင်းဖြတ်သန်းပြီး အပူချိန်မြင့်တက်မှုကြောင့် တောမီး လောင်ကျွမ်းမှု ဖြစ်ပေါ်ခဲ့ပါတယ်။ ဒီဇင်ဘာ ၇ ရက်မှစတင်ပြီးတော့ သဘာဝဘေးအန္တရာယ်အရေးပေါ် အခြေအနေအဖြစ် သတ်မှတ်လိုက်ပါတယ်။ တောမီးကူးစက်လောင် ကျွမ်းမှုကြောင့် လူနေအိမ်ခြေ ၁၂ လုံးထိပျက်စီးဆုံးရှုံးခဲ့ပြီး အခြေခံ အဆောက်အအုံတွေလဲ ပျက်စီးခဲ့ပါတယ်။ စိုက်ပျိုးရေးကဏ္ဍမှာလဲ ပျက်စီးဆုံးရှုံးမှုတွေနဲ့ ရင်ဆိုင်နေရပါတယ်။ ယာယီကယ်ဆယ်ရေး စခန်းတွေကို တည်ဆောက်နေပြီးတော့ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသူတွေကို နေရာချပေးသွားပါမယ်"ဟု နယူးဆောက်ဝေး ပြည်နယ် အာဏာပိုင်အဖွဲ့ အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# အီရန်နိုင်ငံ၏ ရေအကျပ်အတည်းကို ဖြေရှင်းရန် စက်မှုလုပ်ငန်းသုံးပင်လယ်ရေ လွှဲပြောင်းရေးစီမံကိန်း စတင်လည်ပတ်

**တီဟီရန် ဒီဇင်ဘာ ၈**

အီရန်နိုင်ငံ၏ ရေအကျပ်အတည်းကိုဖြေရှင်းရန် စက်မှုလုပ်ငန်းသုံး ပင်လယ်ရေလွှဲပြောင်းရေး စီမံကိန်းကို ဒီဇင်ဘာလပထမပတ်အတွင်းတွင် စတင်လည်ပတ်ခဲ့ကြောင်း ဒီဇင်ဘာ ၇ ရက်သတင်းများအရ သိရသည်။

အိုမန်ပင်လယ်ကွေ့မှ အီရန် အလယ်ပိုင်း အစ်ဖဟန်ပြည်နယ်သို့ ပင်လယ်ရေ သယ်ယူပို့ဆောင်ရန် အဓိကရေပိုက်လိုင်းစီမံကိန်းကို အကောင်အထည်ဖော် လည်ပတ်ခဲ့ပြီး ထိုသို့ စက်မှုလုပ်ငန်းသုံး ပင်လယ်ရေလွှဲပြောင်းရေး စီမံကိန်းကို ဆောင်ရွက်ရခြင်းသည် ဒေသခံ စက်မှုလုပ်ငန်းများတွင် ရေရှားပါးမှုပြဿနာကို လျှော့ချရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း အီရန်သမ္မတ မာဆွတ်ပီဇက်ရှ်ကီယန်က ပြောကြားခဲ့သည်။

နိုင်ငံအစိုးရ၏ ထုတ်ပြန်ချက်တစ်ခုအရ အဆိုပါ ဆောင်ရွက်ပြီးစီး၍ စတင်လည်ပတ်နေသည့် ပင်လယ်ရေလွှဲပြောင်းရေး စီမံကိန်း၏ ပိုက်လိုင်းအရှည်သည် ကီလိုမီတာ ၈၀၀ ရှည်လျားပြီး တည်ဆောက်မှုကာလ နှစ်နှစ်ခန့် ကြာမြင့်ကာ အမေရိကန်ဒေါ်လာ ၂၈၁ ဒသမ ၆ သန်း ကုန်ကျစရိတ်ရှိကြောင်း သိရသည်။

ကမ္ဘာလုံးဆိုင်ရာ သုတေသနအဖွဲ့အစည်းတစ်ခု ဖြစ်သည့် World Resources Institute ၏ အစီရင်ခံစာအရ အီရန်နိုင်ငံသည် နှစ်စဉ် ရေအကျပ်အတည်း အလွန်မြင့်မားစွာ ကြုံတွေ့ရသောနိုင်ငံ တစ်နိုင်ငံ ဖြစ်ကြောင်း၊ ယခု ပင်လယ်ရေ လွှဲပြောင်းရေးစီမံကိန်းသည် နိုင်ငံ၏ စက်မှုလုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် ပင်လယ်ဆားငန်ရေကို ပြုပြင်သုံးစွဲနိုင်ရေး ဆောင်ရွက်လိုက်ခြင်းဖြင့် နိုင်ငံ၏ ရေအကျပ်အတည်းပြဿနာကို အတန်သင့် ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း စီမံကိန်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

နိုင်ငံ၏ ရေအကျပ်အတည်း ပြဿနာသည် ပြင်းထန်သော မိုးခေါင်မှု၊ ရေစီမံခန့်ခွဲမှုအားနည်းမှုနှင့် စိုက်ပျိုးရေးအတွက် မြေအောက်ရေကဲ့သို့ ရေချိုအရင်းအမြစ်များကို အလွန်အကျွံသုံးစွဲမှုများကြောင့်ဖြစ်ကြောင်း သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ကျွမ်းကျင်သူများက ထောက်ပြခဲ့ကြသည်။

Ref : Sputnik News
Trs : KZ

# အစ္စရေးနိုင်ငံတောင်ပိုင်း အီလက်ဒေသတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် အဓိကလမ်းမကြီးများကို ယာယီပိတ်ထား

**ဂျေရုဆလင် ဒီဇင်ဘာ ၈**

အစ္စရေးနိုင်ငံ တောင်ပိုင်း အီလက်ဒေသတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် အဓိကလမ်းမကြီးများကို ဒီဇင်ဘာ ၇ ရက်မှစ၍ ယာယီပိတ်ထားကြောင်း အစ္စရေးသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

အစ္စရေးနိုင်ငံ တောင်ဘက်ပိုင်း ဒေသများကို အဓိကဆက်သွယ်ထားသည့် Route 90 လမ်းမကြီးကို ယာယီ ပိတ်ထားရခြင်းကြောင့် တောင်ဘက်ပိုင်း ဒေသများသို့ သွားရောက်ရန် ခက်ခဲနေသည့် အခြေအနေဖြစ်ကြောင်း၊ အချို့သော မော်တော်ယာဉ်များမှာ ယာယီပိတ်ထားသည့် လမ်းမကြီးကို ဖြတ်သန်းမောင်းနှင်ခဲ့သည့်အတွက် ပိတ်မိနေပြီး အရေးပေါ် ကယ်ဆယ်ရေး အဖွဲ့အစည်းမှ ကယ်ဆယ်ရေး ဝန်ထမ်းများက ကယ်ထုတ်ပေးလျက် ရှိကြောင်း သိရသည်။

"တောင်ဘက်ပိုင်း ဒေသတွေဆီကို ချိတ်ဆက်ဖောက်လုပ်ထားတဲ့ အဓိကလမ်းမကြီးတွေကို ယာယီပိတ်ထားရပါတယ်။ Route 90 လမ်းမကြီးကို ယာယီပိတ်ထားရတဲ့အတွက်ကြောင့် တောင်ဘက်ပိုင်းဒေသတွေကို ဝင်ထွက်သွားလာဖို့ ခက်ခဲနေပါတယ်။ အီလက်ဒေသမှာဆိုရင်လဲ ရေကြီးရေလျှံမှုဟာ အရေးပေါ်အခြေအနေဖြစ်တဲ့အတွက်ကြောင့် အီလက်ဒေသနဲ့ နိုင်ငံတစ်ဝန်းကို ချိတ်ဆက်ထားတဲ့ Routes 12 နှင့် 40 ကို ယာယီပိတ်ထားပါတယ်" ဟု အစ္စရေး သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးအဖွဲ့အစည်းမှ တာဝန်ရှိသူ တစ်ဦးက သတိပေးပြောကြား ခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat




(၁)

အချိန်ကား ၂၀၁၅ ခုနှစ် ဇူလိုင်လလယ် မိုးသီး မိုးပေါက်များ ဖြိုင်ဖြိုင်ရွာသွန်းသည့်အချိန်ဖြစ်သည်။ ချင်းပြည်နယ် ဟားခါးမြို့ကား သမိုင်းဝင်ထူးခြားမှု တစ်ခုဖြစ်နေသည်။ စိမ်းစိုသစ်တောများ ထူထပ်ပေါ များသည့် တောင်ပေါ်ဒေသတွင် မိုးဦးကောင်းရုံမက မိုးလယ်တွင် တစ်ပတ်ခန့်ကြာ မိုးရွာသွန်းနေသော ကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး ရေများဖွေးဖွေးလှုပ် နေသည်။ အမှောင်မိုက်ဆုံး ညအချိန်တွင် ကြောက်မက်ဖွယ် မြေတုန်ဟည်းသံများကြောင့် ဒေါ်ဗန်ဆုန်တစ်ယောက်အိပ်ရာမှ လူးလဲထလာ သည်။ ဘဝတွင် သည်လောက်ပြင်းထန်သော မိုးရွာ မှုကို မကြုံဖူးခဲ့၍ အံ့သြနေသည်။

"ဝေါ ဝေါ ဝေါ ဖြောင်း ဖြောင်း ဖြောင်း ရှီ ရှီ"

တံခါးကိုဟရုံဖွင့်၍ နားစွင့်ကြည့်တော့ အိမ် နောက်ဖေးတွင်ရှိသော ပေ ၇၀၀၀ ကျော်မြင့်သည့် ရုန်းတောင် (ဒေသအခေါ်)က မြေပြိုနေသည်ကို သိလိုက်ရသည်။ သစ်ပင်များက မြေသားနှင့် ပါသွားသကဲ့သို့ ပြင်းထန်စွာ တိုက်ခတ်နေသော တောင်ကြားထဲက လေကတရှီရှီနှင့်မြည်ကာ ဒေါ်ဗန်ဆုန်အိမ်ကလေးမှာ လှုပ်ယမ်းသယောင် ဖြစ်နေသည်။

အန္တရာယ်ရှိသောအခြေအနေကို ပြောပြချင် သော်လည်း အိမ်သားများကအပူအပင်ကင်းစွာ အိပ်မောကျနေကြသည်။ ခြေသံလိုလိုကြား၍ လှည့် ကြည့်တော့ သားဖြစ်သူ လွန်ထန်ဖွေးက–

"အမေရယ်၊ မိုးတွေရွာပြီး မြေပြိုနေတာ ဘာလို့ ထကြည့်နေတာလဲ၊ အိပ်တော့"

လွန်ထန်ဖွေးထလာပြီး အခြေအနေကြည့်ကာ တစ်စုံတစ်ခုကိုလုပ်နေသည်။ ပြီးတော့ ခုတင်ထက် တွင် ခဏနားသည်။ မိုးလင်းချိန်ကို စောင့်ရင်း အိပ်ပျော်သွားသည်။

"အစ်ကို ထတော့ ထတော့ ရုန်းတောင်ပြို နေပြီ။ လူနဲ့အရေးကြီးပစ္စည်းတွေ အပြင်ထုတ် ထားမှရမယ်"

ဇနီးမိုင်ဆုန်သဲကပြော၍ သူ့အထ အော်ဟစ်သံ က လေထဲဝဲလွင့်လာသည်။

"ကူညီကြပါအုံး ကယ်ကြပါအုံး"

"ဟင် ဒေါ်ရွှေကီးအသံပဲ၊ ဘာဖြစ်လဲမသိဘူး"

လွန်ထန်ဖွေးက တံခါးဝအဖွင့် ဇနီး မိုင်ဆုန် သဲက လက်ဆွဲထားသည်။

"မိုးတွေတအားရွာနေတယ်။ ရှင်ဘာမှ လုပ်ပေး နိုင်မှာမဟုတ်ဘူးရှင့်။ အမေနဲ့ သားသမီးတွေနဲ့ လွတ်ရာပြောင်းရအုံးမယ်"

လွန်ထန်ဖွေးက ကောင်းကင်ကို မော့ကြည့် လိုက်သည်။ မိုးကအဖြူရောင်၊ အတော်နှင့်ရပ် မည့်ပုံမပေါ်သေး။

"ကဲ... မိုးလင်းလာပြီ။ အိပ်ရာ၊ ခြင်ထောင် အဝတ်အစားတွေ ထုပ်ထားတယ်။ သောက်ရေဘူး၊ ဓာတ်မီး၊ နိုင်ငံသားစိစစ်ရေးကတ်၊ ရွှေငွေတွေပါ ထုပ်ထားပြီးပြီ။ အိမ်တံုးလုံး လဲမသွားခင် အကုန် အပြင်ထွက်တော့"

မိသားစုများက ထီး၊ မိုးကာ၊ အထုပ်အပိုး များနှင့် နီးစပ်ရာအိမ်များ၊ ဝတ်ပြုကျောင်းများသို့ ရွှေ့နေကြသည်။ မိခင်ဒေါ်ဗန်ဆုန်က မသွားပေ။

"မကြာခင် မြေအိပြီး အိမ်လဲကျသွားနိုင်တယ်။ အခုထွက်မှရမယ်"

လွန်ထန်ဖွေး ပြောသော်လည်း ဒေါ်ဗန်ဆုန် က ငြင်းသည်။

"ငါနေတဲ့အိမ်၊ ငါ့အမေ၊ အဖေခေါင်းချခဲ့တဲ့အိမ် ကို ငါမစွန့်ဘူး၊ သေချင်သေပါစေ"

ပြောမရသည့်အဆုံး ဒေါ်ဗန်ဆုန်ကို ပွေ့ချီကာ အိမ်အပြင်ထွက်ချိန်တွင် ထင်းရှူးသားဖြင့် ဆောက် ထားသော သစ်သားအိမ်အိုကလေးက ဘယ်ဘက် သို့ ယိုင်စောင်းသွားပေပြီ။

"ချက်စားစရာ ဆန်တွေလဲ ပါသွားပြီ"

"ရုန်းတောင်နတ်မင်းကြီးကို မပူဇော်တာ ကြာပြီလေ"

"ရုန်းတောင်မှာ သစ်ပင်ခုတ်ကြ၊ အိမ်တွေ ဆောက်ကြတော့ မြေသားမခိုင်မာတော့ဘူးပေါ့"

"ရာသီဥတု ဖောက်ပြန်နေတာကြောင့်လဲ ဖြစ်မှာပေါ့"

"အိမ်ပြန်ဆောက်ဖို့ ပိုက်ဆံမရှိတော့ဘူး"

ညည်းညူသံများ၊ ဝေဖန်သံများက နံနက်ခင်း တေးသံသာအဖြစ် လွန်ထန်ဖွေးကြားနေရသည်။ လူနေအိမ်တချို့ တဖြည်းဖြည်းလဲပြိုကာ ဝတ်ပြု ကျောင်း၊ ခွာရုံဘုန်းကြီးကျောင်းသည်လည်း နံရံ ကွဲအက် စောင်းနေသည်။

"ဟဲ့... မနက်ပိုင်းသတင်းထဲမှာ တို့ချင်းပြည် နယ်က မြို့တိုင်းနီးပါးဖြစ်တယ်လို့ပြောတယ်။ ကလေးမှာလဲ ရေကြီးနေတယ်တဲ့။ တွန်းဇန်မှာလဲ လူတစ်ရပ်လောက်ရှိတဲ့ ရွှံ့ရေတွေ ဝင်လာတယ်တဲ့"

"ဟဲ့ ပလက်ဝမှာ မိုးကြီးလို့မြို့ပေါ်ကော၊ ဆမီး မြို့မှာကော လယ်တွေ၊ အိမ်တွေ၊ တံတားတွေ ရေမြုပ်ပျက်စီးကုန်တယ်တဲ့"

လူများ၏ဝေဖန်ပြောဆိုသံက စုံလင်စွာကြား နေရသည်။ မိသားစုကို ဝတ်ပြုကျောင်းတွင် ထား ပြီး နေအိမ်ရှိရာသို့လာကြည့်တော့ သူ့မိတ်ဆွေ မီးသတ်တပ်ဖွဲ့ဝင် ဆလိုင်းသန်းထွန်းတို့က ၁၄ ပေ အရှည် အသက်ကယ်ကြိုးများ၊ အသက်ကယ်ကွင်းများ ကိုယ်စီကိုယ်စီချိတ်ထားသည့်အပြင် ပေ ၁၀၀ အရှည် ရှိသော ကြိုးများပါလာကြသည်။ လူအသင့်၊ စက် အသင့်၊ ဆီအသင့်၊ ရေအသင့်ဟူသော မီးသတ် ဆောင်ပုဒ်အတိုင်း နွံများဖုံးလွှမ်းနေသော တော်လှန် ရေးရေကန်ကို ဖြတ်ကျော်ရောက်ရှိလာသည်။

"ကဲ ... အဖွဲ့ခွဲပြီး ပြိုတဲ့အိမ်ကလူတွေသွား ကယ်၊ ပစ္စည်းတွေဝိုင်းသယ်၊ နေမကောင်းသူ၊ ဒဏ်ရာရသူတွေရှိရင် ခေါ်လာခဲ့ပြီး ကြက်ခြေနီ အဖွဲ့တွေနဲ့ ဆေးကုပေးကြ"

ဆလိုင်းသန်းထွန်းက စီမံခန့်ခွဲကာ တာဝန်ခွဲ ဝေပေးသည်။

"မောင်မင်းကြီးသားလေးတွေ ကျန်းမာပါစေကွယ်"

အဘွားအို ဒေါ်နင်စိန်းက ဆုတောင်းပေးနေသည်။

"တပ်ဖွဲ့ဝင်ကလေးတွေ ဆန်တွေ ဝိုင်းသယ် ပေးကြပါအုံး"

မြို့ဟောင်းရပ်ကွက်နေ ဦးဆန်ကျုံးက အကူ အညီတောင်းသည်။ မီးသတ်တပ်ဖွဲ့ဝင်တချို့ ဝိုင်း ကူကြသည်။ ဆလိုင်းသန်းထွန်းမှာ ရဲတပ်ဖွဲ့၊ ကြက်ခြေနီ၊ ဈေးသစ်ရပ်ကွက်မှ လူငယ်တချို့နှင့်အတူ တိုင်ပင်ဆောင်ရွက်နေသည်။ ချင်းတောင်တန်းက မြေပြန့်ကဲ့သို့ လယ်ကွင်းမြေပြန့်ရှားပါးသည်။

ချင်းတောင်တန်းတွင် နေအိမ်များ၌ ဆန်ကို တစ်နှစ်စာသိုလှောင်ကြသည်။ သက်နုမြေတွင် အိမ်ဆောက်၍ မြေပြိုတော့ ဆန်အိတ်ဝန်ကို မခံနိုင်ဘဲ ယိုင်လဲပြိုကြရသည်။

မကြာမီ တာဝန်ရှိသူများရောက်လာပြီး–

"ကယ်ဆယ်ရေးစခန်းတွေကို ဗေသလဝတ်ပြု ကျောင်း၊ ဗိုလ်ကြွမ်ဘိခန်းမ၊ အထက(၄)၊ ကာဆင် ဘုရားကျောင်းတွေမှာ ရပ်ကွက်အလိုက်ထားမယ်။ ထမင်း၊ ဟင်း၊ စီမံချက်ကျွေးမယ်၊ အထက်ကိုတင်ပြပြီး အရေးပေါ်ရန်ပုံငွေတွေက ငွေသုံးစွဲခွင့်ပြုမယ်။ စိတ်မပူနဲ့ကိုယ့်မိသားစုတွေစုံလင်လား၊ ပျောက်နေ လား၊ အဖိုးတန်ပစ္စည်းတွေပါသွားလား စိစစ်ပေးပါ။ ကျန်းမာရေးစောင့်ရှောက်မှုပေးမယ်။ ဒီမြို့ဟောင်း ရပ်ကွက်မှာမနေစေလိုပါဘူး။ အန္တရာယ်ရှိတယ်။ မစိုးရိမ်ပါနဲ့။ အားလုံးအဆင်ပြေအောင်လုပ်ပေးမယ်"

ဆလိုင်းသန်းထွန်းရော လွန်ထန်ဖွေးပါ နားထောင်လိုက်ရသည်။

"ဆရာ ဆလိုင်းရေ၊ အမေက ဘယ်မှမပြောင်း ချင်ဘူး ဘယ်လိုလုပ်ရမလဲ"

"စိတ်မပူနဲ့ ဘူမိဗေဒက ပညာရှင်၊ ငလျင်ပညာရှင် တွေလာပြီ။ မြေစွမ်း၊ မြေခံကို စမ်းသပ်ကြမယ်။ မြေစွမ်း၊ မြေခံကောင်းရင်နေပေါ့"

ဆလိုင်းသန်းထွန်း၏ အပြောကြောင့် လွန်ထန် ဖွေး အားတက်သွားသည်။ ရပ်ကွက်အစွန်တွင် နှစ်ဧကခန့်ကျယ်သောခြံငယ်ရှိသည်။ သက်နုမြေ မဟုတ်က နေ၍ရသည်မဟုတ်ပါလား၊ သို့မှလည်း အမေပျော်၍ အသေဖြောင့်လေမည်။

အင်အားပြင်းမိုးတစ်ပတ်ကြာ ဆက်တိုက် ရွာသွန်းမှုကြောင့် မိုးရေချိန် ၁၀ လက်မကျော် ရွာသွန်းကာ ဟားခါး–ဂန့်ဂေါလမ်းရှိ ရောင်ကလန် တောင်တန်း၊ ဟားခါး – မတူပီလမ်းရှိ အာတီယော တောင်၊ ဘွေပါးတောင်ခြေတွင် မြေပဲ့ကျသည်။

ဟားခါး–ဖလမ်းကားလမ်းတွင် မြေပဲ့သည့် အပြင် မြေပြတ်ကျသွားသည်။ သဘာဝဘေး အန္တရာယ်က လူသားများကို မညှာတာ ဝါးမျို ဖျက်ဆီးခဲ့သည်။ လူသားများက ခါးစည်းခံရသည်။ သို့သော် လူသားများက အရှုံးမပေး။

"အစ်ကိုကြီး အစ်ကိုကြီး"

ပြေးလာသူက လွန်ထန်ဖွေးညီမ ဆုန်ဆုန်။

"ဘာလဲဟ"

"ကိုလေးထန်းကီး နိုင်ငံခြားကပြန်လာမယ်။ အတူတူနေကြမယ်လို့ ဖုန်းဆက်တယ်။ အမေက လိုက်ရှာခိုင်းတယ်"

"ကဲ... ဆရာဆလိုင်းရေ အိမ်ပြန်လိုက်အုံးမယ်"

လွန်ထန်ဖွေးထွက်သွားပြီး ဆလိုင်းသန်းထွန်း တို့ မီးသတ်တပ်ဖွဲ့ဝင်များလည်း မြေပြိုသူများကို ရွှေ့ပြောင်းပေးရန် အလုပ်ရှုပ်နေကြသည်။

(၂)

မြေပြိုပြီး လအတန်ကြာသည်နှင့် ဟားခါး– ဖလမ်း၊ ဟားခါး–ဂန့်ဂေါ၊ ဟားခါး–မတူပီ ပြည်နယ် အတွင်း နေရာအနှံ့လမ်းများ ကောင်းလာသည်။ ရွှံ့မြေများ ဖုံးလွှမ်းနေသော တော်လှန်ရေးကန်လည်း ပကတိအတိုင်း ပြန်ကောင်းနေပေပြီ။ ဆန်၊ဆီ၊ စားစရာများသယ်လာသော ကားများ၊ အိမ်ဆောက် ပစ္စည်းများ သယ်ဆောင်လာသည့်ကားများ ပုံမှန် ကုန်စည်စီးဆင်းနေကြသည်။

"အခုတော့ အဆင်ပြေပြီဗျ။ အိမ်ရာမရှိသူတွေ မြို့ဟောင်းမှာဆက်မနေရဘူး။ မြေပြိုသူတွေကို အိမ်တွေဆောက်ပေးထားပြီး စိစစ်နေရာချ ထားပေးတယ်"

ဆလိုင်းသန်းထွန်းက သိလိုသည်များရှိက ရှင်းပြရသည်။

"သဘာဝဘေးခံရတာတော့ အတူတူပဲ။ ဒါပေမဲ့ လူတွေရဲ့ အခြေအနေချင်းကမတူဘူးလေ ဘယ်လို တွေ လုပ်ပေးတာလဲ"

ကလေးတက္ကသိုလ်က ရူပဗေဒဘွဲ့ရခဲ့သည့် ထန်းအောင်က မေးသည်။ ဆလိုင်းသန်းထွန်းက သူသိထားသည်များဖြေသည်။ လွန်ထန်ဖွေး၊ ထန်းကီးတို့ညီအစ်ကိုက နားထောင်ကြသည်။

"မြေပြိုချိန်မှာ ဒုက္ခရောက်တာ လေးမျိုးလေးစား ရှိတယ်။ ပထမတစ်မျိုးက နေအိမ်တွေ၊ မြေတွေလုံးဝ ပျက်စီးသွားပြီး စားဝတ်နေရေးခက်ခဲသူတွေ၊ ဒုတိယ တစ်မျိုးက နေအိမ်တွေ တစ်ဝက်တစ်ပျက် ပျက်စီးခဲ့ ပြီး စားဝတ်နေရေးခက်ခဲသူတွေ၊ တတိယတစ်မျိုးက နေအိမ်မပါဝင်ပေမဲ့ အိမ်နားမှာ မြေပပ်ကြားအက် တာ၊ ပြိုကျတာတွေရှိတဲ့အတွက် ဆက်နေဖို့စိတ်မချ ရသူတွေ၊ နောက်ဆုံးတစ်မျိုးမှာ နေအိမ်တွေ၊ မြေတွေ ဘာမှမဖြစ်ပေမဲ့ လမ်းပန်းဆက်သွယ်ရေး ပြတ် တောက်ပြီး စားနပ်ရိက္ခာခက်ခဲသူတွေ၊ အဲဒီဒုက္ခ ရောက်သူတွေကို ဝိုင်းကူညီရတယ်"

စာမျက်နှာ ၂၅ သို့ á

# ဘုတလင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ဧက ၁၃၉၁၀ စိုက်ပျိုးပြီးစီး



**ဘုတလင် ဒီဇင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ဧက ၁၃၉၁၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဘုတလင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၁၃၉၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၁၃၉၁၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဘုတလင်မြို့နယ်မှာ နှမ်းဧက ၁၃၉၀၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၃၉၁၀ စိုက်ပျိုးပြီးစီးပြီဖြစ်တဲ့အတွက် လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်"ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ယခုနှစ် ဘုတလင်မြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့်သီးနှံများထက် အရည်အသွေး ပိုမိုကောင်းမွန်ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် နှမ်းကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြ၍ သိရသည်။

(၂၀၆)

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ငါးတန်ပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**ဖျာပုံ ဒီဇင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ငါးတန်ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သက်သက်က ပြောပြသည်။

ဖျာပုံမြို့နယ်မှ ငါးတန်များကို ရန်ကုန်ဈေးကွက်သို့ ပုံမှန်တင်ပို့ရောင်းချလျက်ရှိရာ ယခုနှစ် အောက်တိုဘာလအတွင်းက ငါးတန်ပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာလအတွင်း ငါးတန်ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ တင်ပို့ရောင်းချခဲ့သည့် ငါးတန်များသည် မွေးမြူရေးငါးတန်နှင့် မြစ်ငါးတန်များ ဖြစ်ကြောင်း သိရသည်။

"နိုဝင်ဘာလအတွင်း ငါးတန်ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဖျာပုံမြို့နယ်ကနေထွက်တဲ့ ရေထွက်ကုန်မှန်သမျှကို ရန်ကုန်ဈေးကွက်ကို တင်ပို့ ရောင်းချလျက်ရှိပါတယ်။ ရန်ကုန်ဘက်က ပြီးခဲ့တဲ့လအတွင်းကော၊ အခုလက်ရှိကော ငါးတန်တွေ အရောင်းအဝယ်ကောင်းနေပါတယ်။ ငါးတန်တွေက ဒေသဈေးကွက်မှာလဲ အရောင်းအဝယ် ကောင်းနေပါတယ်''ဟု ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သက်သက်ကပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးတန် ၁၀ ပိဿာလျှင် ငွေကျပ် ၁၈၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ငါးတန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေရခြင်းကြောင့် ငါးမွေးမြူသူများ၊ ပွဲရုံပိုင်ရှင်များ၊ ရေလုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အလုပ်အကိုင် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

á **စာမျက်နှာ ၂၄ မှအဆက်**

"အေးဗျာ ခင်ဗျား ရှင်းပြမှပဲသိတော့တယ်။ ခင်ဗျားတို့ဟာ လူသားအကျိုးဆောင်တဲ့ လေးစားထိုက်သူတွေပါ"

ထန်းအောင်ကပြောပြီး ပြန်သွားသည်။ လွန်ထန်ဖွေးနှင့် ထန်းကီးတို့က တစ်စုံတစ်ခုပြောချင်ဟန်ရှေ့တိုးလာသည်။

"ဘာကူညီပေးရမလဲ၊ လွန်ထန်ဖွေး"

"ကျွန်တော်တို့ခြံနေရာကစစ်ပြီးပြီ၊ အိမ်လဲဆောက်ပြီးပြီ နောင်အားရင်လာလည်ဖို့ နေရာပြချင်လို့ပါ"

"အေးဗျာ။ လိုက်ကြည့်ရတာပေ့ါ"

မြို့ဟောင်းရပ်ကွက်တွင် နေရန်မသင့်သူများမှာ ဟားခါးမြို့သစ်အိမ်ရာသို့ ပြောင်းရွှေ့သွားသည်။ နေသင့်သူများထဲတွင် လွန်ထန်ဖွေးတို့ ကျန်ရစ်ခဲ့သည်။ လွန်ထန်ဖွေးအိမ်ခြံဝင်းက ကျယ်သည်။ ဒေါ်ဗန်ဆုန်တစ်ယောက်သီချင်းဆိုကျေနပ်နေသည်။ သူနေသည့်ရပ်ကွက်တွင် ပြန်နေရမည်ဖြစ်သည်။ ဆလိုင်းသန်းထွန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက လှုပ်ရှားရ၍ချွေးများစို့ရွှဲနေသည်။ ဆလိုင်းသန်းထွန်းတစ်ယောက်ရေသောက်ပြီး၍ အမောမပြေမီပင် တယ်လီဖုန်းသံမြည်လာသည်။

"ကျောဘုတ်ရပ်ကွက် အခုသွားကြည့်ပြီးပြန်ပြောပေးပါ။ အိမ်တစ်လုံးမြေအိလာလို့တဲ့။ ဘုန်းကြီးကျောင်းနဲ့ နီးတယ်ပြောတယ်။ ကယ်ဆယ်တာ၊ နေရာချထားပေးတာလုပ်ပေးပါ"

"ဟုတ်"

ဆလိုင်းသန်းထွန်းနှင့်အဖွဲ့က မြေအိသည့်နေရာသို့ ပြန်လည်ထွက်ခွာသွားကြပေပြီ။

လွန်ထန်ဖွေးနှင့်ထန်းကီးတို့ညီအစ်ကို နှစ်ယောက်မှာ ဘေးဒုက္ခရောက်သူများကို နေ့ညမပြတ်မနက်ဖြန်များစွာ တက်ကြွစွာ ထမ်းဆောင်နေသော မီးသတ်တပ်ဖွဲ့ဝင်များ၊ ပါဝင်ဆောင်ရွက်နေသူများကို စာနာလေးစားသနားမိနေသည်။ ဘယ်နေ့မှပြီးမည်ဆိုသည်ကို သူမတွေးတတ်။

သဲတစ်ပွင့်မှသည် သဲသောင်ကြီးသို့၊ ရေတစ်စက်မှသည် သမုဒ္ဒရာကြီးဆီသို့ စုပေါင်းအားသည် ဘယ်အရာမဆို အောင်မြင်ကျော်လွှားနိုင်သည်ကို ဆလိုင်းသန်းထွန်းတို့လုပ်ရပ်က အခိုင်အမာ သက်သေပြနေသည်။

လောကကြီးကိုအလှဆင်ရန်၊ သဘာဝအလှအပများပြည့်စုံရန်လိုသကဲ့သို့လူ့အဖွဲ့အစည်းတွင်လည်း ပရဟိတလုပ်သော အကျိုးဆောင်သည့် လူငယ်များ၊ လူမှုရေးအဖွဲ့အစည်းများလိုအပ်သည်။ ဆလိုင်းသန်းထွန်းတို့ မီးသတ်တပ်ဖွဲ့ဝင်များကား စေတနာလုပ်အားများဖြင့် လောကကို အလှဆင်သူများထဲတွင် ပါဝင်ပေသည်။

သဘာဝဘေးများ ဆောင်ကြဉ်းပေးတတ်သော ရုန်းတောင်ကား မီးသတ်ဆရာလေး ဆလိုင်းသန်းထွန်းတို့အား ဂုဏ်ပြုနေမလား၊ စိန်ခေါ်မှုများပေးနေအုံးမလားမသိ။ ပဟေဠိပုစ္ဆာတစ်ပုဒ်နှယ် မာယာလျှို့ဝှက် များစွာဖြင့် ဟားခါးမြို့ကို စီးမိုးငုံ့ကြည့်နေပေသည်။

## လမ်းလျှောက်ထွက်ကြစို့

- မြူနှင်းမှုန်သက် ဆောင်းနံနက်ဝယ်
  ချီတက်လျှောက်လှမ်း မမောပန်းဘဲ
  ရွှင်လန်းတက်ကြွ အပြုံးလှဖြင့်
  တွေ့ကြသူငါ ရင်းနှီးစွာပင်
  ကျန်းမာရေးတွက် လမ်းလျှောက်ထွက်။

- ပျော်ရွှင်ဝင့်ကြွား သမီးသားနှင့်
  နီးထားဖော်မွန် အားသွန်ခွန်စိုက်
  မောဟိုက်ခဏ အပန်းဖြေကြသည်
  မြင်ရတွေ့ရ ကြည်နူးရ၍
  ဘဝအတွက် ခွန်အားတက်ကာ
  အသက်အရွယ် ကြီးရင့်ကြွယ်လည်း
  အားငယ်မဆွေး အတွေးလှလျက်
  ဘဝရေးတွက် လမ်းလျှောက်ထွက်။

- စေတီဘုရား မြင်ရငြားဝယ်
  တရားမပျက် ဝတ်တက်ဖူးမြော်
  ဦးတော်လက်တင် ခဏဝင်သည်
  နေ့စဉ်ကုသိုလ် သဒ္ဓါပိုလျက်
  လူအိုင့်ါမှာ မွန်မြတ်ရာကား
  မေတ္တာပေးဝေ မပျက်စေဘဲ
  ဤမြေကမ္ဘာ ငြိမ်းချမ်းပါ၍
  သတ္တာသဗ္ဗေ ချမ်းမြေ့စေအောင်
  မသွေကောင်းမှု ဆုတောင်းပြုရင်း
  ကုသိုလ်လည်းဆက် လမ်းလျှောက်ထွက်။

- သွေးလေညီမျှ ကျန်းမာကြကာ
  ဘဝသက်တာ သက်ရှည်ကြဖို့
  ညဥ့်လွှာလွတ်ကင်း အရုဏ်ခင်းဝယ်
  အပျင်းမဖက် နံနက်တိုင်းတွင်
  လတ်ဆတ်သိုင်းခြုံ မြူနှင်းမှုန်ထဲ
  ချမ်းတုန်ခိုက်ခိုက် မောပန်းဟိုက်လည်း
  အင်တိုက်အားတိုက် လမ်းလျှောက်လိုက်မှ
  ချမ်းခိုက်လည်းဝေး ခန္ဓာနွေးမည်
  ချွေးရွှဲစိုလျက် လမ်းလျှောက်ထွက်။
  ကျန်းမာရေးတွက် လမ်းလျှောက်ထွက်။ ။

**ကိုရွှေတောသား(ဆင်ကူး)**


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

á **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

á မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# ပညာအလင်းရောင်

**ဗညားကျန်းထော**

**ခားတောင်ကိုကျော်၍ မီးပင်လယ်ကိုဖြတ်မည်။**
**မြသန်းတင့်(၁၉၂၉-၁၉၉၈)**

**နိဒါန်း**

ဟောပြောခြင်းအကြောင်းကို ရေးချင်စိတ်ပေါ်လာပြန်သည်။ ဟောပြောခြင်းနှင့်ပတ်သက်၍ ဆောင်းပါးများအတော်စုံလင်အောင် ရေးခဲ့ဖူးပါပြီ။ ပရိသတ်အမျိုးမျိုးအကြောင်း၊ ဟောပြောချက်အမျိုးမျိုးအကြောင်း၊ ဟောပြောသူမှာ ပြည့်စုံရမည့်ရှိအပ်သည့်အခြင်းအရာများ၊ ဟောပြောမှုထိရောက်စေမည့် အနုပညာ၊ အတတ်ပညာနှင့်သဘောတရားများ၊ မဟောပြောမီကပင် ကြိုတင်ပြင်ဆင်ရမည့်အရာများ စသည်ဖြင့်ဆောင်းပါးအရေအတွက် ငါးဆယ်ကျော်ခန့်ရှိခဲ့ပေပြီ။ ပညာအလင်းရောင်ထွန်းညှိမျှဝေပေးရာတွင် ဟောပြောခြင်းသည်လည်း မီးပြတိုက်တစ်ခုပမာ အရေးပါသည်ဟု ခံယူပါသည်။ အလေးထားပါသည်။

မသိခြင်း၊ မမြင်ခြင်း၊ အမှောင်ဖုံးလွှမ်းခံနေရခြင်းများကို ဖြတ်သန်းလျက် သိမြင်ခြင်း၊ အသိပညာ၊ အတတ်ပညာတို့အား ဘဝတစ်လျှောက်လုံးလေ့လာသင်ယူနေကြရမည်ဖြစ်သည်ကို မိမိ ပို၍ပို၍ ထင်ရှားစွာသဘောပေါက်လာသလို သူတစ်ပါးလည်း နားလည်စေချင်ပေသည်။

**သာဓက**

မကြာသေးမီက ဖြစ်ရပ်မှန်တစ်ခုကို ဤနေရာတွင် သာဓကတစ်ရပ်အဖြစ် ဖော်ပြလိုပါသည်။

အမေရိကန်နိုင်ငံ၊

ကာရိုလိုင်းနားပြည်နယ်တောင်ပိုင်း၊

မြို့တစ်မြို့၏ကောလိပ်ကျောင်းတစ်ကျောင်းမှာ ဟောပြောမည့်သူ ဧည့်သည်တစ်ယောက်ရောက်ရှိလာပါသည်။ ဟောပြောခန်းမကြီးထဲမှာ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ အသင့်နေရာယူထားပြီးဖြစ်ပေသည်။ ကောလိပ်ကျောင်းအုပ်ဆရာမကြီးက ဧည့်သည်အမျိုးသမီးတစ်ဦးကို ကြိုဆိုခေါ်ဆောင်ကာ ခန်းမရှေ့ပိုင်းနေရာသို့ ရောက်ရှိလာသည်။ အားလုံးနေရာတကျထိုင်နေကြပြီးနောက် စင်ပေါ်မှ အခမ်းအနားမှူးဆရာမတစ်ဦးက ကျောင်းသူ၊ ကျောင်းသားများကို ယနေ့ဟောပြောမည့်ဧည့်သည် ရောက်ရှိလာပြီဖြစ်၍ တက်ရောက်ဟောပြောပါလိမ့်မည်။ စင်မြင့်ပေါ်သို့ ကြွပါဟု ဖိတ်ခေါ်လိုက်သည်။

ဟောပြောမည့်အမျိုးသမီးသည် အသက်မကြီးလှသေးပေ။ ငယ်ငယ်ရွယ်ရွယ်လေးလည်းမဟုတ်ပေ။ အသက် ၄၀ ဝန်းကျင်ရှိမည့် လူမည်းအမျိုးသမီးတစ်ဦးဖြစ်သည်။ အသားမည်းမည်း၊ ဆံပင်ကောက်ကောက် မျက်လုံးကျယ်ကျယ်၊ နှုတ်ခမ်းထူထူ၊ မပိန်မဝ၊ အရပ်ပုလည်းမပု၊ ရှည်လည်းမရှည်။ သပ်ရပ်သော အဝတ်အစားဝတ်ဆင်ထားသည်။

**ဟောပြောသူ**

စင်ပေါ်သို့ သွက်သွက်လက်လက်တက်လာပြီး နေရာယူသည်။ သူက ဖော်ရွေပြုံးရွှင်သော မျက်နှာအမူအရာမရှိ။ ခပ်တည်တည်နှင့်ပရိသတ်ကိုကြည့်သည်။ ပရိသတ်ကလည်း ခပ်စိမ်းစိမ်းပင် သူ့ကိုကြည့်နေကြသည်။ အခမ်းအနားမှူးကလည်း သူဘယ်သူဘယ်ဝါဟု ထုတ်ဖော်မိတ်ဆက်အသိပေးခြင်းမရှိ။ အစဉ်အလာသဘော ဟောပြောချက်မပြောမီ ဟောပြောမည့်သူ၏ ကိုယ်ရေးအကျဉ်းကလေးဖြစ်စေ မိတ်ဆက်ပေးလေ့ရှိကြသည်။ ဂုဏ်သရေရှိ ထင်ရှားကျော်ကြားသူပုဂ္ဂိုလ်မျိုးဆိုလျှင် သူ့ဂုဏ်ပုဒ်တွေ၊ ဆုတွေ၊ တံဆိပ်တွေ၊ ဘွဲ့တွေ ဖတ်ပြနေရသည်ကပင် ရှည်လျားထွေပြား ပေများနေတတ်သေး၏။ ပရိသတ်ကလည်း လက်ခုပ်လက်ဝါးတီးကာ လှိုက်လှဲစွာ ကြိုဆိုဂုဏ်ပြုနှုတ်ဆက်လေ့ရှိ၏။ သူကတော့ တုံးတိတိနေရာယူပြီး ခပ်တည်တည်နှင့်ပင်။

သူသည် ရုပ်ရည်ချောမောသူဟုမပြောနိုင်ပါသော်လည်း အရုပ်ဆိုးအကျည်းတန်သူမျိုးလည်း မဟုတ်ပေ။ အရွယ်ကလည်း အသက် ၄၀ ဝန်းကျင်မို့ နုပျိုဆဲအနေအထား။ တည်ကြည်ခံ့ညားသောအသွင်လက္ခဏာတော့ အပြည့်အဝရှိသည်။ မိမိကိုယ်ကို ယုံကြည်မှုရှိပုံရသည်။

"ဆရာ၊ ဆရာမများ၊ ဧည့်ပရိသတ်များနဲ့ ကောလိပ်ကျောင်းသူ၊ ကျောင်းသားများ၊ မင်္ဂလာနံနက်ခင်းပါရှင်"

အသံက ချိုသည်။ လုံသည်။ ဝေဝေစည်စည်၊ ပီပီသသနှင့် သာယာနာပျော်ဖွယ်ရှိသောအသံဖြစ်သည်။ မျက်နှာထားတည်ရာမှ ပြုံးစစဖြင့် စကားတစ်ခွန်းနှင့် စတင်သည်။ မေးခွန်းဝါကျဖြစ်သည်။

"လူကြီးမင်းတို့ရဲ့ရှေ့မှာ ပြောနေတဲ့သူဟာ ဘယ်သူလဲဆိုတာ သိကြပါသလား"

**ပရိသတ်**

ပရိသတ်က အသံတွေလျှံထွက်လာသည်။ အချင်းချင်းစကားပြောကြ၊ မေးကြ။ သူက ဘယ်သူလဲ၊ သူ့ကိုမသိပါဘူး။ ငါတော့ တစ်ခါမှမမြင်ဖူးဘူးစသဖြင့် အသံတွေသည် တစ်စတစ်စငြိမ်ကျသွားသောအခါ စက္ကန့်အနည်းငယ်စောင့်ပြီးမှ-

"မသိကြတာ၊ ဘယ်သူ့မှာမှ တာဝန်မရှိပါ။ ကျွန်မအကြောင်း ကျွန်မကိုယ်တိုင်ပဲ မိတ်ဆက်ပါမယ်လို့ ပြောထားခဲ့လို့ ကြိုပြီးမပြောတာပါ။ ပြောချင်တဲ့အကြောင်းအရာကတော့ ပညာဆိုတဲ့အလင်းရောင်ဟာ လူတစ်ယောက်ရဲ့ဘဝမှာ အဓိက အရေးအကြီးဆုံးအရာဖြစ်တယ်။ရောက်ရာဘဝ၊ ကျရာနေရာကနေ အခက်အခဲတွေ၊ အတားအဆီးတွေ၊ အမှားအယွင်း၊ အလွဲအချော်တွေကိုရှောင်ကွင်းရင်း ဖြစ်ပေါ်လာတဲ့ ဘဝအခြေအနေမှာ အံဝင်ခွင်ကျ(မိမိကိုယ်ကို ဆုံးမပြုပြင်)ပြောင်းလဲရပါမယ်ဆိုတဲ့အချက်ကို ကိုယ်တွေ့ဘဝသင်ခန်းစာအရ ပြောပြချင်လို့ပါ။

ပရိသတ်အားလုံးသည် ဘယ်သူမှန်းမသိရသည့် မိမိတို့ရှေ့က အမျိုးသမီးတစ်ယောက်ကို စတင်စိတ်ဝင်စားလာကြတော့၏။

**ဘယ်သူလဲ**

"ကျွန်မကို အမေရိကန်နိုင်ငံရဲ့ ချောင်ကျလှတဲ့ ကျေးလက်တောရွာလေးတစ်ရွာမှာ မွေးဖွားလာခဲ့ပါတယ်။ **ကျွန်မရဲ့အမေက ဆွံ့အနားမကြားတဲ့ အမျိုးသမီးတစ်ဦးပါ။** (ပရိသတ်များက ဟာ ဟူသော တစ်ဦးချင်းထံမှ တိုးတိုးလေးပေါ်ထွက်လာသည့်အသံသည် တစ်ပြိုင်နက်အော်လိုက်သကဲ့သို့ ခန်းမတစ်ခုလုံး ဟိန်းထွက်သွားသည်။)

"အဖေက (သူ့စကားအနည်းငယ်ထစ်သကဲ့သို့ရပ်သွားပြီးမှ) အဖေ့အမည်တော့မသိရပါ။ **အဖေနာမည်မပေါ်ဘဲ မွေးခဲ့တဲ့ကလေးမဟာ ကျွန်မပါပဲ။ အဖေခေါ်စရာမရှိခဲ့ပါဘူး။**

ပရိသတ်မှာ ရုတ်တရက်အံ့ဩထိတ်လန့်စွာနှင့် စိတ်ထိခိုက်သွားမိလေသည်။ စာနာသနားစိတ်များဖြစ်ပေါ်လာကြခြင်းကို ငြိမ်သက်တိတ်ဆိတ်လွန်းခြင်းက ဖော်ပြနေတော့သည်။

မိခင်က ဆွံ့အ နားမကြားသူ။

ဖခင်ဆိုတာ ဘယ်သူမှန်းမသိနိုင်ခဲ့သူ။

မိမိဖခင်ဘယ်သူလဲဆိုတာပင် အမည်ကလေးကိုမှ မသိရသူကလေးငယ်လေး(ဖတဆိုးဘဝ) သနားစရာကောင်းလွန်းလှပါတကားဟု ဆက်၍တွေးမိကြပုံရပါ၏။

**ဘဝကြမ်းတမ်း**

တိတ်ဆိတ်ငြိမ်သက်စွာ စိတ်ဝင်စားနေကြသော ပရိသတ်ကို သူကလူမှန်းသိတတ်သည့်အရွယ်မှစ၍ အမေ (ဆွံ့အနားမကြားသူဒုက္ခိတအမျိုးသမီး)နှင့်အတူ တစ်မျှော်တစ်ခေါ်ကျယ်ဝန်းသော ဝါခင်းကြီးများထဲတွင် ဝါကောက်ကြရသည်။ မိုးလင်းမှမိုးချုပ်သည်ထိ ဝါခင်းထဲတွင် တစ်နေကုန်တစ်နေခန်း ဝါကောက်ကြရသည်။ နေပူကျဲကျဲထဲမှာပင် သားအမိနှစ်ယောက်သည် အခြားဝါတောင်သူအလုပ်ကြမ်းသမားများနှင့် မနေမနားလုပ်ခဲ့ရ၏။

နေ့လယ်နေ့ခင်း နေချစ်ချစ်တောက်အောင် ပူလောင်နေလည်း ဝါခင်းထဲတွင်ဝါကောက်နေရသည်ပဲ။ "နေပူခံရလွန်းလို့ အသားမည်းနေသလားမသိပါဘူး"ဟု သူကပြောသည်ကို ဟာသအနေဖြင့် အချို့က ရယ်လိုက်ကြသော်လည်း ပရိသတ်အချို့က သနားစာနာသဖြင့် မရယ်ရက်ဘဲ ငေးကြည့်နေလေသည်။

ဆင်းရဲသား၊ အလုပ်ကြမ်းသမား၊ စာမတတ်ပေမတတ် ကျေးလက်တောရွာမှာ အဖေမရှိဘဲ အမေနှင့် ဆွေမျိုးတွေက သူ့ကို လူဖြစ်အောင်မွေးခဲ့ကြကြောင်း ငယ်စဉ်ဘဝအစပိုင်းကို အမှန်အတိုင်း (ဘယ်သူကမှရိုက်မစစ်ရဘဲ ဝန်ခံဖြောင့်ချက်ပေးကာ ရိုးရှင်းပွင့်လင်းစွာ ပြောပြနေသောအခါ ပရိသတ်မှာ အလွမ်းဇာတ်လမ်းတစ်ပုဒ် ကြည့်ရှုခံစားရသကဲ့သို့ သူ့ကို သနားကရုဏာသက်မိကြ၏။ ထို့နောက် အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်း စသည်တို့ကိုမူ အတန်းစဉ်ထူးချွန်အောင်ကြိုးစားသဖြင့် ကောင်းစွာအောင်မြင်ခဲ့ကြောင်း၊ တက္ကသိုလ်တက်၍ အဆင့်မြင့်ပညာစီးပွားရေးမဟာတန်း၊ ပါရဂူတန်းများလည်း အစိုးရထောက်ပံ့သောပညာသင်စရိတ်ဖြင့် (မိဘကမရှိ၊ ဆင်းရဲသောတောသူတောင်သားဖြစ်သော်လည်း စာတော်ခဲ့သဖြင့်)အခက်အခဲမရှိ သင်ယူခွင့်ရခဲ့ခြင်းများကို ပြောပြလေသည်။ ဘဝတွင် ပညာရေးသည် အရေးကြီးလှ၏။

သူက စာသင်ရသည်ကို ပျော်သည်။

သင်္ချာတွက်ရသည်ကို သဘောကျသည်။

ကဗျာဆိုရသည်ကို နှစ်သက်သည်။

"တိုတိုပြောရရင် ကျွန်မဟာ စာကြိုးစားခဲ့တယ်။ ဆုတွေဘာတွေရတယ်။ ငယ်စဉ်ကတည်းက စာကြည့်တိုက်က စာအုပ်တွေကို အချိန်ရသမျှ ဖတ်ခဲ့ပါတယ်။ စာဖတ်ဝါသနာကြီးတယ်ပြောရမှာပဲ။ စာဖတ်နေရင် အချိန်ကုန်မှန်းမသိဘူး။ သုတစာပေ၊ ရသစာပေ အားလုံးအမျိုးစုံဖတ်ဖြစ်ခဲ့ပါတယ်။။

ပထဝီ၊ သမိုင်း၊ သိပ္ပံ၊ လူမှုရေး စသည်တို့သည် ကျောင်းစာသင်ခန်းတွင် သင်ယူသိမြင်ရသည်ထက် မိမိဘာသာ စာအုပ်မျိုးစုံရှာဖွေဖတ်လေလေ ပိုမိုကျယ်ပြန့်စွာနားလည်သိမြင်ကာ ဗဟုသုတကြွယ်ဝပြီး လူကြီးနေရာ၊ ရာထူးရာခံမြင့်သောနေရာသို့ တာဝန်ပေးခံရ ရောက်ရှိခဲ့ပါကြောင်း ဟောပြောသည်။

**ထိပ်တန်းရာထူး**

တကယ်တော့ သူသည် အသက်လေးဆယ်ကျော်စအရွယ်မျှသာရှိသော်လည်း အမေရိကန်နိုင်ငံ၊ အစိုးရအဖွဲ့၊ ဘဏ္ဍာရေးမှူး(Treasurer)တာဝန်ကို ထမ်းဆောင်နေသူ အဇီတေလာမော်တန်(Azie Taylor Morton)ဖြစ်ပါသည်ဟု သူ့အကြောင်းကိုတင်ပြရင်း ဘဝကို အနိုင်မခံအရှုံးမပေးဘဲ **"ပညာကို အဓိကထား၍ကြိုးစားခဲ့ကြောင်း"** ဟောပြောသွားခဲ့သည်ကို တွေ့ရပေသည်။

**နိဂုံး**

ပညာမဲ့သူ၊ ပညာနိမ့်သူ၊ ပညာနည်းသူအချို့က စာသင်ကျောင်းတွေဖျက်၊ ဆရာ၊ ဆရာမတွေကိုသတ်၊ "ကျောင်းမတက်နဲ့ ကျောင်းထွက်"ဟု အကြမ်းဖက်ခြိမ်းခြောက်နေသူများသည် တိုင်းပြည်နှင့်လူမျိုးကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်သူလား၊ ဖျက်ဆီးနေကြသူတွေလား။ ကြာကြာဝါးလေလေ ခါးမှန်းသိလေ၊ ထင်ရှားပေါ်လွင်ကြပေပြီ။ ပညာ၏တန်ဖိုးကို သိရမည်။

ပညာ သမာ အာဘာ နတ္ထိ။ ပညာနှင့်တူသော အလင်းရောင်သည် မရှိတဲ့။ ပညာအလင်းရောင်ဖြင့် ဘဝကို ပိုမိုတိုးတက်မြင့်မားအောင် စွမ်းဆောင်နိုင်ကြပါစေ။

**❖ ပညာမဲ့သူ၊ ပညာနိမ့်သူ၊ ပညာနည်းသူအချို့က စာသင်ကျောင်းတွေဖျက်၊ ဆရာ၊ ဆရာမတွေကိုသတ်၊ "ကျောင်းမတက်နဲ့ ကျောင်းထွက်"ဟု အကြမ်းဖက်ခြိမ်းခြောက်နေသူများသည် တိုင်းပြည်နှင့်လူမျိုးကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်သူလား၊ ဖျက်ဆီးနေကြသူတွေလား။ ကြာကြာဝါးလေလေ ခါးမှန်းသိလေ၊ ထင်ရှားပေါ်လွင်ကြပေပြီ။ ပညာ၏တန်ဖိုးကို သိရမည်။ ပညာ သမာ အာဘာ နတ္ထိ။ ပညာနှင့်တူသောအလင်းရောင်သည် မရှိတဲ့။ ပညာအလင်းရောင်ဖြင့် ဘဝကို ပိုမိုတိုးတက်မြင့်မားအောင် စွမ်းဆောင်နိုင်ကြပါစေ။ ❖**

## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်၊မမှန် စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# ရေဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၃၁၆၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ရေဦး ဒီဇင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၃၁၆၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ရေဦးမြို့နယ်တွင် ဟင်းသီးဟင်းရွက် ၄၀၄၄ ဧကစိုက်ပျိုးရန် လျာထားပြီး အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၃၁၆၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ရေဦးမြို့နယ်အတွင်း ဟင်းသီးဟင်းရွက် ဧက ၄၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဟင်းသီးဟင်းရွက်စိုက်ပျိုးရာမှာ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာဥ စတဲ့သီးနှံတွေ စိုက်ပျိုးထားပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက် အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင်စိုက်ပျိုးဖို့ နည်းပညာတွေ ပေးနေပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရေဦးမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့် သီးနှံဖြစ်စေရန်၊ တောင်သူများ ဟင်းသီးဟင်းရွက်များကို တိုးချဲ့စိုက်ပျိုးလာရန် အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# မြောင်းမြမြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စပါး ၈၅၁၆၉ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်

**မြောင်းမြ ဒီဇင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စပါး ၈၅၁၆၉ ဧကထိ ရိတ်သိမ်းပြီးစီးပြီးဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စပါး ၁၆၅၇၃၈ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပြီး၊ အဆိုပါ စပါးခင်းများကို အောက်တိုဘာလဒုတိယပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၈၅၁၆၉ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၀၆ ဒသမ ၇၇ တင်းထိထွက်ရှိကြောင်း သိရသည်။

"မြောင်းမြမြို့နယ် ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီမှာ စပါး ၁၆၅၇၃၈ ဧကထိ စိုက်ပျိုးခဲ့ပါတယ်။ လက်ရှိ စိုက်ပျိုးထားတဲ့ မိုးစပါးတွေကို ပြန်လည်ရိတ်သိမ်းနေတာမှာ ဒီနေ့ထိ ၈၅၁၆၉ ဧကပြီးစီးပြီဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လဲ ရိတ်သိမ်းနေပါတယ်။



လက်ရှိ ရိတ်သိမ်းနေတဲ့စပါးတွေ အထွက်နှုန်းနဲ့ အရည်အသွေး ပြည့်မီတာတွေ့ရပါတယ်" ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်နိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# မိတ္ထီလာမြို့နယ် ဆည်ရွာကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မိတ္ထီလာ ဒီဇင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဆည်ရွာကျေးရွာ၌ ကျေးလက် စီးပွားမြင့်မားရေး ရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း (RBF) စီမံကိန်းဆောင်ရွက်နေမှု အခြေအနေများကို ဒီဇင်ဘာ ၇ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထိုက်နှင့် တာဝန်ရှိသူများက ဆည်ရွာကျေးရွာတွင် အစုအဖွဲ့စနစ်ဖြင့် စံပယ်ပန်းအဖွဲ့၊ စကားဝါပန်းအဖွဲ့ များမှ ဒေသန္တရနှင့် နှင်းဆီပန်းအဖွဲ့၊ နေကြာပန်းအဖွဲ့တို့မှ ဒေသဆိတ်များ မွေးမြူထားရှိမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရသည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှန်ကန်စွာ ဖြည့်သွင်းထားမှုရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက RBF အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မွေးမြူထားသည့် ဒေသန္တရနှင့်ဆိတ်များတွင် ကျရောက်တတ်သည့်ရောဂါနှင့်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို လေ့လာ၍ စနစ်တကျ မွေးမြူကြရန် ဆွေးနွေးမှာကြားသည်။

ဆည်ရွာကျေးရွာတွင် အစုအဖွဲ့စနစ်ဖြင့် စုစုပေါင်း အဖွဲ့(၄)ဖွဲ့မှ ဒေသန္တရနှင့် ဆိတ်မွေးမြူခြင်းလုပ်ငန်းကို RBF စီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀၊ အစုအဖွဲ့ထည့်ဝင်ငွေကျပ် သိန်း ၁၀၀၊ စုစုပေါင်းရန်ပုံငွေကျပ် သိန်း ၄၀၀ ဖြင့် စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်လျက်ရှိကြောင်း မိတ္ထီလာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ချိုသန်းညွန့်**

# နတ်တလင်းမြို့နယ် ပေါက်တောကြီးကုန်းကျေးရွာ၌ မြေနီကျောက်စရစ်လမ်းခင်းခြင်းနှင့် ရေသန့်စင်စနစ်တပ်ဆင်မှုလုပ်ငန်းပြီးစီးမှု စစ်ဆေး

**နတ်တလင်း ဒီဇင်ဘာ ၈**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် နတ်တလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပေါက်တောကြီးကုန်းကျေးရွာ၌ မြေနီကျောက်စရစ်လမ်းခင်းခြင်းနှင့် ရေသန့်စင်စနစ် တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဒီဇင်ဘာ ၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်တလင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုး၊ နတ်တလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဟိန်းဇော်နှင့် ဝန်ထမ်းများက ပေါက်တောကြီးကုန်းကျေးရွာ၌ VDP စီမံကိန်းရန်ပုံငွေဖြင့် မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စနစ် တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများ ရေရှည်တည်တံ့စေရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် လမ်းအရှည်ပေ ၂၆၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၆ လက်မရှိ မြေနီကျောက်စရစ် ခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စနစ်တပ်ဆင်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရန်ပုံငွေကျပ် ၁၅ သန်းဖြင့် ဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလတတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် မြေနီကျောက်စရစ်လမ်း ခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စနစ်တပ်ဆင်ခြင်းလုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး၊ သန့်ရှင်းသော သောက်သုံးရေများလည်း ဖူလုံစွာ သုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း နတ်တလင်းခရိုင် နတ်တလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အေးမြတ်**

# လွိုင်လင်မြို့နယ် ကျောက်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**လွိုင်လင် ဒီဇင်ဘာ ၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် လွိုင်လင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျောက်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်း အခမ်းအနားကို ဒီဇင်ဘာ ၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လွိုင်လင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်မင်းထိုက်က ကျောက်စုကျေးရွာရှိ ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်နှင့် တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ ထုတ်ချေးပေးရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာမြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံသို့ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၅၅ သိန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကျောက်စုကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်း ဆောင်ရွက်မည့် စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၅ ဦးကို အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၅၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**

# နိုင်ငံတော်အနာဂတ်အတွက် ပညာရေးကို မြှင့်တင်ကြပါစို့

ကိုယဉ်ချစ်(မန္တလေး)

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို ထိုနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီး၏ တိုးတက်မှုအပေါ် တွက်ချက်ကြသည်။ ထို့ကြောင့် ကဏ္ဍအသီးသီးကို အချိုးညီညီဖွံ့ဖြိုးတိုးတက်စေရန် အလေးပေးဆောင်ရွက်ကြသည်။

ပထမအချက်ဖြစ်သည့် နိုင်ငံရေးကဏ္ဍတည်ငြိမ်အေးချမ်းမှုရှိရန် လိုအပ်သည်။ ယေဘုယျအားဖြင့် တည်ငြိမ်အေးချမ်းသည့်ဒေသများသည် ဖွံ့ဖြိုးတိုးတက်ကြသည်။ တည်ငြိမ်အေးချမ်းမှုအားနည်းသည့်ဒေသများသည် အခြားဒေသများထက် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျ၍ စိတ်ပိုင်းဆိုင်ရာဖိစီးမှုဒဏ်များကိုပါ ခံစားကြရသည်။ ထို့ကြောင့် နိုင်ငံရေးတည်ငြိမ်အေးချမ်းမှုရှိရန် လိုအပ်သည်။

ဒုတိယအချက်ဖြစ်သည့် စီးပွားရေးကဏ္ဍတွင် နိုင်ငံတိုင်း၏ဖွံ့ဖြိုးတိုးတက်မှုကို ပြည်တွင်းထုတ်လုပ်မှု အသားတင်တန်ဖိုး(GDP)ဖြင့် တိုင်းတာတွက်ချက်ကြသည်။ မိမိတို့နိုင်ငံတွင်လည်း GDP တိုးတက်မှသာ စီးပွားရေးခိုင်မာတောင့်တင်း၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

တတိယအချက်ဖြစ်သည့် လူမှုရေးကဏ္ဍသည် ကျယ်ပြန့်နက်ရှိုင်းသည်။ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုကဏ္ဍများ ပါဝင်နေသည်ဟု ဆိုနိုင်သည်။ ထိုကဏ္ဍများတွင် ပညာရေးကဏ္ဍသည် အဓိကကျသည့်အခြေခံအကြောင်းတစ်ရပ်ဖြစ်သည်။ ပညာဆိုသည်မှာ ခွဲခြမ်းသိမြင်နိုင်သောအသိဉာဏ်၊ အတတ်ဟု မြန်မာအဘိဓာန်၌ အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

ပညာအတွက် ကျောင်းနေအရွယ်ကလေးများကို အခြေခံပညာအဆင့်မှစတင်၍ ကျောင်းစာများကို ဦးစွာသင်ကြားပေးကြသည်။ ဆက်လက်၍ ကျောင်းစာတတ်မြောက်မှုတစ်ခုတည်းသာမက ကြားသိမှု၊ မြင်တွေ့မှုနှင့် စာပေဖတ်ရှုလေ့လာမှုများကိုလည်း ဆက်လက်သင်ယူဆည်းပူးကြရသည်။ ကျောင်းစာများသင်ယူပြီးနောက်ပိုင်း လုပ်ငန်းခွင်များသို့ ဝင်ရောက်လုပ်ကိုင်ကြသည့်အခါတွင်လည်း လုပ်ငန်းနှင့်ပတ်သက်သည့်ပညာရပ်များကို ဆက်လက်သင်ယူကြရသည်။

နိုင်ငံတိုင်းတွင် ပညာရေးကဏ္ဍသည် အခြေခံအကျဆုံးဖြစ်၍ ပညာရေးကဏ္ဍရင်းနှီးမြှုပ်နှံမှုများကို အလေးထားကြသည်။ ဖွံ့ဖြိုးတိုးတက်သောနိုင်ငံများတွင် ပညာတတ်များပေါများသကဲ့သို့ ပညာတတ်ပေါများသည့်နိုင်ငံတိုင်းသည် ဖွံ့ဖြိုးတိုးတက်ကြသည်။ ပညာတတ်များပေါများခြင်းသည် မိသားစု၊ အဖွဲ့အစည်းနှင့် နိုင်ငံတော်အဆင့်ထိ ဂုဏ်သိက္ခာကို မြင့်မားစေသည်။ ထို့ကြောင့် ပညာရေးကဏ္ဍကို တိုးတက်မြင့်မားအောင် အလေးထားဆောင်ရွက်ကြရမည်ဖြစ်သည်။

ပညာနှင့်ပတ်သက်၍ အင်းဝခေတ်စာဆိုရှင်မဟာသီလဝံသက ရာဇဝင်ကျော်ကျမ်းထဲတွင် အဓိပ္ပာယ်သတ်မှတ်ခဲ့သည်မှာ "ပညာဟူသော်ကား၊ အကျိုးအကြောင်း၊ အဆိုးအကောင်း၊ အကျိုးအပြစ်၊ တရားခြင်း၊ မတရားခြင်း၊ မှန်ခြင်း၊ မှားခြင်း၊ အကျိုးရှိခြင်း၊ အကျိုးမဲ့ခြင်း စသည်တို့ကို ခွဲခြားနိုင်စွမ်းရှိခြင်းဖြစ်သည်"ဟူ၍ ဖြစ်သည်။

အနာဂတ်နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍမြင့်မားလာစေရန် မဖြစ်မနေပြုလုပ်ကြရမည်။ ပညာရေးရင်းနှီးမြှုပ်နှံမှုများသည် အချိန်၊ ငွေကြေးများစွာကို ရင်းနှီးမြှုပ်နှံရသော်လည်း အခုရေတွင်းတူး၊ အခုရေကြည်သောက်ဆိုသကဲ့သို့ အကျိုးအမြတ်များကို အချိန်တိုကာလအတွင်း၌ ချက်ချင်းပြန်လည်မခံစားရနိုင်ပေ။ ထို့ကြောင့် ပညာရေးရင်းနှီးမြှုပ်နှံမှုများကို ရေတို၊ ရေရှည်စီမံကိန်းများ ချမှတ်ဆောင်ရွက်ရသည်။ နိုင်ငံတော်အနာဂတ်အတွက် အခြားကဏ္ဍအသီးသီးကို ရင်းနှီးမြှုပ်နှံမှုပြုသကဲ့သို့ ပညာရေးကဏ္ဍရင်းနှီးမြှုပ်နှံမှုများကိုလည်း မဖြစ်မနေဆောင်ရွက်သွားရမည်သာဖြစ်သည်။

လူတို့၏အနာဂတ် တိုးတက်မှု၊ ဆုတ်ယုတ်မှု၊ အကောင်း၊ အဆိုးများသည် ပညာတတ်မြောက်မှုနှင့် ဆက်စပ်နေသည်။ ထို့ကြောင့် နိုင်ငံတော်၏

**❖ မိဘ၊ ဆရာများသည် မိမိတို့သားသမီး၊ တပည့်များကို ထူးချွန်ထက်မြက်သည့် လူချွန်လူကောင်းများဖြစ်လာစေရန်နှင့် စဉ်ဆက်မပြတ်ပညာသင်ကြားနိုင်ရေးကို ပူးပေါင်းဆောင်ရွက်ပေးကြရန် လိုအပ်သည်။ ပညာဖြင့်သာ လူငယ်များ၏အနာဂတ်ကို သာယာလှပအောင်ဖန်တီးပေးနိုင်သည်ဆိုသည့်အသိဖြင့် ပညာရေးကို အားပေးကြရမည်။ လူငယ်များအနေဖြင့်လည်း ပညာမတတ်ပါက၊ ပညာနည်းပါက သူတစ်ပါး၏အခိုင်းအစေဘဝဖြင့်သာ နေကြရမည်ဖြစ်၍ ပညာတတ်များဖြစ်အောင် ပညာကို ကြိုးစားသင်ယူကြရမည်။ ❖**

အနာဂတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုးဆက်သစ်လူငယ်များကို အသိပညာရှင်၊ အတတ်ပညာရှင်များ ဖြစ်လာစေရန် ပညာရေးကဏ္ဍတိုးတက်မြင့်မားရေး လုပ်ငန်းစဉ်များကို ဦးစားပေးဆောင်ရွက်နေကြရမည်ဖြစ်သည်။

ပညာဆိုရာတွင် အသိပညာနှင့်အတတ်ပညာဟု တွေ့ရသည်။ အသိပညာသည် ကြားရ၊ မြင်ရ၊ စာပေဖတ်ရှုလေ့လာခြင်းများမှရရှိနိုင်သည်။ အသိပညာသည် ဆင်ခြင်တတ်မှု၊ နားလည်တတ်မှုများကို အခြေခံထားသည့်အတွက် အသိဉာဏ်ဟုလည်း ဆိုကြသည်။ တစ်နည်းအားဖြင့် အသိပညာဆိုသည်မှာ တွေးခေါ်မြော်မြင်တတ်သော၊ ဆင်ခြင်တတ်သောဉာဏ်ဖြစ်သည်။

အတတ်ပညာဆိုသည်မှာ နှုတ်မှုစွမ်းရည်၊ လက်မှုစွမ်းရည်များဖြစ်ကြသည်။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွင် အတတ်ပညာများကိုအခြေခံ၍ လုပ်ကိုင်နေကြရသကဲ့သို့ လုပ်ငန်းနှင့်သက်ဆိုင်သည့် အတတ်ပညာများကို လုပ်ငန်းခွင်တွင် ထပ်မံသင်ယူကြရသည်။

ပညာတတ်ဟုဆိုရာတွင် တချို့သည် အသိပညာထူးချွန်ကြသကဲ့သို့ တချို့က အတတ်ပညာတွင် ထူးချွန်ကြသည်။ လူတိုင်းသည် တတ်မြောက်ထားသည့် အသိပညာ၊ အတတ်ပညာများကို လုပ်ငန်းခွင်၌ အသုံးချလုပ်ကိုင်နေသော်လည်း တစ်ဦးချင်းစီ၏ အရည်အချင်း၊ လုပ်ပုံကိုင်ပုံ၊ လုပ်နည်းလုပ်ဟန်များ မတူညီကြပေ။

ထိုသို့မတူညီမှုများကြောင့် အလုပ်ရလဒ်များ၏ အရည်အသွေး၊ အရည်အချင်းများ ကွဲပြားခြားနားသွားကြသည်။ ထိုသို့ ကွဲပြားခြားနားမှုများကြောင့် ချမ်းသာခြင်း၊ ဆင်းရဲခြင်း ဖြစ်ပေါ်ကြသည်။ ထို့ကြောင့် ပညာသည် လူများကို အဆင့်အတန်း အမျိုးမျိုးခွဲခြားပေးသည့်အရာလည်းဖြစ်သည်။

ပညာကို မိမိ၌ရှိထားပြီးအခြေအနေတွင် ရပ်တန့်၍ မထားသင့်ပေ။ တတ်မြောက်ထားသလောက် ပညာရပ်ဖြင့်သာ ကျေနပ်တင်းတိမ်နေပါက ပြောင်းလဲတိုးတက်နေသည့်အခြေအနေများတွင် နောက်ကျကျန်ရစ်ခဲ့မည်ဖြစ်သည်။ ထို့ကြောင့် ပညာတတ်မြောက်ထားသော်လည်း သင်ယူလေ့လာမှုများကို ဆက်လက်ဆည်းပူးလေ့လာနေကြရမည်။ သင်ယူလေ့လာမှုများကို စာပေဖတ်ရှုလေ့လာခြင်း၊ လုပ်ငန်းခွင်၊ သင်တန်း၊ အလုပ်ရုံဆွေးနွေးပွဲ၊ စကားဝိုင်း၊ ဟောပြောပွဲ၊ စာတမ်းဖတ်ပွဲနှင့် ပတ်ဝန်းကျင်ဆက်ဆံရေးတို့မှ ရရှိနိုင်သည်။

ပညာသင်ကြားခြင်းသည် အတွေ့အကြုံ၊ အတွေးအကြံများကို သိအောင်၊ မြင်အောင်မျှဝေခံယူခြင်းဖြစ်သည်။ ထိုသို့ မျှဝေခံယူခြင်းသည် သင်ယူလေ့လာခြင်းဖြစ်သည်။ သင်ယူလေ့လာခြင်းကြောင့် မသိ၊ မတတ်သေးသည့်ပညာများ တတ်မြောက်လာကြသည်။ ရရှိလာသည့်အသိများကြောင့် အမှန်၊ အမှားကို ခွဲခြားသိမြင်နိုင်သည်။ လုပ်ငန်းခွင်၌ တတ်ထားပြီး အတတ်ပညာများထက် ပို၍ကျွမ်းကျင်လာသည့်အကျိုးများကို ခံစားကြရသည်။

ပညာမတတ်သူ၊ ပညာမဲ့သူ၊ ပညာနည်းသူများသည် အမြင်မှန်ကိုမမြင်၊ အမှန်ကိုမသိ၊ အမှန်နှင့်အမှားကို မခွဲခြားနိုင်ကြပေ။ ကိုယ်ပိုင်တွေးခေါ်စဉ်းစားနိုင်သည့်ပညာမရှိ၍ သူတစ်ပါး၏ နောက်လိုက်ဘဝတွင် ရပ်တည်နေကြသည်။ မိမိတို့နိုင်ငံတွင် ဖြစ်ပေါ်နေသည့် မတည်ငြိမ်မှုများနှင့် အကြမ်းဖက်မှုဖြစ်စဉ်များသည် ပညာရေးအားနည်းသည့် ဒေသများ၌ ပိုမိုဖြစ်ပွားခဲ့သည်။ ပညာတတ်မြောက်မှုအားနည်းခြင်းကြောင့် မပြုလုပ်သင့်သည့်အလုပ်များကို လုပ်ကိုင်ကြသဖြင့် မဖြစ်သင့်သည့်ဖြစ်စဉ်များဖြစ်ခဲ့ကြသည်။ ထို့ကြောင့် နိုင်ငံနှင့်လူမျိုးကို အကျိုးပြုနိုင်စေမည့် ပညာတတ်များပေါများလာအောင် ကြိုးပမ်းကြရပါမည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပညာတတ်များမွေးထုတ်ပေးနိုင်ရန်ရည်ရွယ်၍ ပညာရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ် ၃၀ အမျိုးသားပညာရေးစီမံကိန်းကို ဆက်လက်အကောင်အထည်ဖော်လျက်ရှိသည်။ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေး၊ ကျောင်းသား၊ ကျောင်းသူအားလုံး အနည်းဆုံးအလယ်တန်းအဆင့်(KG+9) ပြီးမြောက်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ အလယ်တန်းအဆင့် ပြီးမြောက်အောင်မြင်ပြီး စိတ်ပါဝင်စားသူများ တက်ရောက်သင်ကြားနိုင်မည့် အခြေခံပညာ(အထက်တန်း)စက်မှုနည်းပညာ၊ စိုက်ပျိုးရေးအတတ်ပညာ၊ မွေးမြူရေးအတတ်ပညာများ သင်ယူနိုင်မည့် ပညာရေးစနစ်ကို သက်ဆိုင်ရာဝန်ကြီးဌာနများက ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အတတ်ပညာသည် အတန်းပညာကို အခြေခံခြင်းဖြစ်သည့်အတွက် အတန်းပညာများမြင့်မားစေရေး၊ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေနိုင်ရေးနှင့် တန်းစဉ်ကူးပြောင်းပညာသင်ယူမှုများတိုးတက်လာစေရန် စီမံဆောင်ရွက်ပေးလျက်ရှိသည်။

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်တွင် "နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး"ဆိုသည့် ဦးတည်ချက်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။ ထို့ပြင် နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ပညာရေးကဏ္ဍတိုးတက်မြင့်မားလာအောင် အားပေးဆောင်ရွက်လျက်ရှိသည်။

မိဘ၊ ဆရာများသည် မိမိတို့သားသမီး၊ တပည့်များကို ထူးချွန်ထက်မြက်သည့် လူချွန်လူကောင်းများဖြစ်လာစေရန်နှင့် စဉ်ဆက်မပြတ်ပညာသင်ကြားနိုင်ရေးကို ပူးပေါင်းဆောင်ရွက်ပေးကြရန်လိုအပ်သည်။ ပညာဖြင့်သာ လူငယ်များ၏အနာဂတ်ကို သာယာလှပအောင်ဖန်တီးပေးနိုင်သည်ဆိုသည့် အသိဖြင့် ပညာရေးကို အားပေးကြရမည်။

လူငယ်များအနေဖြင့်လည်း ပညာမတတ်ပါက၊ ပညာနည်းပါက သူတစ်ပါး၏ အခိုင်းအစေဘဝဖြင့်သာ နေကြရမည်ဖြစ်၍ ပညာတတ်များဖြစ်အောင် ပညာကို ကြိုးစားသင်ယူကြရမည်။ တတ်ထားသလောက်နှင့်ကျေနပ်မနေဘဲ ပညာတတ်၊ ပညာရှင်ကြီးများဖြစ်လာသည်ထိ အားထုတ်ကြိုးစားကြရမည်။ ပညာတတ်မှသာ အမှန်၊ အမှားကို ဝေဖန်ပိုင်းခြားနိုင်၍ ပြဿနာတစ်စုံတစ်ရာကြုံတွေ့ပါကလည်း ကြုံတွေ့လာရသည့်အခက်အခဲများကို မှန်ကန်စွာ အလွယ်တကူဖြေရှင်းနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ပညာသင်ကြားရမည့်အရွယ်တွင် ပညာကို ထူးချွန်ထက်မြက်အောင် ကြိုးစားသင်ယူကြရပါမည်။

နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည့် မျိုးဆက်သစ်လူငယ်များသည် အရေးပါ၍ နိုင်ငံတော်၏အနာဂတ်ကို ဖန်တီးသွားကြရမည့်သူများဖြစ်သည်။ နိုင်ငံတော်၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးကို ပညာတတ်လူငယ်များဖြင့် ဖော်ဆောင်နိုင်ပါက ပိုမိုတိုးတက်အောင်မြင်နိုင်မည်ဖြစ်သည်။ သို့ပါ၍ မိဘ၊ ဆရာ၊ မျိုးဆက်သစ်လူငယ်များသည် နိုင်ငံတော်၏ အနာဂတ်အတွက် အရေးပါသည့် ပညာရေးကဏ္ဍ မြှင့်တင်ရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

**ကိုးကား**

**- နေ့စဉ်ထုတ်သတင်းစာများ။**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊
ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# စက်မှုတော်လှန်ရေးခေတ်ပြောင်းသမိုင်းနှင့် ၂၁ ရာစု စိန်ခေါ်မှုများ

**နီလင်းနွယ်**

လူသားတို့၏ သမိုင်းတစ်လျှောက်တွင် စိုက်ပျိုးရေးနှင့်အခြေချနေထိုင်မှုများမှလွဲ၍ လူနေမှုဘဝနှင့် ကမ္ဘာ့စီးပွားရေးကို အကြီးမားဆုံးပြောင်းလဲစေခဲ့သည့်ဖြစ်စဉ်မှာ စက်မှုတော်လှန်ရေးများပင်ဖြစ်သည်။ စက်မှုတော်လှန်ရေးသည် လူအားနှင့် တိရစ္ဆာန်အားကို အဓိကထား အသုံးပြုခဲ့ရသည့် ခေတ်ကာလမှ စက်ယန္တရားများနှင့် စွမ်းအင်သစ်များကို အသုံးချသည့်ခေတ်ကာလသို့ ပြောင်းလဲစေခဲ့သည်။

**ပထမစက်မှုတော်လှန်ရေး**

စက်ယန္တရားများကို အခြေခံသည့် ပထမစက်မှုတော်လှန်ရေးသည် ၁၈ ရာစုနှောင်းပိုင်း ၁၇၆၀ ပြည့်နှစ်ဝန်းကျင်ခန့်တွင် ဗြိတိန်နိုင်ငံတွင် စတင်ခဲ့ပြီး ၁၈၂၀ မှ ၁၈၄၀ ပြည့်နှစ်ဝန်းကျင်များထိ ကြာမြင့်ခဲ့သည့် သမိုင်းဝင်အပြောင်းအလဲကြီးဖြစ်သည်။ ဤတော်လှန်ရေး၏ အဓိက မောင်းနှင်အားသည် ရေနွေးငွေ့အင်ဂျင်တီထွင်မှုပင်ဖြစ်သည်။ ဂျိမ်းစ်ဝပ် (James Watt) မှ ရေနွေးငွေ့အင်ဂျင်ကို တိုးတက်အောင် ပြုပြင်ခဲ့သည့်အတွက် ကျောက်မီးသွေးကို လောင်စာအဖြစ် အသုံးပြုပြီး စွမ်းအင်များထုတ်လုပ်ပေးနိုင်ခဲ့သည်။ ထို့ကြောင့် ရေအားနှင့်လေအားများ အပေါ်မှီခိုနေရခြင်းမှ လွတ်မြောက်ခဲ့သည်။ ထိုစွမ်းအင်များကို အခြေခံ၍စက်ရုံစနစ်များ စတင်တည်ထောင်ခဲ့ပြီး လူစွမ်းအားဖြင့်ပြုလုပ်သည့် အိမ်တွင်းလုပ်ငန်းများအစား စက်ရုံကြီးများတွင် အမြောက်အမြားထုတ်လုပ်သည့်စနစ်သို့ ကူးပြောင်းခဲ့သည်။ အထူးသဖြင့် ချည်မျှင်နှင့်အထည်အလိပ်လုပ်ငန်းများတွင် Flying Shuttle နှင့် Spinning Jenny ကဲ့သို့သော တီထွင်မှုများသည် ချည်ငင်ခြင်းနှင့် အထည်ရက်လုပ်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ပေးခဲ့သည်။ ဤတော်လှန်ရေးကြောင့် မြို့ပြသို့ပြောင်းရွှေ့နေထိုင်မှုများ တိုးလာခဲ့ပြီး ကုန်ထုတ်လုပ်မှုစွမ်းရည်သည်လည်း အဆပေါင်းများစွာ တိုးတက်လာသည်။ ထို့ကြောင့် ပထမစက်မှုတော်လှန်ရေးသည် လူသားတို့၏ လူနေမှုစနစ်၊ အလုပ်သမားဘဝနှင့်စီးပွားရေးစနစ်များကို ပြောင်းလဲစေခဲ့သည့် ခေတ်သစ်၏အစဖြစ်သည်။

**ဒုတိယစက်မှုတော်လှန်ရေး**

ပထမစက်မှုတော်လှန်ရေး၏ အရှိန်အဟုန် မကျသေးမီ ဒုတိယစက်မှုတော်လှန်ရေးသည် ၁၉ ရာစုနှောင်းပိုင်း (၁၈၇၀ ခုနှစ်ဝန်းကျင်) မှ ၂၀ ရာစု အစောပိုင်း (ပထမကမ္ဘာစစ်ထိ) ကာလအတွင်း ဥရောပ၊ မြောက်အမေရိကနှင့် ဂျပန်နိုင်ငံများထိ ပျံ့နှံ့ပေါ်ပေါက်ခဲ့သည်။ ဒုတိယ စက်မှုတော်လှန်ရေး၏ အဓိကမောင်းနှင်အားမှာ လျှပ်စစ်စွမ်းအားဖြစ်ပြီး နီကိုလာတက်စ်လာ (Nikola Tesla) နှင့် သောမတ်စ်အက်ဒီဆင် (Thomas Edison) တို့၏ တီထွင်မှုများကြောင့် လျှပ်စစ်စွမ်းအားထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှုများဖြစ်ပေါ်လာခဲ့သည်။ လျှပ်စစ်မီးသည် ညဘက်တွင် အလုပ်လုပ်နိုင်ရန် စက်ရုံများအတွက် အလင်းရောင်နှင့် စွမ်းအင်ရင်းမြစ်ကို ပံ့ပိုးပေးခဲ့သည်။ ထို့ပြင် ဟင်နရီဖို့ဒ် (Henry Ford) ၏ မော်တော်ကားထုတ်လုပ်ရေးစက်ရုံများတွင် အသုံးပြုသည့်အလိုအလျောက်တပ်ဆင်ရေးစနစ် (Assembly Line) သည် ကုန်ပစ္စည်းများ၏ ထုတ်လုပ်မှုကုန်ကျစရိတ်ကို သက်သာစေပြီး အများအပြားထုတ်လုပ်နိုင်သည်။ ဤတော်လှန်ရေးသည် ပိုမိုခိုင်ခံ့သော သံမဏိများကို စရိတ်သက်သာစွာဖြင့် ထုတ်လုပ်နိုင်ခဲ့သောကြောင့် ပိုမိုကြီးမားသည့်အဆောက်အအုံများ တည်ဆောက်နိုင်ခဲ့သည်။ ထို့ပြင် ဓာတုဗေဒနယ်ပယ်တွင် ဆေးဝါးများနှင့်ဓာတ်မြေဩဇာကဲ့သို့သော ထုတ်ကုန်အသစ်များလည်းပေါ်ပေါက်ခဲ့သည်။ နောက်ဆုံးတွင် တယ်လီဖုန်း၊ ရေဒီယိုနှင့် ရထားလမ်းများတိုးတက်လာခြင်းကြောင့် ကမ္ဘာကြီးသည် ပိုမိုကျဉ်းမြောင်းလာပြီး ဆက်သွယ်ရေးနှင့် ကုန်သွယ်ရေးလုပ်ငန်းများ တိုးတက်လျင်မြန်လာသည်။ ထို့ကြောင့် ဒုတိယစက်မှုတော်လှန်ရေးသည် စက်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာပြီး အရှိန်အဟုန်ဖြင့် လည်ပတ်နိုင်ခဲ့သည်။

**တတိယစက်မှုတော်လှန်ရေး-ကွန်ပျူတာနှင့် အသိဉာဏ်စွမ်းအား**

ဒုတိယကမ္ဘာစစ်အပြီး ၂၀ ရာစု အလယ်ပိုင်းမှ နှောင်းပိုင်းထိ ကာလသည် တတိယစက်မှုတော်လှန်ရေး သို့မဟုတ် ဒီဂျစ်တယ်တော်လှန်ရေး၏ အစဖြစ်သည်။ ဤတော်လှန်ရေးသည် လျှပ်စစ်စွမ်းအင်မှ အီလက်ထရွန်နစ်ပစ္စည်းများ၊ သတင်းအချက်အလက် နည်းပညာ (IT) နှင့် အလိုအလျောက်စနစ်သို့ ကူးပြောင်းခြင်းစသည့် နည်းပညာများပါဝင်သည်။ ၁၉၄၇ ခုနှစ်တွင် ထရန်စစ္စတာကို (Transistor) ကို တီထွင်နိုင်ခဲ့ခြင်းသည် အီလက်ထရွန်နစ်ပစ္စည်းများကို ပိုမိုသေးငယ်စေပြီး စွမ်းအင်ချွေတာနိုင်ခဲ့သည်။ ထို့ပြင် ပေါင်းစပ်ပတ်လမ်း (IC) နှင့် မိုက်ခရိုပရိုဆက်ဆာ(Microprocessor) များ တီထွင်နိုင်ခဲ့သည်။ အဆိုပါ နည်းပညာများကြောင့် ၁၉၇၀ နှင့် ၁၉၈၀ ပြည့်နှစ်များတွင် ကွန်ပျူတာများ ပေါ်ပေါက်လာခြင်းနှင့်အတူ ဒေတာများကို သိမ်းဆည်းခြင်း၊ စီမံခန့်ခွဲခြင်းနှင့်လဲလှယ်ခြင်းလုပ်ငန်းများသည် တိုးတက်လာခဲ့သည်။ စက်ရုံများတွင် စက်ရုပ်များ၊ ပရိုဂရမ်ဖြင့်ထိန်းချုပ်သည့် စက်ကိရိယာများအသုံးပြုလာခြင်းဖြင့် ကုန်ထုတ်လုပ်မှုကို ပိုမိုတိကျစေပြီး လုပ်သားအင်အားကို သက်သာစေခဲ့သည်။ ၁၉၉၀ ပြည့်နှစ်များတွင် ကမ္ဘာလုံးဆိုင်ရာ (World Wide Web) ပေါ်ပေါက်လာခြင်းနှင့်အတူ အင်တာနက်သည် သတင်းအချက်အလက်များကို တစ်ကမ္ဘာလုံးသို့ ဖြန့်ဝေခြင်းနှင့် ဆက်သွယ်ခြင်းနည်းလမ်းများကို ပြောင်းလဲစေခဲ့သည်။ ထို့ကြောင့် တတိယစက်မှုတော်လှန်ရေးသည် ကမ္ဘာကြီးကို ဒီဂျစ်တယ်နည်းပညာခေတ်သို့ ပြောင်းလဲစေခဲ့ပြီး လူ့အဖွဲ့အစည်းနှင့် စီးပွားရေးအသွင်အပြင်လက္ခဏာများကိုလည်း အခြေခံကျကျပြောင်းလဲစေခဲ့သည်။

**❖ ပထမဆုံးရေနွေးငွေ့အင်ဂျင်မှစတင်ခဲ့သည် စက်မှုတော်လှန်ရေးသည် လူသားတို့၏ ရုပ်ပိုင်းဆိုင်ရာအားထုတ်မှုများမှ လွတ်မြောက်စေခဲ့သည်။ စတုတ္ထစက်မှုတော်လှန်ရေးသည် AI နည်းပညာနှင့် Smart နည်းပညာများကြောင့် လူသားတို့၏ စဉ်းစားတွေးခေါ်မှုဆိုင်ရာအားထုတ်မှုများကို လွှဲပြောင်းရယူရန်ဆောင်ရွက်လာကြသည်။ စတုတ္ထစက်မှုတော်လှန်ရေးသည် လူသားတို့အတွက် အဆုံးမရှိသည့် အခွင့်အလမ်းများနှင့်စိန်ခေါ်မှုများကို တံခါးဖွင့်ပေးနေသည်။ ❖**

**စတုတ္ထစက်မှုတော်လှန်ရေး (Cyber-Physical System-CPS-ဆိုက်ဘာအရာဝတ္ထုဆိုင်ရာ ပေါင်းစည်းမှု) 4IR ၏အစ**

၂၁ ရာစုအစောပိုင်းကာလမှ စတင်၍ ကမ္ဘာကြီးသည် တော်လှန်ပြောင်းလဲမှု အသစ်တစ်ခု၏အစသို့ ရောက်ရှိနေပြီဖြစ်သည်။ ၎င်းကို ကမ္ဘာ့စီးပွားရေးဖိုရမ် (World Economic Forum-WEF) တည်ထောင်သူ ကလော့စ်ရှဝ့် (Klaus Schwab)သည် စတုတ္ထစက်မှုတော်လှန်ရေး (Fourth Industrial Revolution-4IR) ဟု အမည်ပေးခဲ့သည်။ 4IR သည် ဒီဂျစ်တယ်နည်းပညာများကို အခြေခံပြီး လျှင်မြန်မှုနှင့် ကျယ်ပြန့်မှုစနစ်များ ပေါင်းစပ်ပါဝင်မှုတို့ကြောင့် ယခင်ခေတ်နည်းပညာများနှင့်သိသိသာသာ ကွဲပြားခြားနားသည်။ အဓိကအားဖြင့် ကွန်ပျူတာစနစ်များဖြင့် ရုပ်ပိုင်းဆိုင်ရာ အရာဝတ္ထုများကို စောင့်ကြည့်ခြင်း၊ ထိန်းချုပ်ခြင်းဖြင့် အချင်းချင်းဆက်သွယ်ပြောဆိုနိုင်သည့် ဆိုက်ဘာအရာဝတ္ထုစနစ်များ (Cyber-Physical Systems-CPS) ပေါ်ပေါက်လာခြင်းဖြစ်သည်။ အထူးသဖြင့် Industry 4.0 ဟုခေါ်သည့် စက်မှုလုပ်ငန်းသည် ဆိုက်ဘာအရာဝတ္ထုစနစ်များကို အသုံးပြု၍ စက်ရုံများကို Smart Factories အဖြစ်ပြောင်းလဲပြီး ကုန်ထုတ်လုပ်မှု စွမ်းအားကို မြှင့်တင်သည့်4IR ၏ အဓိကသက်ရောက်မှု နယ်ပယ်တစ်ခုဖြစ်သည်။ Industry 4.0 ဟူသည့် စကားလုံးကို ၂၀၁၁ ခုနှစ်တွင် ဂျာမနီနိုင်ငံမှ စတင်အသုံးပြုခဲ့ပြီး ၂၀၁၆ ခုနှစ် ကမ္ဘာ့စီးပွားရေးဖိုရမ်တွင် ဆိုက်ဘာအရာဝတ္ထုစနစ်များကို အခြေခံသည့်စက်မှုနည်းပညာများကို စတုတ္ထစက်မှုတော်လှန်ရေးအဖြစ် တစ်ကမ္ဘာလုံးစတင်သုံးစွဲခဲ့သည်။

**Smart စက်ရုံများမှသည် Smart စီးပွားရေးဆီသို့ - 4IR ၏ သက်ရောက်မှု**

စတုတ္ထစက်မှုတော်လှန်ရေးသည် ကမ္ဘာ့လုပ်ငန်းနယ်ပယ်နှင့်လူနေမှုပုံစံများအပေါ် အပြင်းအထန်သက်ရောက်မှုရှိနေသည်။ အထူးသဖြင့် ကုန်ထုတ်လုပ်ငန်းနယ်ပယ်တွင် Smart Factory များသည် စက်၊ ထုတ်ကုန်၊ လူသားတို့နှင့် ချိတ်ဆက်ထားသည့် IoT စနစ်ဖြင့် အလုပ်လုပ်သည်။ ထိုစနစ်များသည် ပျက်စီးမှုများကို ကြိုတင်ခန့်မှန်းနိုင်ပြီး ထုတ်လုပ်မှုလိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ ထိန်းညှိဆောင်ရွက်နိုင်သည်။ ဤနည်းပညာသည် စီးပွားရေးစနစ်ကို ပြောင်းလဲစေပြီး ကုန်ထုတ်လုပ်မှုစွမ်းအားကို အဆပေါင်းများစွာ မြှင့်တင်ပေးလျက်ရှိသည်။

**စီးပွားရေးနှင့်အလုပ်အကိုင်များအပေါ်သက်ရောက်မှု**

စတုတ္ထစက်မှုတော်လှန်ရေးသည် စီးပွားရေးနှင့် အလုပ်အကိုင်နယ်ပယ်နှင့် အခွင့်အလမ်းများကို အခြေခံကျကျ ပြောင်းလဲစေခဲ့သည်။ စက်ရုပ်များနှင့် AI နည်းပညာများသည် ထပ်တလဲလဲ လုပ်ဆောင်ရသည့်အလုပ်များကို လွှဲပြောင်းယူလိုက်ခြင်းကြောင့် လုပ်ငန်းပုံစံပြောင်းလဲခြင်းများ ဖြစ်ပေါ်လာသည်။ ထို့ကြောင့် လူသားများသည် ပိုမိုတီထွင်ဖန်တီးမှုရှိသည့် စီမံခန့်ခွဲမှုပိုင်းဆိုင်ရာနှင့် အချက်အလက်ခွဲခြမ်းစိတ်ဖြာမှုဆိုင်ရာ လုပ်ငန်းများသို့ ပြောင်းလဲလုပ်ဆောင်လာရသည်။ ထိုပြောင်းလဲမှုများကြောင့် လက်ရှိအလုပ်သမားများ၏ ကျွမ်းကျင်မှုနှင့် လိုအပ်သည့်ကျွမ်းကျင်မှုများကြား ကျွမ်းကျင်မှု ကွာဟချက် ပိုမိုကြီးမားလာသည်။ ထို့ကြောင့် ခေတ်နှင့်အညီ လိုက်လျောညီထွေဖြစ်ရန် တစ်သက်တာလုံး သင်ယူခြင်းသည် မဖြစ်မနေလိုအပ်လာသည်။ ထို့ပြင် Uber နှင့် Airbnb ကဲ့သို့သော ဒီဂျစ်တယ်ပလပ်ဖောင်းများကို အခြေခံသည့် စီးပွားရေးပုံစံသစ်များ ပေါ်ပေါက်လာပြီး သမားရိုးကျစီးပွားရေးလုပ်ငန်းများကို စိန်ခေါ်လာသည်။

**အစိုးရနှင့် အုပ်ချုပ်မှုအပေါ်သက်ရောက်မှု**

စတုတ္ထစက်မှုတော်လှန်ရေးသည် အစိုးရနှင့် အုပ်ချုပ်မှုဆိုင်ရာ နယ်ပယ်ကိုလည်း သိသိသာသာ ပြောင်းလဲစေခဲ့သည်။ Smart Cities စီမံကိန်းများတွင် အာရုံခံကိရိယာ (Sensors) များ၊ IoT (Internet of Things) နှင့်ဒေတာများကို အသုံးပြု၍ သယ်ယူပို့ဆောင်ရေး၊ စွမ်းအင်စီမံခန့်ခွဲမှုနှင့် ဘေးအန္တရာယ်တုံ့ပြန်မှုစနစ်များကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်စေသည်။ သို့ရာတွင် နည်းပညာတိုးတက်လာမှုများကြောင့် ဥပဒေရေးရာ စိန်ခေါ်မှုများကိုလည်း ရင်ဆိုင်လာရသည်။ AI နည်းပညာ၏ ဆုံးဖြတ်ချက်များ၊ နိုင်ငံသားများ၏ ဒေတာလုံခြုံရေး၊ ကိုယ်ရေးကိုယ်တာအချက်အလက်ကာကွယ်ခြင်းနှင့် နည်းပညာအသုံးချမှုဆိုင်ရာ ကျင့်ဝတ်များကို ထိန်းချုပ်နိုင်ရန်အတွက် အစိုးရများသည် လက်ရှိဥပဒေများနှင့် စည်းမျဉ်းများကို ပြန်လည်သုံးသပ်၍ အသစ်ရေးဆွဲရန် ဆောင်ရွက်လာကြသည်။

**စတုတ္ထစက်မှုတော်လှန်ရေး၏ အခွင့်အလမ်းနှင့် စိန်ခေါ်မှုများ**

စတုတ္ထစက်မှုတော်လှန်ရေးသည် ရှေးယခင်စက်မှုတော်လှန်ရေးများကဲ့သို့ပင် လူသားတို့၏ ဘဝကို လုံးဝပြောင်းလဲပစ်မည့် ခေတ်ပြောင်းဖြစ်စဉ်တစ်ခုဖြစ်သည်။ နည်းပညာ၏ အရှိန်အဟုန်ကို မည်သူမျှမလိုက်မီနိုင်လောက်အောင် လျင်မြန်သောကြောင့် အစိုးရများ၊ လုပ်ငန်းရှင်များနှင့် ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် ဤပြောင်းလဲမှုများအတွက် ပြင်ဆင်ထားရန် လိုအပ်သည်။ အဓိက သော့ချက်မှာ ပညာရေးကို ပြန်လည်ပုံဖော်ခြင်းဖြစ်သည်။ ပညာရေးစနစ်များကို စဉ်းစားဝေဖန်နိုင်မှု ( Critical Thinking)၊ တီထွင်ဖန်တီးနိုင်မှု (Creativity)နှင့် စိတ်ခံစားမှုဆိုင်ရာ ဉာဏ်ရည် (Emotional Intelligence) စသည့် AI နည်းပညာများသည် အစားထိုးရန် ခက်ခဲသော လူသားစွမ်းရည်များကို အလေးပေးသင်ကြားရန် လိုအပ်သည်။ နည်းပညာအသုံးပြုရာတွင် စီးပွားရေးအကျိုးအမြတ်များကိုသာမက လူသားတို့၏ တန်ဖိုး၊ လုံခြုံရေးနှင့်ကျင့်ဝတ်ဆိုင်ရာ စံနှုန်းများကိုလည်း ထည့်သွင်းစဉ်းစားရမည့် လူသားဗဟိုပြုနည်းပညာကို ဦးတည်ဆောင်ရွက်ရမည်ဖြစ်သည်။

ပထမဆုံး ရေနွေးငွေ့အင်ဂျင်မှ စတင်ခဲ့သည် စက်မှုတော်လှန်ရေးသည် လူသားတို့၏ ရုပ်ပိုင်းဆိုင်ရာအားထုတ်မှုများမှ လွတ်မြောက်စေခဲ့သည်။ စတုတ္ထစက်မှုတော်လှန်ရေးသည် AI နည်းပညာနှင့် Smart နည်းပညာများကြောင့် လူသားတို့၏ စဉ်းစားတွေးခေါ်မှုဆိုင်ရာ အားထုတ်မှုများကို လွှဲပြောင်းရယူရန် ဆောင်ရွက်လာကြသည်။ စတုတ္ထစက်မှုတော်လှန်ရေးသည် လူသားတို့အတွက် အဆုံးမရှိသည့် အခွင့်အလမ်းများနှင့်စိန်ခေါ်မှုများကို တံခါးဖွင့်ပေးနေသည်။ ဤအပြောင်းအလဲများကို ဖြေရှင်းဆောင်ရွက်နိုင်ရန် ကျွန်ုပ်တို့သည်နည်းပညာများကို ကျွမ်းကျင်စွာ အသုံးပြုရင်းလူသားချင်းစာနာထောက်ထားမှု၊ တရားမျှတမှုတို့ဖြင့် ပေါင်းစပ်ဖန်တီးခြင်းဖြင့် ပိုမိုလှပသည့် အနာဂတ်တစ်ခုကို တည်ဆောက်သွားရမည်ဖြစ်ကြောင်း ရည်ရွယ်တင်ပြလိုက်ရသည်။

**ကိုးကား**

၁။ www.moi.gov.mm
၂။ www.mindonmap.com
၃။ www.commercejournal.com.mm
၄။ www.mdn.gov.mm

# ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၃၀၅၉ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဝက်လက် ဒီဇင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၃၀၅၉ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ကေ ၅၂၃၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ စတင် စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၃၀၅၉ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ ဟင်းသီးဟင်းရွက်ကေ ၅၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ကေ ၃၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်းချဉ်၊ မုန်လာဥစတဲ့သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင် တောင်သူတွေကို နည်းပညာပေးပါတယ်။ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင်၊ စိုက်ပျိုးဖို့နည်းပညာတွေပေးနေပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့် ညီညွတ်သည့် သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်း၊ တောင်သူများဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်အတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်း စိုက်ပျိုးကြရမည်ဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း လယ်ငါးခူ ပိဿာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး ဒီဇင်ဘာ ၈**


ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း လယ်ငါးခူ ပိဿာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုစုလှိုင်က ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း လယ်ငါးခူပိဿာချိန် ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာလအတွင်း လယ်ငါးခူပိဿာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ လယ်ငါးခူ ၁၀ ပိဿာလျှင် ငွေကျပ် ၁၇၅၀၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

"ပြီးခဲ့တဲ့ နိုဝင်ဘာလအတွင်း ဘိုကလေးမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို လယ်ငါးခူပိဿာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လယ်ငါးခူက ပြည်တွင်းစားသုံးမှုများတဲ့ ငါးထဲမှာ ပါပါတယ်။ လယ်ငါးခူဟာ အသားပေါတဲ့အတွက် ဝယ်ယူစားသုံးသူတွေကလဲ ကြိုက်ပါတယ်။ လက်ရှိမှာ ဝယ်ယူတာ များနေပါတယ်။ ဒီဘက်ကနေ ရန်ကုန်ဈေးကွက်ကို အခြားရေထွက်ကုန်တွေလဲ တင်ပို့ရောင်းချနေပါတယ်"ဟု ဘိုကလေးမြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုစုလှိုင်က ပြောပြသည်။

ဘိုကလေးမြို့နယ်တွင် ဒေသထွက် လယ်ငါးခူးများကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်သို့ပါ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ လယ်ငါးခူများ ဝယ်ယူမှု အားကောင်းလာသည့်အတွက် ရေလုပ်သားများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေနေကြောင်း သိရသည်။ **ကျော်ကျော်လင်း**

**စာပေမြင့်မှ လူမျိုးတင့်မည်**












## CYT အဆင့်မြင့်ချည်မျှင်စက်ရုံမှ ဝန်ထမ်းအလိုရှိသည်

အမျိုးသား - ၂၀ ဦး

အမျိုးသမီး - ၁၃၀ ဦး

- ပညာအရည်အချင်းမလို၊ လုပ်ငန်းအတွေ့အကြုံမလို
- အလုပ်လုပ်ချင်စိတ်ရှိရမည်။
- နယ်မှလာရောက် လျှောက်ထားလိုသူများအတွက် နေထိုင်စားသောက် စီစဉ်ပေးမည်။

၁၃၅ လမ်း၊ ၇၇ x ၇၈ လမ်းကြား စက်မှုဇုန်(၁)၊ မန္တလေးမြို့။

09-949999362

09-671832450


### ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ချမ်းသာကြီးရပ်ကွက်နေ မောင်ငြိမ်းမင်းထွန်း (ဘ) ဦးမော်(၉/မတရ(နိုင်)၁၅၀၈၄၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(MF-915175)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-971729945

### ဖခင်အမည်မှန်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အထက (၃၆)၊ Grade-5(C) တွင် ပညာသင်ကြားနေသော မောင်ကောင်းမြတ်သူ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးမိုး ဖြစ်ပါကြောင်း။ ဦးမိုး(၉/မခန(နိုင်)၂၁၄၀၁၃)

## အဖိုးတန်

## ရေချိုကို

## ချွေတာပါ







# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး လုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme-PFP)ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာန အသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ် ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**



- အတန်းပညာကောင်းမွန်မှသာလျှင် အတတ်ပညာများသင်ယူရာ၌ ပိုမိုလွယ်ကူနိုင်မည်ဖြစ်...
- ပညာရေးကောင်းမွန်အောင်ဆောင်ရွက်ခြင်းသည် နောင်တစ်ချိန်အတွက် ရင်းနှီးမြှုပ်နှံမှုများဖြစ်ပြီး နိုင်ငံ၏ အနာဂတ်အတွက် စိတ်ချရအောင် ပညာရေးကို စနစ်တကျဖြင့် အလေးပေးဆောင်ရွက်သွားကြရမည်ဖြစ်...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် စက်တင်ဘာ ၁၉ ရက်တွင် ပြုလုပ်သော တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

- နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
- နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
- နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံများ ဆက်လက်ဖြိုချဖျက်ဆီး၊ မြဝတီမြို့အနီး၌ တရားမဝင်ပြည်ပနိုင်ငံသား ၂၃၂ ဦး ထပ်မံဖမ်းဆီးရမိ




KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် နှစ်ထပ်လူနေအဆောက်အအုံ မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးစီးမှုမှတ်တမ်းဓာတ်ပုံ။

နေပြည်တော် ဒီဇင်ဘာ ၈

မြန်မာနိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုများ အများဆုံးအခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ် နယ်မြေနှင့် မြဝတီ-မဲ့ထော်သလေး (KK Park)နယ်မြေတို့၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများ အပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် တရားမဝင် အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့်သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင်အဆောက်အအုံများကို စနစ်တကျဖြိုချဖျက်ဆီးခြင်းနှင့် ချိပ်ပိတ်သိမ်းဆည်းခြင်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့ထိ KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ ၃၄၁ လုံးကို စနစ်တကျဖြိုချဖျက်ဆီးခဲ့ပြီး ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့်ပစ္စည်းများကို ထပ်မံ၍ အသုံးပြုနိုင်ခြင်းမရှိစေရန်အတွက်

စာမျက်နှာ ၂၂ ကော်လံ ၁ ☆

# ၃၃ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု(ခ)ပွဲစဉ်တွင် မြန်မာအမျိုးသမီးဘောလုံးအသင်းက မလေးရှားအမျိုးသမီးဘောလုံးအသင်းကို သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိ




နေပြည်တော် ဒီဇင်ဘာ ၈

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၃၃ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု(ခ)ပွဲစဉ်တွင် မြန်မာအသင်းအတွက် ဒုတိယပွဲစဉ်အဖြစ် မြန်မာအမျိုးသမီးဘောလုံးအသင်းနှင့် မလေးရှားအမျိုးသမီးဘောလုံးအသင်းတို့သည် ယနေ့မွန်းလွဲပိုင်းတွင် ထိုင်းနိုင်ငံ ချောင်ဘူရီမြို့ရှိ TNSU Chonburi Stadium (Chonburi)၌ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြရာ မြန်မာအမျိုးသမီး ဘောလုံးအသင်းက မလေးရှားအမျိုးသမီးဘောလုံးအသင်းကို

စာမျက်နှာ ၁၆ ကော်လံ ၁ ❍

နိုင်ငံတော် အနာဂတ်အတွက် ပညာရေးကို မြှင့်တင်ကြပါစို့

ဆောင်းပါး စာမျက်နှာ - ၂၈

မြန်မာ့အီလက်ထရောနစ်မဲပေးစက် (MEVM) များ ထိန်းသိမ်းထားသို ပြင်ဆင်ထားရှိမှုကို ကြည့်ရှုစစ်ဆေး

စာမျက်နှာ - ၁၈

ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက်

သင်္ဘောကျင်းလုပ်ငန်း

ငါး/ပုစွန် မြပြင်အေးခဲထုတ်လုပ်ခြင်း(အအေးခန်းစက်ရုံ)

ငါးမွေးမြူရေးလုပ်ငန်း(မအူပင်)

ငွေပင်လယ်လှိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးလုပ်ငန်း
ISO 9001:2015

နိုင်ငံတကာအရည်အသွေး စံချိန်စံညွှန်းမီစက္ကူဘူးမျိုးစုံကို စိတ်တိုင်းကျမှာယူရရှိနိုင်ပါသည်။

ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE :ngwepinlae.com